# လောကပါလ
# ဥပဒေရေးရာစာစောင်

ISSN 1513-9174

အမှတ်စဉ် (၃၀)၊ ဧပြီလ၊ ၂၀၀၈ ခုနှစ်။



မြန်မာနိုင်ငံရှေ့နေများကောင်စီ

# လောကပါလဥပဒေရေးရာစာစောင်

အမှတ်စဉ် (၃၀) ၂၀၀၈ ခုနှစ်၊ ဧပြီလ

## မြန်မာနိုင်ငံရှေ့နေများကောင်စီ


ထောက်ပံ့သည့်အဖွဲ့အစည်း – Friedrich Naumann Stiftung (FNS)

ထုတ်ဝေဖြန့်ချိ – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**



မူပိုင် – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**



မျက်နှာဖုံးဒီဇိုင်းနှင့်ကွန်ပြူတာစာစီ – ဦးသန်းနိုင်ထွေး

သတ်ပုံသတ်ညွှန်း – ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့



ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။


ဥပဒေ ပညာဖြင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုကို တည်ဆောက်အံ့

# မြန်မာနိုင်ငံရှေ့နေများကောင်စီ

P.O. Box 144, Mae Sot, Tak- 63110, Thailand

E-mail ; blcsan@ksc.th.com, Website; www.blc-burma.org



**အခြေခံဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၃၀) ၂၀၀၈ ခုနှစ်၊ ဧပြီလ**


## မာတိကာ


စာမျက်နှာ

**ဥပဒေရေးရာလေ့လာသုံးသပ်ချက်**

(၁) စစ်ထောက်လှမ်းရေး‌ရှေ့တွင်စစ်ဆေးချက်များကို သက်သေခံအဖြစ် လက်ခံလာခြင်းမှာ တရားစီရင်ရေး လွတ်လပ်မှုကိုဖောက်ဖျက် ကျူးလွန်ရာရောက်ကြောင်း၊ ၃

(၂) အမျိုးသားညီလာခံ၊ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးကို နှောင့်ယှက်ခြင်းမှ ကာကွယ်သည့်ဥပဒေ (၅/၉၆)ကို ဖျက်သိမ်းသင့်ကြောင်း၊ ၁၀

(၃) တည်ဆဲဥပဒေများနှင့်ဆန့်ကျင်ကာ ယာယီသက်သေခံလက်မှတ်ထုတ်ပေးပြီးဆန္ဒမဲပေးခိုင်းရန်စီစဉ်နေသော နအဖ၏လုပ်ဆောင်ချက်အားပြင်းထန်စွာကန့်ကွက်ခြင်း ၁၂

(၄) နအဖ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို နည်းလမ်းတကျ အတည်ပြုထုတ်ပြန်ကြေညာပေးရန် တောင်းဆိုချက်၊ ၁၄

(၅)"ဦးတင်ဌေးနှင့်နိုင်ငံတော်" အမှုအား ပြင်ဆင်မှုလျှောက်ထားချက်အပေါ် ရန်ကုန်တရား ရုံးချုပ်မှပယ် ချခဲ့သည့်အမိန့်အား ဥပဒေကြောင်းအရ သုံးသပ်ခြင်း၊ ၁၆

(၆) ဦးကျော်မင်းနှင့်မိသားစုတို့၏ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာတို့ကို ပယ်ချခဲ့သည့် အထူးအယူခံရုံး၏အမိန့်အား ဥပဒေကြောင်းအရသုံးသပ်ခြင်း၊ ၁၉

(၇) ၁/၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေအပေါ် လေ့လာ သုံးသပ်ချက် ၂၄

**တွေ့ဆုံမေးမြန်းခန်း**

မေလရွေးကောက်ပွဲတွင် ဖွဲ့စည်းပုံဥပဒေမူကြမ်းကို ပြည်သူများအနေဖြင့်ထောက်ခံမယ်၊ မထောက်ခံဘူး ဆိုသည့်အချက်ပေါ် ဗွီအိုအေမှ ဆက်သွယ်မေးမြန်းချက်။ ၂၉

**ဘာသာပြန်ဆိုချက်**

(၆၁)ကြိမ်မြောက်လူ့အခွင့်အရေးကောင်စီ၏ ကုလသမဂ္ဂဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေး ကြေညာစာတမ်းအား ဘာသာပြန်ဆိုချက်၊ ၄၃

**ဆောင်းပါး**

မတူကွဲပြားမှုကြားမှ ညီညွတ်ရေး၊ ဆန္ဒခံယူပွဲနှင့် လူထုအဓိကလူ့အဖွဲ့အစည်း။ ၅၉

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

# " တရားမျှတမှုကို ဖော်ဆောင်ကြပါ "

၁။ တရားစီရင်ရေး၏ အဓိကတာဝန်သည် အမှန်ကို ရှာဖွေဖော်ထုတ်ခြင်းပင်ဖြစ်သည်။ အမှန်ကိုတွေ့ရှိပြီးမှ ဥပဒေနှင့်အညီ မှန်ကန်မျှတစွာ ဆုံးဖြတ်နိုင်သည်။ အမှားပေါ်တွင် အခြေခံ ဆုံးဖြတ်လျှင် တရားမျှတမှု မဖြစ်နိုင်ချေ။ သက်သေခံအချက်အလက်များ၊ အထောက်အထားများ၊ ဟုတ်တိုင်းမှန်ရာ ရရှိရေး၊ အမှန်တရား ဖော်ထုတ်ရေးနှင့် မှန်ကန်သော တရားစီရင်ရေးတာဝန်သည် တရားသူကြီးများ၏ ပင်မ အဓိက တာဝန်ကြီးဖြစ်သည်။ တရားရုံးသည် မှုခင်းများစစ်ဆေးရာတွင် သက်သေခံအချက်အလက် အကြောင်းအရာများကို ပြည့်စုံပိုင်နိုင်စွာ ဖော်ထုတ်ရန် အဓိကအရေးကြီးသည်။ ဖော်ထုတ်ရရှိသော အချက်အလက် သက်သေခံချက်များကို ချိန်ဆပြီး ဥပဒေနှင့် ညှိနှိုင်းဆုံးဖြတ်ခြင်းသည် အမှု၏ အမှား/အမှန်ကို ကွဲကွဲပြားပြား ဖြစ်ပေါ်စေသောကြောင့် သက်သေခံချက်များသည် အရေးပါသော အခန်းကဏ္ဍတွင် တည်ရှိသည်။

၂။ မြန်မာနိုင်ငံတရားစီရင်ရေးလမ်းကြောင်း ပြောင်းလဲသွားပေသည်။ "ဦးရဲနောင် – ပါ (၂)" စီရင်ထုံး မထွက်မီက ရဲ (သို့) စစ်ထောက်လှမ်းရေးထံ ထွက်ဆိုချက်မှာ တရားရုံးတွင် သက်သေခံမဝင်ပေ။ စစ်အစိုးရ၏ အတိုက်အခံအားလုံးကို ထောင်ထဲသို့ လွယ်လွယ်ကူကူ ထည့်လိုသည့် ရည်ရွယ်ချက်ဖြင့် ရဲ (သို့) စစ် ထောက်လှမ်းရေးထံ အစစ်ခံချက်များကို တရားရုံးတွင် သက်သေခံဝင်အောင် စီရင်ထုံးဖွဲ့ ပြဋ္ဌာန်းလိုက်ပေသည်။ ပြဋ္ဌာန်းဥပဒေကို ချိုးဖောက်၍ စစ်အစိုးရအလိုကျ ဘက်လိုက်မှုသက်သက်ဖြင့် ဤစီရင်ထုံးကို ကိုးကားပြီး အတိုက်အခံအားလုံးကို ထောင်ထဲထည့်နေချေပြီ။ ဥပဒေကို တရားသူကြီးကိုယ်တိုင်က ချိုးဖောက်ပြီး တရားဥပဒေစိုးမိုးရေး အခြေခံများကို ဖျက်ဆီးလိုက်ချေပြီ။

***(အောက်ပါ ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်တွင် အတိအလင်းတွေ့ရမည် ဖြစ်ပါသည်။)***

**စစ်ထောက်လှမ်းရေး (သို့မဟုတ်) ရဲ ရှေ့တွင် စစ်ဆေးချက်များကို တရားရုံးများက သက်သေခံအဖြစ် လက်ခံလာခြင်းမှာ တရားစီရင်ရေး လွတ်လပ်မှုကို ဖောက်ဖျက် ကျူးလွန်ရာရောက်ကြောင်း ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်။**

(၁) မြန်မာနိုင်ငံတွင် တရားစီရင်ရေး လွတ်လပ်မှုရှိစေရန် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ (The Union Judiciary Act; Burma Code, Vol.1, p-182) နှင့် ၁၉၅၀ ပြည့်နှစ်၊ တရားရုံးများအက်ဥပဒေ (Burma Code, Vol. 1,p-198) တို့ကို ပြဋ္ဌာန်းထား ရှိခဲ့

သည်။ လွတ်လပ်သော တရားစီရင်ရေးတရပ် အကောင်အထည်ဖော် နိုင်ရန် အခွင့်အလမ်းများ ရှိခဲ့ဖူးသည်။ သို့သော် ၎င်းအက်ဥပဒေ တို့ကို မ–ဆ–လ အစိုးရက ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေအမှတ် (၁၃/၇၄) ဖြင့် (၂၆–၁–၁၉၇၄) နေ့တွင် ရုပ်သိမ်းပစ် ခဲ့သဖြင့် လွတ်လပ်သော တရားစီရင်ရေးမှာ ကွယ်ပျောက်ခဲ့ရသည်။

ယခု န–အ–ဖ စစ်အစိုးရကလည်း ၂၀၀၀ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့တွင် "တရားစီရင်ရေးဥပဒေ" (ဥပဒေ အမှတ်–၅/၂၀၀၀) ကို ထုတ်ပြန်ခဲ့သည်။ ဤဥပဒေ အခန်း (၂) ပုဒ်မ(၂)(က) တွင် "ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ခြင်း ရှိရမည်" ဟု ပြဋ္ဌာန်းထားပါသည်။ သို့သော် သက်ဆိုင်ရာပြဋ္ဌာန်းဥပဒေများနှင့်လည်း မကိုက်ညီ၊ လွတ်လပ်စွာ တရားစီရင်ထားခြင်းလည်း မဟုတ်သော "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဦးရဲနောင်ပါ–၂" စီရင်ထုံးကို ထုံးဖွဲ့ထုတ်ဖော်ပြီး စီရင်ဆုံးဖြတ်လာခြင်းမှာ တရားစီရင်ရေး အခြေခံမှုများကို ချိုးဖောက်ကျူးလွန်လိုက်ခြင်းဖြစ်ပါသည်။ တရားစီရင်ရေးလွတ်လပ်မှုကို အပြင်းထန်ဆုံး တိုက်ခိုက်၊ အန္တရာယ်ပေးလိုက်ခြင်းဖြစ်ပါသည်။

(၂) *"ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးရဲနောင် ပါ –၂" ၁၉၉၁–ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ–၆၃၊ (စုံညီ)*

ဤစီရင်ထုံး၌ – တရားခံများအမှုမှ အပြီးအပြတ် လွတ်ရာတွင် သက်သေခံဥပဒေ ပုဒ်မ (၂၄) ကို အခြေခံ၍ သုံးသပ်ခဲ့ခြင်းဖြစ်သည်။ ယင်းသုံးသပ်ချက်သည် ဥပဒေနှင့် ကိုက်ညီခြင်းမရှိဟု သဘောရရှိကြောင်းနှင့် အဆိုပါသုံးသပ်ချက်ကို ပြန်လည်စိစစ်ရန်အတွက် တရားသူကြီးချုပ် (ဦးအောင်တိုး)က တရားရုံးချုပ် စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်(၁၇) အရ ဆောင်ရွက်ပေးရန် ရှေ့နေချုပ်ရုံးမှ တင်ပြထားသည့်အတွက် ဤအထူးအယူခံမှု ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

ဦးရဲနောင် ပါ (၂) ဦးအား အမှုမှ အပြီးအပြတ်လွတ်စေရန် ချမှတ်ခဲ့သော နေ့စွဲမှာ (၁၃–၁–၁၉၈၉) ရက်နေ့ဖြစ်ပါသည်။

စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေကို ထုတ်ပြန်ချမှတ်သည့်နေ့ရက်မှာ (၁၀–၁၂–၁၉၈၉) ဖြစ်နေပါသည်။

(၁၃) ရက်နေ့ (၁) လပိုင်း ဇန်နဝါရီလ ၁၉၈၉ ခုနှစ် က အပြီးအပြတ်လွတ်ခဲ့သည့် အမှုကို (၁၀) ရက်နေ့ (၁၂) လပိုင်းဒီဇင်ဘာလ ၁၉၈၉ ခုနှစ် မှပြဋ္ဌာန်းလာသည့် လုပ်ထုံးလုပ်နည်းဥပဒေဖြင့် ဖွဲ့စည်းသည့် စုံညီခုံရုံးမှ ချမှတ်ခြင်းမှာ "ဥပဒေသည် နောက်ကြောင်းပြန် အာဏာသက်ရောက်မှု မရှိစေရ၊" ဟူသော တရားစီရင်ရေးအခြေခံမှုကို ချိုးဖောက်လိုက်ခြင်း ဖြစ်ကြောင်း အထင်အရှား တွေ့ရပါသည်။

ဤစီရင်ထုံး၏ ခုနှစ် ဖော်ပြချက်တွင် "၁၉၉၁–ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ–၆၃(စုံညီ)"ဟု အတိအလင်းတွေ့ရှိရပေသည်။ နောက်ကြောင်းပြန် ဥပဒေ အာဏာသက်ရောက်ခြင်းဖြစ်အောင် ပြုလုပ်လိုက်ခြင်းမှာ တရားစီရင်ရေးမှုအားလုံးကို ကျိုးပေါက်သွားအောင် ကျူးလွန်ချိုးဖောက်လိုက်ခြင်းဖြစ်ပါသည်။ တရားစီရင်ရေးလွတ်လပ်မှုတခုလုံး ပျောက်ကွယ်သွားပေသည်။

(၃) ''ဦးရဲနောင် ပါ –၂– စီရင်ထုံး'' ဆုံးဖြတ်ချက်၌ ''တပ်မတော်ထောက်လှမ်းရေးအဖွဲ့ဝင်ရှေ့တွင် ပြစ်မှုကျူးလွန်ကြံပုံများကို ကွင်းဆက်မိမိဖြင့် အစစ်ခံထားကြခြင်းမှာ သက်သေခံအက်ဥပဒေ ပုဒ်မ–၂၄–တွင် ဖော်ပြထားသော သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ပြုလုပ်ကြောင်း ပေါ်လွင်ထင်ရှားခြင်းမရှိသည့်အတွက် ၎င်းတို့က တပ်မတော်ထောက်လှမ်းရေးအဖွဲ့ဝင်ထံတွင် ပေးခဲ့သော စစ်ကြောချက်များကို လက်မခံနိုင်စရာ အကြောင်းမရှိချေ'' ဟု ဆုံးဖြတ်ထားသည်။

''သက်သေခံအက်ဥပဒေ ပုဒ်မ–၂၄–တွင်ပါရှိသော သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်း စသည့်အချက်တို့ကြောင့် တရားခံများက ဝန်ခံထွက်ဆိုရသည်ဆိုလျှင်– ခိုင်လုံသောအထောက်အထားဖြင့် တင်ပြရန်ဖြစ်သော်လည်း၊ တရားခံများအနေဖြင့် ပေါ်လွင်ထင်ရှားအောင် တင်ပြသည်ကို မတွေ့ရကြောင်းနှင့် ဤအထူးအယူခံကို ခွင့်ပြုပြီး၊ အယူခံ တရားခံနှစ်ဦးအား ပြစ်ဒဏ်ပေးသင့်ကြောင်း စစ်အစိုးရရှေ့နေချုပ်ရုံးအတွက် လိုက်ပါသော ဥပ္ဆန်ကြားရေးမှူးက တင်ပြလျှောက်ထားသည်ကို တွေ့ရပါသည်။

အထက်ပါဖော်ပြချက်များဖြင့် တရားခံများကို ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အောက်ပါအတိုင်း ဥပဒေကြောင်းအရ သုံးသပ်ပါသည်။

- အမှုစုံထောက်စစ်ဆေးစဉ်က ပြောဆိုခဲ့သော ထွက်ဆိုချက်များကို အမှုစစ်ဆေးရာ၌ သက်သေခံအဖြစ် အသုံးမပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၆၂) တွင် ပြဋ္ဌာန်းထားသည်ဟု ''ဦးစိန်ထွန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမတ မြန်မာနိုင်ငံတော်'' ၁၉၈၀ ခုနှစ်၊ မ–တ–စ (ဗဟိုတရားရုံး) စာ–၁၃– တွင် ထုံးဖွဲ့ထားပါသည်။
- ရဲအဖွဲ့က ဦးမင်းအား ခေါ်ယူ၍ ခ–လ–ရ (၆၂) သို့အပ်ခဲ့ပြီး၊ တပ်မှ အမိန့်အရ တပ်ကြပ်ကြီးကျော်စိန် က ဦးမင်းအား စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ဦးမင်း၏ အစစ်ခံချက်သည် တရားသူကြီး၏ ရှေ့တွင်ပေးခဲ့သော ဖြောင့်ချက်မဟုတ်ဘဲ၊ ရဲအချုပ်တွင်ရှိနေစဉ်ပေးခဲ့သော အစစ်ခံချက်သာဖြစ်သဖြင့် သက်သေခံဥပဒေ ပုဒ်မ–၂၆–အရ ဦးမင်းအပေါ်တွင် သက်သေခံအဖြစ် အသုံးမပြုနိုင်ပေ။ ဟု ''ဦးမင်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမတ မြန်မာနိုင်ငံတော်'' ၁၉၇၇ ခုနှစ်၊ မ–တ–စ (ဗဟိုတရားရုံး) စာ–၂၂ –တွင် ထုံးဖွဲ့ထားသည်တို့ကို တွေ့ရပါသည်။

(၄) စစ်အစိုးရ ရှေ့နေချုပ်ရုံးက လိုက်ပါသော ဥပ္ဆန်ကြားရေးမှူး (အမှုလိုက်) ၏ အဓိကတင်ပြလျှောက်ထားသော ''သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းကို တရားခံများအနေဖြင့် ပေါ်လွင်ထင်ရှားအောင် တင်ပြသည်ကို မတွေ့ရကြောင်း အချက်ပေါ်တွင် အခြေခံပြီး နောက်ကြောင်းပြန် အပြစ်ဒဏ်ချမှတ်ထားကြောင်း ပေါ်ပေါ်လွင်လွင်ဖော်ပြထားပါသည်။

စစ်ထောက်လှမ်းရေး နှင့်ရဲတို့က သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်း–မပြုကြောင်းကို တရားခံများဘက်က ထွက်ဆိုတင်ပြရမည်ဟု သက်သေခံတင်ပြရန် တာဝန်ရှိသည်ဟု မည်သည့်သက်သေခံဥပဒေကမျှ ဖော်ပြထားခြင်းမရှိပါ။ ရာဇဝတ်မှုများတွင် သက်သေပြရန်တာဝန်မှာ အစဉ်တစိုက် တရားလိုဘက်တွင် ရှိနေကြောင်း သက်သေခံဥပဒေ ပုဒ်မ (၁၀၂) တွင် ပြဆိုထားပေသည်။

- "မောင်ရေး နှင့် မမယ်ထင်" (၁၉၆၂–မ–တ–စ–တရားရုံးချုပ်–၃၀၄)
- ကာမလာဆင်း နှင့် ယူစီပေါလ် (၁၉၇၀– မ–တ–စ–တရားရုံးချုပ်–၁၁၆)
- စီရင်ထုံးများတွင် သက်သေခံဥပဒေ ပုဒ်မ (၁၀၂) အတိုင်း လိုက်နာရမည်ဟု ပြဆို ထုံးဖွဲ့ထားရှိ ပြီးဖြစ်ပါ သည်။

(၅) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေများတွင် ပြဋ္ဌာန်းပါရှိပြီးသား ဖြစ်လျှက်ရှိသောကြောင့် သက်သေခံတင်ပြရန် မလိုအပ်ပါ။ ဥပဒေအရ တင်ပြခြင်းပြုရမည်ဟုလည်း စေခိုင်းခြင်းမပြုနိုင်ပေ။ သက်သေခံဥပ ဒေပုဒ်မ (၄) တွင် "မှန်သည်ဟု မှတ်ယူရခြင်း" **(shall presume)** ဆိုသည်မှာ "မှန်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားလျှင်၊ မမှန်ကြောင်း ထင်ရှားမပြနိုင်သရွေ့ ကာလပတ်လုံး တရားရုံးက မှန်သည်ဟု မှတ်ယူရမည်" ဟု ဖော်ပြထားပါသည်။ ဥပဒေအရ ပြဋ္ဌာန်းထားပြီးသား အချက်များကိုသက်သေခံ တင်ပြရန် မလိုအပ်ပါ။ ဥပဒေအရ ပြဋ္ဌာန်းထားချက်များသည် အမှန်ဖြစ်သည်ဟု မှတ်ယူရမည်သာ ဖြစ်သည်။ စစ်အစိုးရရှေ့နေ ညွှန်ကြားရေးမှူး အမှုလိုက်က လျှောက်ထားသော "ပေါ်လွင်ထင်ရှားအောင် တရားခံများက တင်ပြခဲ့ခြင်းမရှိ" ဆိုသည့် အချက်ကို ဥပဒေအရ ထည့်သွင်းတွက်ချက်စရာအကြောင်း တစုံတရာ ပေါ်ပေါက်ခြင်း လုံးဝမရှိပါ။ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်းတို့ မှုချရှိကြသောကြောင့် ဥပဒေကျင့်ထုံးများဖြင့်ပင် ကာကွယ်ပြဋ္ဌာန်းထားရသည့် ဖော်ပြချက်များရှိပါသည်။

သက်သေခံဥပဒေ ပုဒ်မ(၂၄) မှ ပုဒ်မ(၃၀) ထိ ဖြောင့်ချက်သည် မည်သည့်အခါ သက်သေခံဝင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ သက်သေခံဥပဒေ ပုဒ်မ(၂၆) တွင် ရဲထံတွင် အချုပ်ခံနေရစဉ်အတွင်း တရားခံ၏ဖြောင့်ချက်ကို ၎င်းအပေါ်တွင် သက်သေခံတင်ပြခြင်း မပြုရဟု အတိအလင်းပြဋ္ဌာန်းထားပါသည်။

လက်တွေ့အမှုအခင်းအဖြစ်အပျက်များအရ ရဲအချုပ် သို့မဟုတ် စစ်ထောက်လှမ်းရေး စစ်ကြောရေးစခန်းများတွင် သာမာန်ခြိမ်းခြောက်မှုမျိုးများသာမက အသက်အန္တရာယ်ကိုပင် ဒုက္ခပေးနေသည့် အနေအထားများက နေ့စဉ်ရက်ဆက်ရှိနေပါသည်။ လက်လှမ်းမီရာ အောက်ပါအမှုတချို့ကိုကြည့်လျှင်ပင် တွေ့မြင်နိုင်ပါသည်။

- စစ်ထောက်လှမ်းရေး စစ်ကြောရေးကာလအတွင်း နံရိုး(၇) ချောင်း အပိုင်းပိုင်းကျိုးအောင် ရိုက်သတ်ခံ သေဆုံးသွားသည့် ကိုအောင်လှိုင်ဝင်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း အမှု။
- ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်၊ မြို့လှရဲစခန်းအတွင်း (၁၈–၆–၂၀၀၆) ရက်နေ့ (၁၄း၃၀) နာရီအချိန်တွင် ရှစ်လသားခလေးမိခင် မညိုကြည်(၂၈ နှစ်) အား ညှင်းပန်းနှိပ်စက်သတ်ဖြတ်မှု။
- ရောဝတီတိုင်း၊ မအူပင်မြို့နယ်နေ ကိုမြင့်သိန်း ကို ညှော်စာရင်းစစ်ဆေးရန် ပန်းတနော်ရဲစခန်းက ခေါ်သွားပြီး စခန်းအတွင်း သတ်ဖြတ်မှု– စသဖြင့် အမှုများ အမြောက်အမြားရှိနေသည်ကို ကြည့်ခြင်းအားဖြင့် သာမန်ခြိမ်းခြောက်မှုသာမက သတ်ဖြတ်မှုများပင်ရှိနေသည်ကို လက်တွေ့တွေ့မြင်နေကြပါသည်။

(၆) ရဲအရာရှိများ ပြစ်မှုကို စုံစမ်းဖော်ထုတ်ရာ၌ ဖြတ်လမ်းမလိုက်ရန် ပိတ်ပင်တားမြစ်ခြင်းဖြစ်သကဲ့သို့ ရဲအရာရှိ၊ စစ်ထောက်လှမ်းရေးတို့လက်တွင်း ကျရောက်နေသည့် စွပ်စွဲခံရသူအပေါ် အာဏာအလွဲသုံးစားမပြုနိုင်အောင် ပြဋ္ဌာန်းထားခြင်းများရှိပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ(၁၆၂)(၁) ၌ "ရဲရှေ့ အစစ်ခံချက်ကို သက်သေခံအဖြစ် အသုံးမပြုစေရ" ဟု တားမြစ်ထားချက်ရှိပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ (၃၄၃) တွင်လည်း ထုတ်ဖော်ပြောဆိုခြင်းများကို "သွေးဆောင်ရယူရန် မလျော်သြဇာ မသုံးရ" ဟု ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ထို့အတူ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ(၁၆၄) နှင့် (၃၆၄) တို့အရ တရားသူကြီးက ဖြောင့်ချက်ရေး မှတ်ယူသည့်အခါ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကတိပြုခြင်း ကင်းမဲ့ကြောင်း ခိုင်မာစေရန် တရားခံ၏ အစစ်ခံချက်ကို မည်သို့ရေးမှတ် ယူရမည်ကို ဖော်ပြထားပါသည်။

သက်သေခံဥပဒေ ပုဒ်မ (၂၆) အရ "ရဲအချုပ်တွင် ရှိနေစဉ် တပ်မတော်အရာရှိထံတွင် ဖြောင့်ဆိုဝန်ခံခြင်းဖြင့် အပြစ်မပေးနိုင်" ဟု အောက်ပါစီရင်ထုံးများတွင် ထုံးဖွဲ့ထားပါသည်။

- "မောင်သိန်း နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ" ၁၉၆၆ ခုနှစ်၊ စာ–၁၅၈ ။
- "မောင်မြင့် နှင့် နိုင်ငံတော်" အတွဲ (၂)၊ ရန်ကုန် – ၃၁ ။
- "မောင်ပိန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ" ၁၉၅၃–ခုနှစ်၊မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်ချုပ်) တို့ဖြစ်ပါသည်။

(၇) ရာဇဝတ်ကျင့်ထုံးဥပဒေ ပြဋ္ဌာန်းချက်အရ စုံစမ်းစစ်ဆေးမှုအားလုံးကို ရဲအရာရှိကသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယခုအခါတွင် စုံစမ်းစစ်ဆေးမှုများ ရဲဋ္ဌာနတွင် များသောအားဖြင့် မရှိတော့ဘဲ၊ စစ်ထောက်လှမ်းရေးက ပြုလုပ်နေပေသည်။ စစ်ထောက်လှမ်းရေးမှ စုံစမ်းစစ်ဆေးသမျှ စာရွက်စာတမ်းများကို ရဲဋ္ဌာနသို့ လွှဲအပ်ပေးပို့သည်။ ၎င်းစာရွက်စာတမ်းများကို တရားရုံးများက တရားဝင် စာရွက်စာတမ်းအဖြစ် ဘယ်ခေတ်၊ ဘယ်အခါကမျှ တရားဥပဒေအရ သက်သေခံဝင်ခဲ့ခြင်းမရှိ။ သက်သေခံသွင်း၍ ဆုံးဖြတ် ထုံးဖွဲ့ခဲ့ခြင်းမရှိခဲ့။ စီရင်ထုံးလည်း လုံးဝမရှိခဲ့ပါ။

ယခု "ဦးရဲနောင် ပါ –၂– စီရင်ထုံး" အား သက်သေခံဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ တို့ကို ချိုးဖောက်ပြီး တရားသူကြီးချုပ်ဦးအောင်တိုးက ထုံးဖွဲ့ကာ ပြဋ္ဌာန်းလိုက်ပေသည်။ စစ်အစိုးရ အလိုကျ အာဏာဘက်လိုက်မှုကို ကျူးလွန်လိုက်ခြင်းဖြစ်သည်။ စစ်ထောက်လှမ်းရေး သို့မဟုတ် ရဲ စစ်ဆေးချက်မှာ ပါသမျှ သက်သေခံဝင်သွားအောင် တရားရုံးက လိုက်လုပ်ပေးရတော့မည်။ ဤစီရင်ထုံးကို ကိုးကား၍ပင် အမှုများကို စစ်ဆေးစီရင်နေပေသည်။ တရားခွင်တွင် ရဲစက္ကူ သက်သေခံဝင်သွားပေသည်။ အမှုအခင်း လိုက်ပါဆောင်ရွက်သော ရှေ့နေရှေ့ရပ်များအားလုံးတွင် တရားဥပဒေအရ လိုက်ပါဆောင်ရွက်၍ မရတော့လောက်အောင် လွှတ်လပ်မှုဆုံးရှုံးသွားပေသည်။ တရားခွင်တွင် ဥပဒေအရ တရားမျှတမှု၊ လွှတ်လပ်မှု အားလုံး ပျောက်ကွယ်သွားပေပြီ။ ဤစီရင်ထုံးကို ကိုးကားပြီး ချမှတ်ထားသော အမှုတချို့ကို အောက်ပါအတိုင်း တင်ပြပါသည်။

– ဒု–ရဲအုပ်သန်းဝင်း နှင့် ဇနီမာ ဘိဝံသ (ခ) စိုးသိန်း–ပါ(၂၄)
၈၄/၂၀၀၃–မန္တလေး ခရိုင် တရားရုံး
– ရဲအုပ် မောင်မောင်သန်း နှင့် ခေမာစာရ (ခ) ကျော်ရှိန်း–ပါ(၂၄)
၈၆/၂၀၀၃–မန္တလေး ခရိုင် တရားရုံး
– ဒုရဲမှူး ရဲညွန့် နှင့် ရီရီဝင်း –ပါ (၄)
၇၄/၂၀၀၄–အနောက်ပိုင်း ခရိုင်တရားရုံး (ရန်ကုန်)
– ဒုရဲမှူး လှမြင့် နှင့် ဦးအေးကြူ – ပါ(၅)
၂၃/၂၀၀၀–ရန်ကုန်တိုင်း တွဲဖက် (၄)
– ဒုရဲမှူး ရဲညွန့် နှင့် အောင်ကြီး –ပါ (၃)
၁၃၄၇/၂၀၀၄–အင်းစိန်အကျဉ်းထောင် သီးသန့်တရားရုံး
(အထက်ပါ အမှုများကို အေအေပီပီ မှရရှိပါသည်။)

– အမှုများတွင် ကိုးကားဆုံးဖြတ်ခဲ့သည်။ ပြဋ္ဌာန်းဥပဒေများကို မျက်ကွယ်ပြု၍ မတရားစစ်ဆေးစီရင်ထားသော စီရင်ထုံးကို ကိုးကားကာ ပြစ်ဒဏ်ပေးထားခြင်းများဖြစ်ပါသည်။ သဘာဝတရား မျှတမှုနှင့် တရားစီရင်ရေး အခြေခံမှုများကို တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး အနေဖြင့် အကြွင်းမဲ့ လေးစားလိုက်နာရန် လိုအပ်ပေသည်။ စစ်အစိုးရက စစ်ထောက်လှမ်းရေးရှေ့တွင် ထွက်ဆိုချက်အားလုံးကို သက်သေခံဝင်အောင် စီရင်ထုံးဖွဲ့ပေးပါ အမိန့်ပေးလိုက်၍ ဆုံးဖြတ်လိုက်ရသည့် အဖြစ်မျိုးဆိုလျှင် မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ် သမိုင်းတလျှောက်တွင် အမဲစက်ကြီးထင်သွားပေမည်။ တရားသူကြီးများအနေဖြင့် စစ်ထောက်လှမ်းရေး ကျူးလွန်သမျှ ရဲ ကျူးလွန်သမျှ အမှုတိုင်းတွင် ပူးတွဲတရားခံများ၊ နောက်တိုးတရားခံများအဖြစ် ပါဝင်ကြရပေတော့မည်။ တရားစီရင်ရေး၏ လွတ်လပ်မှုကိုပါ ခြေချုပ်လုပ်ခံရတော့မည်။ စစ်အုပ်ချုပ်ရေးအာဏာဘက်သို့ တဖက်သတ် ဘက်လိုက်မှုကြီးအဖြစ် ဖော်ပြနေသည်။

(၈) ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည် ဘီကျင်းမြို့၌ ကျင်းပပြုလုပ်သော "အာရှ နှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားရုံးချုပ် တရားသူကြီးများ၏ ခြောက်ကြိမ်မြောက် ကွန်ဖရင့်" မှ "လွတ်လပ်သော တရားစီရင်ရေးဆိုင်ရာမူ သဘောထားကြေညာချက်"ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ဤကြေညာချက်တွင် မြန်မာနိုင်ငံမှ တရားသူကြီးချုပ် ဦးအောင်တိုး ကိုယ်တိုင် တက်ရောက်လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါကြေညာချက်အရ "လွတ်လပ်သော တရားစီရင်ရေးဆိုင်ရာတွင် တရားရုံးများသည် တရားစီရင်ရာ၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခြား ဘေးပယောဂများ၊ ခြိမ်းခြောက်မှုများ မပါဝင်ဘဲ၊ အမှုတွင် ပေါ်ပေါက်သော အဖြစ်အပျက် အကြောင်းအရာနှင့် ဥပဒေ ပြဋ္ဌာန်းချက်အရသာလျှင် ဆုံးဖြတ်စီရင်ရမည်" ဖြစ်ပါသည်။ ဘက်လိုက်မှု လုံးဝ ကင်းရှင်းရပေမည်။

ယခုမူ တရားသူကြီးချုပ် ဦးအောင်တိုး ကိုယ်တိုင်က သက်သေခံဥပဒေနှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ တို့ကို ချိုးဖောက်ကာ "ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် ဦးရဲနောင် ပါ–(၂)" စီရင်ထုံးကို ပြဋ္ဌာန်းထုံးဖွဲ့လိုက်ပေသည်။ စစ်ထောက်လှမ်းရေး အစစ်ခံချက်၊ ရဲစက္ကူ ကို သက်သေခံသွင်းလာနိုင်အောင် ဆုံးဖြတ်ပေးလိုက်ခြင်းဖြစ်သည်။ တရားစီရင်ရေး လွတ်လပ်မှု တစ်ခုလုံးကို တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ ဘီကျင်းသဘောတူစာချုပ်ကို **(Frustration of**

**Contract)** ဖောက်ဖျက်ကျူးလွန်ရာရောက်ပေသည်။ ထို့ကြောင့် အာရှ နှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များက တရားသူကြီးချုပ်ဦးအောင်တိုး အား သဘောတူစာချုပ် ဖောက်ဖျက်ကျူးလွန်မှုဖြင့် အရေးယူပေးပါရန် တောင်းဆိုအပ်ပါသည်။ လွတ်လပ်သော တရားစီရင်ရေးစနစ် ပေါ်ပေါက်လာစေရန်အတွက် တရားမျှတမှု ဖော်ဆောင်သူများက ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်၍ နှိုးဆော်အပ်ပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၀၈ ခုနှစ်၊ မတ်လ (၂၅) ရက်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

# နအဖမှ ထုတ်ပြန်ခဲ့သည့် "အမျိုးသားညီလာခံ၊ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ" ဥပဒေအမှတ် (၅/၉၆) ကို ဖျက်သိမ်းသင့်ကြောင်း ဥပဒေရေးရာ သုံးသပ်တင်ပြချက်

၁။ နအဖကျင်းပသော အမျိုးသားညီလာခံအတွင်းတွင် လွတ်လပ်စွာ ဆွေးနွေးခွင့်မရှိခြင်း၊ ညီလာခံတွင် ကိုယ်စားလှယ်များ၏ ဆန္ဒမှန်ကို ဆွေးနွေးတင်ပြရခြင်းထက်၊ ဆင်ဆာအဖွဲ့က စိစစ်ပြီးသား စာတမ်းကိုသာ ဖတ်ပြကာ စာဖတ်ညီလာခံသာဖြစ်နေခြင်း၊ ညီလာခံကိုယ်စားလှယ်များ၏ ၁၈ ရာခိုင်နှုန်းမျှသော ကိုယ်စားလှယ်များမှလွဲ၍ နအဖ မှ ရွေးချယ်သော ကိုယ်စားလှယ်များဖြစ်ခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် (၂၉၊ ၁၁၊ ၁၉၉၅) ရက်နေ့တွင် ညီလာခံတွင် ပါဝင်မှုကို ရပ်ဆိုင်းထားခဲ့သည်။ အမျိုးသားညီလာခံကိုလည်း (၃၁၊ ၃၊ ၁၉၉၆) ရက်နေ့တွင် ရပ်ဆိုင်းခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို (၁၅၊ ၅၊ ၁၉၉၆) ရက်နေ့မှစတင်၍ မြန်မာနိုင်ငံတဝှမ်းလုံးတွင် သက်ဆိုင်ရာမြို့နယ်များ၌ ဖမ်းဆီးခံခဲ့ရသည်။ ထိုစဉ်က စာရင်းအရ ကိုယ်စားလှယ် (၂၃၈) ဦး ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထို့နောက်မှ စစ်အစိုးရသည် သူ၏ အမျိုးသားညီလာခံကို မဖြစ်မနေ ပြန်လည်အသက်သွင်းရန်အတွက် ဥပဒေအမှတ် ၅/၁၉၉၆ ဥပဒေကို ၁၉၉၆ ခုနှစ်၊ ဇွန်လ (၇) ရက်နေ့ တွင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

၂။ စစ်အုပ်စု ကြိုတင်ရေးဆွဲထားသော အသေးစိပ်အခြေခံမူ (၁၀၄) ချက်မှအပ အခြားအချက်အလက်များကို ရေးဆွဲတင်ပြသူများအား အနည်းဆုံး ထောင်ဒဏ် (၅) နှစ်မှ အနှစ် (၂၀) ထိ ကျခံစေနိုင်သော ဥပဒေဖြစ်သည်။ ဥပဒေအမှတ် ( ၅/၉၆) သည် အခြေခံဥပဒေနှင့် ပတ်သက်သော စဉ်းစားချက်၊ တွေးခေါ်ယူဆချက်နှင့် အမြင်ဖလှယ်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းများ မပြုလုပ်နိုင်အောင် တားမြစ်ပိတ်ပင်ထားသော ဥပဒေ ဖြစ်သည်။

ဥပဒေ အမှတ် ( ၅/၉၆) သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၁၉) တွင်ဖော်ပြထားသော "လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်နှင့် ထုတ်ဖော်နိုင်ခွင့်ရှိသည်။ လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်တွင် မိမိထင်မြင်ယူဆချက်များကို ဝင်ရောက်စွက်ဖက်ခံရခြင်းမရှိစေရဘဲ၊ မိမိ၏ ထင်မြင်ယူဆချက်ကို လွတ်လပ်စွာ စွဲကိုင်နိုင်ခွင့်ပါဝင်သည်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်တွင် နယ်နိမိတ် ကန့်သတ်မှုမရှိဘဲ၊ လူထုဆက်သွယ်ရေးနည်းလမ်းများမှတဆင့် **(media)** သတင်းအချက်အလက် အတွေးအမြင်များကို ရှာဖွေခွင့်၊ လက်ခံခွင့်၊ ဖြန့်ဖြူးနိုင်ခွင့်တို့ပါဝင်သည်" ဟု ဖော်ပြထားချက်များကို ဖောက်ဖျက်ကျူးလွန်သည်သာမက နှစ်ရှည်ပြစ်ဒဏ်များချမှတ်ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့ရသည်။

၃။ ဥပဒေအမှတ် (၅/၉၆) ပုဒ်မ ၂ (ဂ) တွင် "အဖွဲ့အစည်း" ၏ အဓိပ္ပါယ်ကို ဖော်ပြထားပြီး မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများပါဝင်သည်ဟု ဖော်ပြထားသည်။ သို့သော် လက်တွေ့တွင် ပါတီအဖွဲ့အစည်းများကို ဖျက်သိမ်းခဲ့သည်။ အနှောင့်အယှက်မျိုးစုံပေးပြီး၊ ရိုက်နှက်၊ ပစ္စည်းသိမ်းခြင်းကိုပါ လုပ်ခဲ့သည်။ အဖွဲ့အစည်းများကို တမင်တကာ ဖျက်သိမ်းရန် ကြံရွယ်ချက်ဖြင့် အစီအစဉ်ရှိရှိ စနစ်တကျ ပြုလုပ်နေသည်။

ဤဥပဒေပုဒ်မ ၃ (ဃ) တွင် တရားဝင်ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ အမျိုးသားညီလာခံ၏ လုပ်ငန်းများကို ရေးဆွဲခြင်း (သို့မဟုတ်) ရေးဆွဲဖြန့်ဝေခြင်းမပြုရဟု ဖော်ပြထားသည့် လုပ်ရပ်သည် အစိုးရတရပ်က ပြည်သူ့အခွင့်အရေးများကို ပေါ်ပေါ်လွင်လွင် ပိတ်ပင်တားမြစ်လိုက်သည့် သာဓကအဖြစ် အထင်အရှား တွေ့မြင်ရပါသည်။

ဤ ဥပဒေပုဒ်မ ၅ (ဂ) တွင် "မတရားအသင်းများ ဥပဒေအရ မတရားအသင်းအဖြစ် ကြေညာနိုင်သည်" ဟု ဖော်ပြထားသည်မှာလည်း လုံးဝ ဆီလျော်မှုမရှိသည့်အပြင် တမင်ခြိမ်းခြောက် ဖိနှိပ်ခြင်းသာဖြစ်ပါသည်။ မတရားအသင်းဥပဒေသည် ယခုအထိ တည်ဆဲဖြစ်နေသေးသည့်အတွက် ဤဥပဒေနှင့်အတူ တပါတည်း ပယ်ဖျက်သင့်ပါသည်။

၄။ (၅/၉၆) ဖြင့် တရားစွဲရုံးတင်ခံနေရသော ပုဂ္ဂိုလ်များအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် (၂၈) တွင် "လူတိုင်းသည် ဤကြေညာစာတမ်းတွင် ဖော်ပြထားသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ဖော်ဆောင်နိုင်သည့် လူမှုရေးဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ခွင့်ရှိသည်" ဟု ဖော်ပြထားချက်အတိုင်း လုပ်ဆောင်ပိုင်ခွင့်ရှိသည်ကို မျက်ကွယ်ပြုကာ လူ့အခွင့်အရေးကို ချိုးဖောက်ခံရခြင်းဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

၅။ တရားဥပဒေစိုးမိုးမှုရှိသည့် လူ့အဖွဲ့အစည်း၊ လူ့ဘောင်သစ်သို့ ဦးတည်သည်ဆိုလျှင် မုချလွတ်လပ်သည့် အဖွဲ့အစည်းများ ထူထောင်ခွင့်၊ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ပိုင်ခွင့်တို့ကို ခွင့်ပြုရမည်ဖြစ်ပါသည်။

ဥပဒေအမှတ် (၅/၉၆) သည် အပြည်ပြည်ဆိုင်ရာလူ့ အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၁၉) နှင့် အပိုဒ် (၂၈) တို့ကို ဖောက်ဖျက်ကျူးလွန်ပြီး ပြည်သူ့အတွက် တရားဥပဒေစိုးမိုးရေး အခြေခံမှုများကို ဖျက်ဆီးပြစ်နေကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ တရားမျှတမှုနှင့် တရားဥပဒေအခြေခံမှုများကို ထောက်ထားပြီး ဥပဒေအမှတ် (၅/၉၆) ကို ချက်ခြင်းပယ်ဖျက်ပေးသင့်ကြောင်း တရားမျှတမှု ဖော်ဆောင်လိုသူများက ဥပဒေကြောင်းအရ သုံးသပ်တင်ပြအပ်ပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့<br>
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၀၈ ခုနှစ်၊ ဧပြီလ (၈) ရက်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O. Box 144 Mae Sod Post Office Tak Province 63110 Thailand Tel. : (66) (055) 542910 Fax : (66) (055) 533766 Email : blcms@cscoms.com
Website : www.blc-burma.org

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် စပ်လျဉ်းသော သုံးသပ်ထုတ်ပြန်ချက် (၁)

# မြန်မာနိုင်ငံ၏ တည်ဆဲ ဥပဒေများနှင့် ဆန့်ကျင်ကာ ယာယီ သက်သေခံလက်မှတ်ထုတ်ပေးပြီး ဆန္ဒမဲပေးခိုင်းရန်စီစဉ်နေသော နအဖ၏ လုပ်ဆောင်ချက်အား ပြင်းထန်စွာကန့်ကွက်ခြင်း

၁။ ဆန္ဒမဲပေးပိုင်ခွင့်သည် နိုင်ငံသားများအတွက် သီးသန့် သတ်မှတ်သော အခွင့်အရေးဖြစ်သည်။ ယင်းကို အများပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် International Covenant on Civil and Political Rights အပုဒ် (၂၅) တွင် အတိအလင်း ဖော်ပြထားသည်။ မြန်မာနိုင်ငံအတွင်းတွင် လာရောက်နေထိုင်လျက်ရှိသော်လည်း အမျိုးအမည်မသိသော ပုဂ္ဂိုလ်များအပေါ် အစိုးရအာဏာပိုင်များက ဥပဒေပြဋ္ဌာန်းချက်မရှိပါဘဲလျက် ထင်သလို လက်မှတ်များထုတ်ပေးကာ မဲပေးခွင့်ပြုနိုင်သည့် အခွင့်အရေးမဟုတ်ပါ။ ၁၉၇၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေတွင်လည်း နိုင်ငံသားများကိုသာ မဲပေးခွင့်ပြုထားခဲ့သည်။

၂။ နိုင်ငံသားနှင့် စပ်လျဉ်း၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၂) အပုဒ် (၁၀) တွင် ဖော်ပြပါရှိသည်။ နိုင်ငံသားများသာ မဲပေးခွင့်ရှိသည့် ပြဋ္ဌာန်းချက်ကို ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၅၅) တွင်ဖော်ပြပါရှိသည်။ နိုင်ငံသားဖြစ်ခြင်းကို မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ ဆုံးဖြတ်ရသည်။ ယင်းဥပဒေ နှင့်အညီ သတ်မှတ်ခြင်းခံရသည့် နိုင်ငံသားများတွင်သာ မဲပေးခွင့် အတိအကျရှိသည်။ ယင်းဥပဒေနှင့်အညီ နိုင်ငံသားဖြစ်သွားကြမည့် ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများကိုပါ မဲပေးပိုင်ခွင့်ရှိသူများစာရင်းတွင် ထည့်သွင်းနိုင်ပါမည်။ သို့ရာတွင် မည်သည့်ဥပဒေနောက်ခံမျှ မရှိပါဘဲလျက် အမျိုးအမည်မသိသူများအား ယာယီ သက်သေခံလက်မှတ်များ ထုတ်ပေးပြီး ထိုသူများကို မဲပေးခွင့်ပြုစေမည်ဆိုသည်မှာ ဥပဒေကို လုံး၀ မျက်ကွယ်ပြုရာရောက်သည်။ ယင်းသို့ မဲပေးခွင့်ပြုမည့် ပြဋ္ဌာန်းချက်ကို နအဖ ၏ ၂၀၀၈ ခုနှစ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ ၁၁ (က) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် အသက် (၁၈) နှစ် ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။

Network for Human Rights Documentation – Burma (ND-Burma) စုဆောင်းထားပြီး နအဖ လူဝင်မှုကြီးကြပ်ရေးဌာနမှ တရားမဝင်ထုတ်ပေးနေသော သက်သေခံလက်မှတ်ကို ပူးတွဲတင်ပြပါသည်။

၄။ ၂၀၀၈ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြန်ပြင်ရန်၊ ဤသို့ တရားမဝင်သည့် လုပ်ရပ် ကို လုပ်ဆောင်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံနိုင်မည့် ပုဂ္ဂိုလ်များအား ယာယီသက်သေခံကဒ်ပြားများ ထုတ်ပေးနေပြီး မဲပေးခိုင်းရန် စီစဉ်နေခြင်းများကို အမြန်ဆုံး ရပ်ဆိုင်းရန် နအဖ အား တောင်းဆိုသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၀၈ ခုနှစ်၊ ဧပြီလ (၄) ။


ယာယီသက်သေခံလက်မှတ်

ဓါတ်ပုံ

အမှတ် ...
အမည် ...
လူမျိုး/ဘာသာ ...
မွေးသက္ကရာဇ် ...
မျက်လုံးအရောင် ...
ထုတ်ပေးသူလက်မှတ်
ဆံပင်အရောင် ...
အမည်
ဖခင်အမည် ...
ရာထူး
လူမျိုး/ဘာသာ ...
ရက်စွဲ

လက်ဗွေ

အရပ် ... သွေးအုပ်စု ...
ထင်ရှားသည့်အမှတ်အသား ...
အလုပ်အကိုင် ...
နေရပ်လိပ်စာ ...
ထိုးမြဲလက်မှတ် ...

မှတ်ချက်
၁။ ပျောက်ဆုံး၊ ပျက်စီးသည့်အခါ သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးသို့ သတင်းပို့ရမည်။
၂။ ဤကတ်ပြားဖြင့် မည်သည့်နိုင်ငံသားဟု သက်သေခံခြင်းအလျဉ်းမဖြစ်စေရ။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O. Box 144 Mae Sod Post Office Tak Province 63110 Thailand Tel. : (66) (055) 542910 Fax : (66) (055) 533766 Email : blcms@cscoms.com
Website : www.blc-burma.org

## နအဖ အနေဖြင့် ၎င်းရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို နည်းလမ်းတကျ အတည်ပြုထုတ်ပြန် ကြေညာပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ တောင်းဆိုချက်

၁။ နအဖ၏ အမျိုးသားညီလာခံမှ ချမှတ်ထားသော ဖွဲ့စည်းပုံမူများအပေါ်တွင် အခြေခံ၍ ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အပေါ် လူထုထံမှ ဆန္ဒသဘောထားခံယူရန် မေလတွင် သတ်မှတ်ထားသဖြင့် အချိန်ကာလအားဖြင့် တလကျော်ခန့်သာ ကျန်ရှိတော့သည်။ သို့ဖြစ်၍ ယခုကဲ့သို့ အလွန်နီးကပ်လာနေသော အချိန်တွင် လူထုအနေဖြင့် ယင်း (မူကြမ်း) အပေါ် အသေးစိပ် လေ့လာခွင့်ရမှသာ ထောက်ခံရန်ဖြစ်စေ၊ ကန့်ကွက်ပယ်ချရန်ဖြစ်စေ၊ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ယင်းအတွက် နအဖသည် ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို အများပြည်သူ လေ့လာခွင့်ရစေရန် အမြန်ဆုံး ဖြန့်ချိဖို့ တာဝန်ရှိသည်။

၂။ ပြီးခဲ့သည့် မတ်လ နောက်ဆုံးပတ်များခန့်က စတင်ကာ နိုင်ငံတော်တံဆိပ် အမှတ်အသားအောက်တွင် ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ဟူသော ခေါင်းစဉ်တပ်ထားသည့် စာတမ်း အမှတ်အသားတခုသည် ပြည်တွင်းပြည်ပတွင် ပျံ့နှံ့လျှက်ရှိသည်။ သို့ရာတွင် ၎င်းစာတမ်းမှာ မည်သည့်အရင်းအမြစ်မှ မည်သို့မည်ပုံ ပေါ်ထွက်လာကြောင်း အတိအကျ သတင်းစုံစမ်း၍ မရပေ။ ပုံစံတကျ အခန်းများခွဲထားခြင်း၊ ဒီဇိုင်းများဖော်ထားခြင်း၊ နိဒါန်းအပါအဝင် တံဆိပ်အမှတ်အသားများ ပြည့်စုံစွာထည့်သွင်းထားခြင်း၊ စာလုံးများကို သေသပ်ကျနစွာ ရိုက်သွင်းထားခြင်း၊ စသည်တို့ကြောင့် အမှန်တကယ် နအဖက ထုတ်ပြန်လိုက် သော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အသွင်သဏ္ဍာန် ဆောင်လျှက်ရှိသည်။

၃။ နအဖ၏ အမျိုးသားညီလာခံမှ ချမှတ်ထားခဲ့ပြီးသော အခြေခံမူများနှင့် ယခု (မူကြမ်း) ဆိုသည်ကို နှိုင်းယှဉ်ကြည့်သောအခါ အရေးကြီးသောအကြောင်းရပ်အချို့၌ ခြားနားချက်အတော်များများတွေ့ရသည်။ တိုင်းပြည်အခြေအနေကို ပို၍ဆိုးဝါးသွားစေမည့် ခြားနားချက်များလည်းဖြစ်နေသည်။ သာဓကအားဖြင့်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟူသော ပြဋ္ဌာန်းချက်မျိုးဖြစ်သည်။ အဆိုပါ (မူကြမ်း) ဆိုသည်ကို ထောက်ပြ၍ အများပြည်သူ စဉ်းစားခွင့်ရစေရန် ဝေဘန်၊ ထောက်ပြမှုများ ပြုမည်ဆိုလျှင် နအဖ က အဆိုပါ (မူကြမ်း) မှာ ၎င်းတို့ တရားဝင်

ထုတ်ပြန်ထားသော (မူကြမ်း) မဟုတ်ကြောင်း ငြင်းဆိုပြီး ဝေဘန်၊ ထောက်ပြသည့် အဖွဲ့ အစည်းများ၊ လူပုဂ္ဂိုလ်များကို အရှုံးလုပ်နိုင်သည်။ (မူကြမ်း) အပေါ် ယခုအချိန်တွင် လူထုအ များက ကြေကြေလည်လည် လေ့လာဆွေးနွေးခွင့်မရဘဲ ဆန္ဒမဲ သွားရောက်ပေးရမည် ဆိုလျှင်လည်း လူထုအတွက် အကျိုးနဲနိုင်သည်။

၄။ သို့ဖြစ်၍ နအဖ ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့ဖွဲ့စည်းပေးထားသော မူကြမ်းရေးဆွဲရေး ကော်မရှင်ကဖြစ်စေ၊ ၎င်းတို့အတည်ပြုလိုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို အမြန်ဆုံး နည်းလမ်းတကျ အတည်ပြုထုတ်ပြန် ကြေညာပေးရန် တောင်းဆိုအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့<br>
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၀၈ ခုနှစ်၊ ဧပြီလ (၁) ရက်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O. Box 144 Mae Sod Post Office Tak Province 63110 Thailand Tel. : (66) (055) 542910 Fax : (66) (055) 533766 Email : blcms@cscoms.com
Website : www.blc-burma.org

## တရားရုံးချုပ်၊ ရန်ကုန်မြို့ ၂၀၀၇ ခုနှစ် ပြစ်မှုပြင်ဆင်မှု အမှတ် ၅၉၁ (ခ)
## "ဦးတင်ငွေးနှင့် နိုင်ငံတော်" အမှုအား ပြင်ဆင်မှုလျှောက်ထားချက်အပေါ်
## တရားရုံးချုပ် ၊ ရန်ကုန်မှ ပယ်ချခဲ့သည့်အမိန့်အား ဥပဒေကြောင်းအရသုံးသပ်ခြင်း
## အမှုဖြစ်စဉ်အကျဉ်း

အမှုမှာ ညောင်ကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ စက်ကြီးလမ်း အမှတ် (၁၇၅)နေ ကိုသန်းထွန်း နေအိမ်သို့ တာဝန်အရဟုဆိုကာ (၂၀၊ ၃၊ ၂၀၀၇) နေ့က ဝင်ရောက်ရှာဖွေခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း မိသားစုဓာတ်ပုံ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံခြားသားတစ်ဦး တွဲလျက်ဓာတ်ပုံနှင့် ဆင်ဆာမဲ့ ဒီဗွီဒီတစ်ချပ် (ဗိုလ်ချုပ်မှူးကြီး၏သမီး မင်္ဂလာဆောင်) တို့ကို သိမ်းဆည်းသွားခဲ့သည်။ နောက်နေ့ (၂၁၊ ၃၊ ၂၀၀၈) နေ့တွင် သန်ထွန်း အိမ်ကို ရှာဖွေရာ ဆင်ဆာမဲ့ မြန်မာ၊ နိုင်ငံခြား ဗွီစီဒီချပ် (၁၁၇) ချပ်။ ဗွီဒီယိုတိတ်ခွေ (၂)ခွေတို့အား ထပ်မံသိမ်း ဆည်းပြီး ကိုသန်းထွန်း အား (၂၂၊ ၃၊ ၂၀၀၇) နံနက် ၈ နာရီခန့်တွင် စခန်းသို့ ထပ်မံခေါ်ဆောင်သွားခဲ့သည်။

၎င်းနေ့ (၂၂၊ ၃၊ ၂၀၀၇) မွန်းတည့် (၁၂) နာရီခန့်တွင် ၅ ရပ်ကွက် ၁ လမ်းနေ ကိုတင်ငွေး နေအိမ်သို့ ညောင်တုန်းရဲစခန်း (ပ) ၁၃၇/၀၇ ဗီဒီယိုအက် ၃၂(ခ)/၃၆ အမှုနှင့်ပတ်သက်၍ ဆက်စပ်ပစ္စည်းများရှာဖွေရန်ဟုဆိုကာ ဒုရဲအုပ် ဇော်မိုးနိုင် နှင့်အဖွဲ့က ဝင်ရောက်ရှာဖွေခဲ့သည်။ ဗွီစီဒီချပ်များအား ကိုတင်ငွေး အိမ်ရှိ ဗွီစီဒီစက်ဖြင့် စစ်ဆေးခဲ့ပါသည်။ ထိုသို့စစ်ဆေးနေစဉ် ကိုတင်ငွေး ကိုင်လိုက်ရာမှ ကျိုးပဲ့သွားသော တရုတ်စာတန်းပါ ဗွီစီဒီ တစ်ချပ်ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်မှလွဲ၍ အခြားမည်သည့် သက်သေခံပစ္စည်းကိုမျှ သိမ်းဆည်းရမိခြင်းမရှိဘဲ ပြန်သွားခဲ့သည်။ ယင်းနေ့ မွန်းလွဲ (၁) နာရီခန့်တွင် ကိုတင်ငွေး အား ရဲစခန်းသို့ ခေါ်သွားခဲ့ပါသည်။

(၂၃၊ ၃၊ ၂၀၀၇) နေ့တွင် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးဆုံးဖြတ်ချက်အရ စခန်းမှူး ရဲအုပ်ကျော်မြသန်း က သန်းထွန်းနှင့် တင်ငွေး တို့၏ လုပ်ဆောင်ချက်များအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၅(ခ) အရ အရေးယူ ပေးပါရန် ညောင်တုန်းမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားရာမှ ပြစ်မှုကြီး အမှတ် ၃၁၉/၂၀၀၇ ဖြင့် ပေါ်ပေါက်ခဲ့သည့်အမှုဖြစ်သည်။

(၂၅၊ ၃၊ ၂၀၀၇) နေ့တွင် ညောင်တုန်းမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (ခ) အရ အလုပ်နှင့် ထောင်ဒဏ် (၂) နှစ် တိတိစီ အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

၎င်းအမိန့်ကို မကျေနပ်၍ မအူပင်ခရိုင်တရားရုံးတွင် ပြစ်မှုအယူခံအမှတ် ၁၇/၂၀၀၇ ဖြင့် အယူခံတင်သွင်းခဲ့ရာ (၁၊ ဖ၊ ၂၀၀၇) နေ့တွင်လည်းကောင်း၊ ဧရာဝတီတိုင်း တရားရုံးတွင် ပြစ်မှုပြင်ဆင်မှုအမှတ် ၁၆၆/၂၀၀၇ ဖြင့် ပြင်ဆင်မှုတင်သွင်းခဲ့ရာ (၂၅၊ ဖ၊ ၂၀၀၇) ရက်နေ့တွင်လည်းကောင်း အသီးသီး အကျဉ်းနည်း ပလပ်ခဲ့ပါသည်။ ထို့ကြောင့် ယင်းအမှုကို တရားရုံးချုပ် ရန်ကုန်မြို့သို့ (၁၇၊ ၁၊ ၂၀၀၈) နေ့က ပြင်ဆင်မှု လျှောက်ထားခဲ့ခြင်းအပေါ် ပယ်ချခဲ့ပါသည်။

## ချမှတ်သည့်ပြစ်မှုပုဒ်မ မူရင်းအဓိပ္ပါယ်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (ခ)ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ "ပုဒ်မ (၅၀၅) မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလဟာလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင် သို့တည်းမဟုတ် ဖြန့်ချိရာတွင် –

(ခ) နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုဖြစ်စေ၊ ထိခိုက်သည့် ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူတစ်စုကိုသော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ တစ်ခုခုဖြစ်စေရန် အကြံရှိလျှင် (သို့တည်းမဟုတ်) ထိုသို့ ဖြစ်တန်ရာသည့် အကြောင်းရှိလျှင်၊ ထိုသူကို နှစ် နှစ်ထိ ထောင်ဒဏ် တမျိုးမျိုးကိုဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟုဖော်ပြထားသည်။

## ညောင်တုန်းမြို့နယ် တရားရုံးမှ အပြစ်ရှိကြောင်းသုံးသပ်ချက်

၁။ တရားခံသန်းထွန်း ၏ ထွက်ဆိုချက်ဖြင့် တရားခံတင်ဌေး အိမ်တွင် ရှာဖွေစမ်းသပ်နေစဉ် သက်သေခံ စီဒီခွေအား စစ်ဆေးမခံလို၍ ချိုးပစ်ဖျက်စီးခြင်းဖြစ်သည်ဟု သုံးသပ်ခဲ့သည်။ တင်ဌေး သည် ၎င်းအိမ်၌ စစ်ဆေးနေစဉ် အချပ်ပြားအား ချိုးပစ်ခဲ့ခြင်းသည် စစ်ဆေးမခံလိုသော၊ မခံနိုင်သော အနေအထားရှိသော၊ တနည်းအားဖြင့် ပြစ်မှုတစုံတရာ ထင်ရှားပေါ်ပေါက်မည့် အနေအထားဖြစ်သော အချပ်ဖြစ်၍ဟု သုံးသပ်ခဲ့သည်။ တင်ဌေး သည် ၎င်းနှင့် ရန်ညိုးမရှိသော သန်းထွန်း ၏ ပြောပြချက်အရ ၎င်းအိမ်တွင် ရှာဖွေရာတွင် ရှာဖွေစစ်ဆေးနေသည့် အကြောင်းအရာဖြစ်သည့် လေဆာပြားအား အဓိကထား ရှာဖွေနေသည်ဖြစ်ရာ လေဆာပြားတစ်ချပ်အား ချိုးပစ်လိုက်သည်လည်း ဆက်နွယ်မှုရှိနေကြောင်း သုံးသပ်ကာ ၎င်း၏ပြုမှုဆောင်ရွက်မှုသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်ကျူးလွန်ချင်လာရန် ဆင့်ပွားကူးယူမှုများပြုကြောင်း ထင်ရှားသည်ဖြစ်၍ အပြစ်ရှိကြောင်း သုံးသပ်ခဲ့သည်။

## ဥပဒေကြောင်းအရ သုံးသပ်တင်ပြချက်

၁။ ကိုတင်ဌေး ထံမှ သိမ်းဆည်းရမိသည့် (ကိုင်လိုက်ရာမှ ကျိုးပဲ့သွားသော) တရုတ်စာတမ်းပါ ဗွီစီဒီတချပ်ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပါသည်။ ၎င်းဗွီစီဒီအခွေတွင် ပါသည့် အချင်းဖြစ်အကြောင်းအရာများ ပါဝင်ကြောင်း တင်ပြထားနိုင်ခြင်း လုံးဝမရှိပါ။ ထိုအခွေမှာ သီချင်းခွေ

ဖြစ်ပါသည်။ အမှုသက်သေခံ အဓိကအစိပ်အပိုင်းဖြစ်သည့် ဗွီစီဒီခွေတွင် မည်သည့်အချင်းဖြစ် အကြောင်းအရာများ ပါဝင်ကြောင်း တင်ပြရမည့်တာဝန်မှာ သက်သေခံ ဥပဒေပုဒ်မ (၁၀၁) အရ သက်သေပြရန်တာဝန်မှာ တရားလိုဘက်တွင် အစဉ်အမြဲရှိပါသည်။ ရုံးသက်သေခံချက် တွင် လုံးဝတင်ပြထားနိုင်ခြင်းမရှိဘဲ ပြစ်ဒဏ်ပေးထားခြင်းမှာ "အပြစ်မရှိသူတဦးအား ပြစ်ဒဏ် ပေးခြင်းသည် အပြစ်ရှိသူ (၁၀) ဦးအား ပြစ်ဒဏ်မှလွတ်ခြင်းထက် အပြစ်ကြီးသည်" ဆိုသော တရားဥပဒေ စိုးမိုးရေးအခြေခံမှုကို ချိုးဖောက်လိုက်ခြင်းဖြစ်သည်။

၂။ သက်သေခံပစ္စည်း ဗွီစီဒီခွေတွင် အမှုဖြစ်အကြောင်းအခြင်းအရာ ပုဒ်မနှင့် စပ်ဆိုင် ညှိစွန်းသည့် သက်သေခံချက် တစွန်းတစမျှ မတွေ့ရှိပါဘဲလျက် ၅၀၅(ခ) ပုဒ်မဖြင့် အရေးယူ တရားစွဲဆို ပြစ်ဒဏ်ပေးခြင်းမှာ ဥပဒေနှင့် လုံးဝကိုက်ညီခြင်းမရှိပါ။

၃။ သက်သေခံပစ္စည်း ပျောက်ဖျက်မှု စွဲဆိုထားခြင်းမရှိပါဘဲ ကျိုးပဲ့သွားသော သက် သေခံစီဒီအချပ်ပြား တခုတည်းအပေါ် သုံးသပ်၍ မူလရုံးမှ ပြစ်ဒဏ်ပေးထားခြင်းသည် ဥပဒေ နှင့် ညီညွတ်မှု ရှိ မရှိ ပြန်လည်သုံးသပ်ရမည့် အရေးယူလောက်သော ဥပဒေ ပြဿနာတရပ် ဖြစ်သည်။။

၄။ ၂၀၀၀ ခုနှစ်တရားစီရင်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၅(င)အတိုင်း ဆောင်ရွက်ရန် ပျက် ကွက်ပြီးအမှုကို ပယ်ချခဲ့ခြင်းသည် တာဝန်ပျက်ကွက်မှုဖြင့် တရားဥပဒေစိုးမိုးအခြေခံများကို ချိုးဖောက်လိုက်ခြင်းဖြစ်ကြောင်း သုံးသပ်ပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၀၈ ခုနှစ်၊ မတ်လ (၁၉) ရက်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O. Box 144 Mae Sod Post Office Tak Province 63110 Thailand Tel. : (66) (055) 542910 Fax : (66) (055) 533766 Email : blcms@cscoms.com
Website : www.blc-burma.org

# ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီအဖွဲ့ဝင် ဦးကျော်မင်းနှင့်မိသားစုတို့၏ ၂၀၀၆ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ အထူးအမှု အမှတ် (၁၇၇–၁၇၈–၁၇၉–၁၈၀ နှင့် ၁၈၁)တို့ကို ၂၃–၈–၀၆ ရက်နေ့ကပယ် ချခဲ့သည့် အထူးအယူခံ ရုံး၏ အမိန့်အား ဥပဒေကြောင်းအရ သုံးသပ်ခြင်း

## အမှုဖြစ်စဉ် အကျဉ်း

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း သည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်က တရားစွဲဆိုထားသော အမှုပြီးပြတ်သော်လည်း ဘူးသီးတောင်မြို့နယ်သို့ ပြန်မသွားဘဲ မိသားစုကို ရန်ကုန်မြို့နယ်များသို့ ခေါ်ယူနေထိုင်ခဲ့သည်။ ဦးကျော်မင်းသည် ဇနီးဖြစ်သူ ဒေါ်ခေါ်ဘီဇာ၊ သား ကိုအောင်နိုင်၊ ကိုစိုးနိုင်၊ ကိုဇော်နိုင် နှင့် သမီး မခင်ခင်နု နှင့် မဝေဝေနု တို့အတွက် နိုင်ငံသားစိစစ်ရေးကဒ်ပြားများရရှိရန် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် လဝကဦးစီးမှူးနှင့်ဆက်သွယ်ပြီး ဒဂုံ၊ ဆိပ်ကမ်းမြို့နယ် လဝကရုံးတွင် ဦးကျော်မင်း မှ လျှောက်ထားခဲ့ပါသည်။ ဦးကျော်မင်း ၏ ဂတိပြုလွှာတွင် ကမန်ဟု လည်းကောင်း၊ ဦးစိုးနိုင်ပါသည့် အိမ်ထောင်စု စာရင်း၌ ကျူလီယာ၊ ဗမာဟုလည်းကောင်း ဖော်ပြထားသဖြင့် အိမ်ထောင်စုစာရင်းကို လိမ်လည်ရယူခဲ့သည်ဟု စွပ်စွဲခဲ့ပြီး အရေးယူခဲ့ခြင်းဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကဒ်ပြား များရယူရာ၌ ပုံစံများတွင် လူမျိုးအမည်ကို မမှန်မကန် ရေးသွင်းသည်ဟု စွပ်စွဲပြီး အမှုဖြစ် အကြောင်းခြင်းရာပေါ်တွင် သီးခြားခွဲထုတ်၍ ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင်တရားရုံးမှ ပြစ်ဒဏ်များချမှတ်ခဲ့ပါသည်။ ဦးကျော်မင်းအား (၄၇)နှစ်၊ ကျန်သူများအား (၁၇) နှစ်နှင့် ငွေဒဏ်များ အသီးသီး ချမှတ်ခဲ့သည်။

တိုင်းတရားရုံး၊ တရားရုံးချုပ်တို့တွင် အယူခံဝင်ရာ ပလပ်ခြင်းခံခဲ့ရသဖြင့် အဆိုပါအမှုများကို ရန်ကုန် တရားရုံးချုပ် အထူးအယူခံရုံးသို့ ဆက်လက် အယူခံလျှောက်လွှာ တင်သွင်းရာ (၂၃–၈–၀၆) ရက်နေ့တို့က သဘာပတိ တရားရုံးချုပ် တရားသူကြီး ဒေါက်တာ တင်အောင်အေး၊ အဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင် ပါဝင်သော အထူးအယူခံရုံးက အထူးအယူခံ ဝင်ခွင့်ပြုရန် လျှောက်ထားသော အထွေထွေလျှောက်လွှာ များကို ပယ်ချခဲ့သည်။

## ချမှတ်သည့်ပြစ်မှုပုဒ်မ မူရင်းအဓိပ္ပာယ်

၁၉၅၀ ခုနှစ်အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅(ည)–

ပြည်ထောင်စု၏ လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှုပြန်လည် ထူထောင်

ရေးကိုသော်လည်းကောင်း ထိခိုက်စေရန်အကြောင်းရှိသော နည်းလမ်းဖြင့် အများပြည်သူတို့၏ (သို့မဟုတ်) ပြည်သူတစ်ခုလုံး၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ၊ ဖောက်လွှဲဖောက်ပြန်ဖြစ်စေရန် ကြံရွယ်၍ တစ်ခုခုလုပ်လျှင် (သို့မဟုတ်) ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင် ထိုသူအား (၇) နှစ်အထိ ထောင်ဒဏ်သော်လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း၊ ဒဏ်နှစ်ရပ်စလုံးသော်လည်းကောင်း ထိုက်သင့်စေရမည်။

၁၉၈၂ ခုနှစ်မြန်မာနိုင်ငံသားဥပဒေပုဒ်မ (၁၈) –

နိုင်ငံသားတစ်ဦးသည် မဟုတ်မမှန်သော ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ကိုရရှိပါက နိုင်ငံသားအဖြစ်မှ ရုတ်သိမ်းခြင်းခံရမည့်အပြင် ထောင်ဒဏ်တစ်ဆယ်နှစ်နှင့် ငွေဒဏ် ကျပ်ငါးသောင်းကိုလည်း ကျခံစေရမည်။

## အထူးအယူခံရုံး၏ မည်သည့်အတွက် ပယ်သင့်ကြောင်း အကြောင်းပြချက်

၁။ ဦးကျော်မင်းသည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်မှ တရားစွဲဆိုထားသော အမှုပြီးပြတ်သော်လည်း ဘူးသီးတောင်မြို့သို့ ပြန်ခဲ့ခြင်းမရှိ၊ သက်ဆိုင်ရာမှ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ၎င်းမိသားစုများကို ရန်ကုန်မြို့ ဗိုလ်တထောင်၊ ဗဟန်း၊ တာမွေမြို့နယ်တို့တွင် တိုက်ခန်းများငှားရမ်းကာ တရားမဝင် ရွှေ့ပြောင်း၍ ဧည့်စာရင်းဖြင့် နေထိုင်ခဲ့ကြသည်။

၂။ ဦးကျော်မင်းမိသားစုသည် ဘူးသီးတောင်တွင်နေထိုင်ကြသော ဘင်္ဂါလီလူမျိုးများဖြစ်ကြသော်လည်း ရန်ကုန်မြို့တွင် နိုင်ငံသားစီစစ်ရေးကဒ်ပြားများကို မဟုတ်မမှန် ဖော်ပြခြင်း (သို့မဟုတ်) အမှန်ကိုဖုံးကွယ်ခြင်းနည်းလမ်းတို့ဖြင့် ရယူခဲ့ကြောင်း၊ ဦးကျော်မင်းမိသားစု၏ ပြုလုပ်မှုများသည် နိုင်ငံတော်၏ လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်တည်ဆောက်ရေးကို ထိခိုက်စေရန် အကြောင်းလည်းရှိသည့်အပြင် ပြည်သူတို့၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ၊ ဖောက်လွှဲဖောက်ပြန်ဖြစ်စေရန် အကြောင်းရှိသည့် ပြုလုပ်မှုထင်ရှားသဖြင့် ၃–၅–၀၆ ရက်စွဲဖြင့် တရားရုံးချုပ် ပြစ်မှုပြင်ဆင်မှုအမှတ် ၁၄၈ (ခ)/၀၆ အမိန့်အပေါ် အရေးယူရန် ပြဿနာပေါ်ပေါက်ခြင်းမရှိဟု အကြောင်းပြထားသည်။

၃။ ထို့အတူ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ (၁၈) နှင့်ပတ်သက်၍ အထူးအယူခံရုံးမှ ပယ်သင့်သည့်အကြောင်းပြချက်များမှာ –

(က) ဦးကျော်မင်းမိသားစုတို့သည် ဘင်္ဂါလီလူမျိုးများဖြစ်ပြီး ဘူးသီးတောင် အိမ်ထောင်စုစာရင်းတွင် ရိုဟင်ဂျာဟု ဖော်ပြထားကြောင်း နိုင်ငံသားစိစစ်ရေးကဒ်ပြား လျှောက်ထားရာတွင်လည်းကောင်း၊ ဂတိသစ္စာပြုရာတွင်လည်းကောင်း ကမန်လူမျိုးဟုဖော်ပြပြီး အိမ်ထောင်စုစာရင်းတွင် ကျူလီယာ ဟုဖော်ပြထားကြောင်း။

(ခ) ဦးကျော်မင်းသည် ၎င်းနှင့် ၎င်း၏မိသားစုအတွက် နိုင်ငံသားစိစစ်ရေးကဒ်ပြားရယူရာတွင် အိမ်ထောင်စုစာရင်းများကို လိမ်လည်ရယူခဲ့ကြောင်း၊ ပုံစံများတွင် လူမျိုးအမည်များမမှန်မကန် ရေးသွင်းဖော်ပြခဲ့မှု ထင်ရှားသဖြင့် တရားရုံးချုပ်ပြစ်မှုပြင်ဆင်မှု အမှုများ၏ ၃–၅–၀၆ ရက်စွဲဖြင့် ချမှတ်သော အမိန့်များအပေါ် အရေးယူရန် ပြဿနာပေါ်ပေါက်ခြင်းမရှိဟု အကြောင်းပြထားပေသည်။

## အထူးအယူခံရုံး၏ ဆုံးဖြတ်ချက်

မူလရုံးအမှုတွဲတွင် စစ်ဆေးတွေ့ရှိချက်များမှာ ဦးကျော်မင်းသည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်မှ တရားစွဲဆိုထားသော အမှုပြီးပြတ်သော်လည်း၊ ၎င်းအမြဲတမ်းနေထိုင်ရာ ဘူးသီးတောင်မြို့သို့ မပြန်ခဲ့ကြောင်းကို တွေ့ရသည်။ သက်ဆိုင်ရာမှ တရားဝင်ခွင့်ပြုချက် မရရှိဘဲ ၎င်း၏ဇနီးနှင့် သားသမီးများကို ရန်ကုန်မြို့တွင် တရားမဝင် ရွှေ့ပြောင်းနေထိုင်စေခဲ့ကြောင်းကိုလည်း တွေ့ရှိရသည်။ ဗိုလ်တစ်ထောင်မြို့နယ်၊ ဗဟန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တာမွေမြို့နယ်တို့တွင် တိုက်ခန်းများငှားရမ်းကာ ဒွေ့စာရင်းဖြင့် ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်ကို တွေ့ရှိရသည်။ လျှောက်ထားသူများသည် ဘူးသီးတောင်တွင် နေထိုင်ကြသော ဘင်္ဂလီလူမျိုးများဖြစ်ကြသော်လည်း ရန်ကုန်မြို့တွင် နိုင်ငံသားစိစစ်ရေးကဒ်ပြားများကို မဟုတ်မမှန်ဖော်ပြခြင်း၊ (သို့မဟုတ်) အမှန်ကို ဖုံးကွယ်ခြင်းနည်းလမ်းတို့ဖြင့် ရယူခဲ့ကြောင်းကို တွေ့ရသည်။ လျှောက်ထားသူများသည် နိုင်ငံတော်၏ လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်တည်ဆောက်ရေးကို ထိခိုက်စေရန်အကြောင်းရှိသည့်အပြင် ပြည်သူတို့၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွှဲဖောက်ပြန်ဖြစ်စေရန် အကြောင်းရှိသည့် ပြုလုပ်မှုဖြစ်ကြောင်းကို တွေ့ရှိရသည်။

တရားရုံးချုပ်၏ ပြစ်မှု ပြင်ဆင်မှုအမှတ် ၁၄၈ (ခ)/၂၀၀၆ တွင် ၃–၅–၂၀၀၆ ရက်စွဲဖြင့်ချမှတ်သော အမိန့်အပေါ် အရေးယူရန် ပြဿနာပေါ်ပေါက်ခြင်းမရှိသဖြင့် အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသော ဤအထွေထွေ လျှောက်လွှာကိုပယ်သည်။

## ဥပဒေကြောင်းအရ သုံးသပ်တင်ပြချက်

၁။ ၁၉၉၈ – ၁၉၉၉ ခုနှစ် က အကြောင်းခြင်းရာကိုအခြေခံကာ (၁၇–၃–၀၅) ရက်နေ့မှ ဖမ်းဆီးအရေးယူပြီး ဥပဒေ ပြစ်ဒဏ် ပြဋ္ဌာန်းချက်တွင်မပါသော အလုပ်နှင့်တွဲ၍ အမြင့်ဆုံး ပြစ်ဒဏ်များ သီးခြားကျခံစေသောအမိန့်များကို လျစ်လျူရှုပြီး အယူခံလျှောက်လွှာများ ပယ်ခဲ့ခြင်းသည် နိုင်ငံရေးအရ မတရားပြစ်ဒဏ်ပေးခဲ့ခြင်းဖြစ်သည်။

၂။ အကြောင်းခြင်းရာ တစ်ရပ်တည်းအတွက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား အက်ဥပဒေ ပုဒ်မ (၁၈) အရ အမှု (၄) မှု နှင့် ၁၉၅၀ ခုနှစ် အရေးပေါ် စီမံမှုအက်ဥပဒေပုဒ်မ ၅(ည) တစ်မှုတို့ တရားစွဲဆို၍ ပြစ်ဒဏ်များချမှတ်ခဲ့သည့်အမိန့်များသည် အရေးယူလောက်သည့် ဥပဒေပြဿနာအဖြစ် ထင်ရှားပေါ်ပေါက်လျက်ရှိပါသည်။ ၁၉၇၃ ခုနှစ် စကားရပ်များ အဓိပ္ပါယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ (၂၂) တွင် "ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တခုခုသည် ဥပဒေ နှစ်ရပ်၊ သို့မဟုတ် နှစ်ရပ်ထက်ပိုမိုသော ဥပဒေများအရ ပြစ်မှုမြောက်လျှင် ပြစ်မှုကျူးလွန်သူကို ၎င်းဥပဒေများအနက် ဥပဒေတစ်ရပ်ဖြင့်သာ တရားစွဲဆိုအပြစ်ပေးရမည်။ ပြစ်မှုတစ်ရပ်တည်းအတွက် ပြစ်ဒဏ်တစ်ကြိမ်ထက် ပို၍မခံစေရ။" ဟူ၍ ပြဋ္ဌာန်းထားသည်ကို ချိုးဖောက်ပြီး နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ထားချက်အပေါ် ပြန်လည်သုံးသပ်ရန် ဥပဒေပြဿနာအဖြစ် ပေါ်ပေါက်လျက်ရှိသော်လည်း အထူးအယူခံရုံးက ပယ်ချခဲ့ခြင်းသည် ဥပဒေအရ တာဝန်ပျက်ကွက်မှုဖြစ်ပါသည်။

၃။ ဦးကျော်မင်း နှင့် ဦးကျော်မင်းမိသားစုသည် ပြည်ထောင်စု၏လုံခြုံရေး ငြိမ်ဝပ်ပိပြားမှု တည်ထောင်ရေးကို ထိခိုက်စေရန်အကြောင်းရှိသော နည်းလမ်းတစ်စုံတစ်ရာ မပေါ်ပေါက်ပါ ပြည်သူတစ်စု၏ ကိုယ်ကျင့်တရား အပြုအမူတို့ကိုလည်း ဖောက်လွဲဖောက်ပြန် ပေါ်ပေါက်ခြင်း မရှိပါဘဲလျက် ၁၉၅၀ ခုနှစ် အရေးပေါ်စီမံမှု အက်ဥပဒေ ပုဒ်မ ၅(ည)ဖြင့် အမြင့်ဆုံးပြစ်ဒဏ်များ ပေးထားခြင်းမှာ ထင်ရှားမြင်သာသည့် အရေးယူလောက်သော ဥပဒေပြဿနာများ ဖြစ်ပေသည်။

၄။ ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ (၂၄) အရ ဦးကျော်မင်းသည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် သက်ဆိုင်ရာမြို့နယ်စုကော်မရှင်အဖွဲ့ခွဲက စိစစ်ပြီး သတ်မှတ်ကြေညာခံထားရသူဖြစ်သည်။ ထိုသတ်မှတ်ကြေညာအမိန့်ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်သည် ပုဒ်မ (၄၅) အရ အပြီးအပြတ်ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ပုဒ်မ (၈)(၂) အရ ဦးကျော်မင်းသည် နိုင်ငံသား အလိုအလျောက် ဖြစ်ခွင့်ရှိသူဖြစ်ပေသည်။ ဦးကျော်မင်းနှင့် ဦးကျော်မင်း ၏ဇနီး ကိုင်ဆောင်ခဲ့သည့် သုံးခေါက်ချိုး အမျိုးသားသက်သေခံကတ်ပြားများမှာ နိုင်ငံခြားသားဖြစ်ကြောင်း ဖော်ပြသည့် သင်္ကေတ နံပါတ်များမဟုတ် အေအိုင် နံပါတ်များဖြစ်နေပါသည်။ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အဖွဲ့ဝင် ဦးကျော်မင်း သည် ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ ပုဒ်မ (၈) နှင့် ပုဒ်မ (၁၀) တို့အရလည်းကောင်း၊ နိုင်ငံသားဥပဒေပုဒ်မ (၆) တို့အရလည်းကောင်း မြန်မာနိုင်ငံသားတစ်ဦး ဖြစ်ပါသည်။

၅။ အေအိုင်နံပါတ် ကိုင်ဆောင်ထားသူ မိဘနှစ်ပါးလည်းဖြစ်ပြီး နိုင်ငံသား အလိုအလျောက်ဖြစ်ခွင့်ရှိသူ ဦးကျော်မင်းသည် ၎င်းနှင့် ၎င်း၏မိသားစုအတွက် နိုင်ငံသားအဖြစ်ရရှိရန် မဟုတ်မမှန်ဖော်ပြမည်မဟုတ်သကဲ့သို့ ဖုံးကွယ်မည်လည်းမဟုတ်ပါ။ (လဝက) ဝန်ထမ်းများ၏ ညွှန်ကြားသည့်အတိုင်း ရေးသွင်းဖော်ပြခဲ့ခြင်းဖြစ်ပါလျက် အမြင့်ဆုံးပြစ်ဒဏ်များ ချမှတ်ခဲ့သည့် စီရင်ချက်များသည် ဥပဒေနှင့်ညီညွတ်သည်ဟု သုံးသပ်၍ အထူးအယူခံမှုများကို ပယ်ချခဲ့ခြင်းသည် ၂၀၀၀ ခုနှစ် တရားစီရင်ရေး ဥပဒေ ပုဒ်မ ၄ (ဆ) နှင့် ဆန့်ကျင်လျက်ရှိနေပါသည်။

၆။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ (၁၈) သည် နိုင်ငံသားတစ်ဦးက နိုင်ငံသား စီစစ်ရေးကတ်ပြား (သို့မဟုတ်) နိုင်ငံသားလက်မှတ်ကို လိမ်လည်ရယူရာတွင် ထိုသို့လိမ်လည်သူကိုဖြစ်စေ၊ အားပေးကူညီနေသူကို ဖြစ်စေ အပြစ်ပေးရန်ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မ မဟုတ်ပါ။ ဒဂုံမြို့သစ်တောင်ပိုင်း (လဝကမှူး) ဦးတင်မောင်ဝင်း ထံမှ နိုင်ငံသားစီစစ်ရေးကတ်ပြားပုံစံ နိုင် (၆–က) ကို ရယူကိုင်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ (၁၈) ပြဋ္ဌာန်းချက်နှင့် လုံးဝ ငြိစွန်းမှုမရှိပါ။ ပြဋ္ဌာန်း ဥပဒေပုဒ်မဖြင့် ကျူးလွန်ခြင်းရှိမရှိ စစ်ဆေးသုံးသပ်ခြင်းပြုလုပ်ရန်တာဝန်မှာ အထူးအယူခံရုံး၏ တာဝန်သာဖြစ်ပါသည်။ အထူးအယူခံရုံး၏ စစ်ဆေးရမည့်တာဝန် ပျက်ကွက်နေကြောင်းတွေ့ရှိရပါသည်။

ရ။ ၂၀၀၀ ခုနှစ် တရားစီရင်ရေး အက်ဥပဒေပုဒ်မ (၇) အရ အရေးယူလောက်သည့် ဥပဒေပြဿနာ ပေါ်ပေါက်နေသဖြင့် အထူးအယူခံ တရားရုံးမှ –

- ရန်ကုန်တိုင်း နောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုကြီး အမှုအမှတ် ( ၄၉/၀၅ ခုနှစ်)၊ (၅၀/၀၅ခုနှစ်)၊ (၅၁/၀၅ခုနှစ်)၊ ( ၅၂/၀၅ခုနှစ်)၊ (၅၃/၀၅ ခုနှစ်)၊ (၅၄/၀၅ ခုနှစ်)
- ရန်ကုန်တိုင်း တရားရုံး၏ ပြစ်မှုပြင်ဆင်မှု အမှတ် ၁၃၈/၀၅၊၁၃၉/၀၅၊ ၁၄၀/၀၅၊ ၁၄၁/၀၅၊ ၁၄၂/၀၅
- တရားရုံးချုပ် ပြစ်မှု ပြင်ဆင်မှု အမှတ် ၁၄၄ (ခ)/၀၆၊ ၁၄၅(ခ)/၀၆၊ ၁၄၆(ခ)/၀၆၊ ၁၄၇(ခ)/၀၆၊ ၁၄၈ (ခ)/၀၆

တို့ကို ခေါ်တောင်း၍ နှစ်ဘက်လျှောက်လဲချက်ကြားနာပြီး ဥပဒေပြဿနာကို ဖော်ထုတ်သင့်ကြောင်း သုံးသပ်ရရှိသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၀၈ ခုနှစ်၊ မတ် (၁၈) ရက်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O. Box 144 Mae Sod Post Office Tak Province 63110 Thailand Tel. : (66) (055) 542910 Fax : (66) (055) 533766 Email : blcms@cscoms.com
Website : www.blc-burma.org

# နအဖ၏ ကြေညာချက်အမှတ် ၁/ ၂၀၀၈
# ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး
# ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေအပေါ် သုံးသပ်ချက်
# [၂၀၊ ၃၊ ၂၀၀၈]

**Project facilitation Team**
**Burma Lawyers' Council**

နအဖစစ်အစိုးရသည် ၎င်းတို့ တဖက်သတ်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ် လူထုဆန္ဒခံယူရန် ၂၇-၂- ၂၀၀၈ ရက်နေ့တွင် ကြေညာချက်အမှတ် ၁/၂၀၀၈ ကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုကြေညာချက်ကို ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေ ဟု ကင်ပွန်းတပ်ထားသည်။

တိုင်းပြည်တပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုချက် တနည်းအားဖြင့် တရားဝင်မှု ရယူရာတွင် တိုင်းပြည်၏ အခြေအနေ အချိန်အခါပေါ်မူတည်၍ နိုင်ငံတကာက လက်ခံကျင့်သုံးသော နည်းလမ်းများရှိသည်။ ပထမ နည်းလမ်းတခုမှာ သက်ဆိုင်ရာက ရေးဆွဲပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လွှတ်တော်ပါလီမန်ရှိပါက လွှတ်တော်က အတည်ပြုခြင်းဖြစ်သည်။ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထမဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဤနည်းအားဖြင့် အတည်ပြုခဲ့သည်။ ဒုတိယတနည်းမှာ အဆိုပါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုရန် လွှတ်တော်သို့ တင်ပြရသည်။ လွှတ်တော်က သဘောမတူ ငြင်းပယ်ခဲ့ပါမူ လူထုဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုချက်ရယူရသည်။ ဆိုလိုသည်မှာ လွှတ်တော်အထက်၌ ပြည်သူရှိသည်။ ပြည်သူက လွှတ်တော်ကို လွှမ်းမိုးသည်ဆိုသည့် သဘောကို ဖော်ဆောင်ခြင်းဖြစ်သည်။ တတိယတနည်းမှာ ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်းဖြစ်သည်။ ဤနည်းကို အဓိကအားဖြင့် လွှတ်တော် ဖျက်သိမ်းထားသော အခြေအနေတွင် အသုံးပြုလေ့ရှိကြသည်။ ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံတွင် စစ်တပ်က ထပ်ဆင်အစိုးရကို အာဏာသိမ်း ဖြုတ်ချပြီးနောက် ရေးဆွဲသော အခြေခံဥပဒေမူကြမ်းကို လည်း ဤနည်းလမ်းဖြင့် အတည်ပြုခဲ့သည်။ ယခု နအဖ စစ်အစိုးရကလည်း ဤနည်းလမ်းဖြင့် ပင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုရန်ဖြစ်သည်။

ဖွစ်ဇာလန်နိုင်ငံတွင် လူထုဆန္ဒခံယူပွဲကို အခြေခံဥပဒေအတည်ပြုရန်အပြင် အဓိက အားဖြင့် အခြေခံဥပဒေပြင်ဆင်ခြင်းများ၊ အရေးကြီးသော ဥပဒေများပြဋ္ဌာန်းခြင်း၊ နိုင်ငံခြား တိုင်းပြည်များနှင့် စစ်ကြေညာခြင်း စစ်ရပ်သိမ်းခြင်း၊ နိုင်ငံခြားတိုင်းပြည်များနှင့် အရေးကြီး သော စာချုပ်ချုပ်ဆိုခြင်း၊ အပြည်ပြည်ဆိုင်ရာ စာချုပ်အဖွဲ့များသို့ ဝင်ရောက်ခြင်း နုတ်ထွက် ခြင်းစသည့် တိုင်းပြည်အတွက် အရေးကြီးသည့် နိုင်ငံရေးဖြစ်စဉ်များတွင် ပြည်သူလူထု၏ ဆန္ဒသဘောထားကို ရယူရန်ကျင်းပ ပြုလုပ်လေ့ရှိသည်။

လူထုဆန္ဒခံယူပွဲ **(Referendum)** ဆိုသည်မှာ တိုင်းပြည်တပြည်လုံးနှင့် ပတ်သက် သည့် အကြောင်းကိစ္စတခုအပေါ် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြည်သူများအား ပူးပေါင်းပါဝင် စေခြင်းဖြစ်ပြီး ထောက်ခံသည့်ဘက်မှရော ကန့်ကွက်သည့်ဘက်မှပါ လွတ်လွတ်လပ်လပ် ဆုံးဖြတ်စေခြင်းဖြစ်သည်။ ထောက်ခံဖို့ တခုတည်းအတွက်သာ ရည်ရွယ်ပြီး ကျင်းပခြင်းမဟုတ် ပါ။ ထောက်ခံသည့်ဘက်မှများလျှင် ထောက်ခံခြင်းသည် ဆုံးဖြတ်ချက်အဖြေဖြစ်ပြီး ကန့်ကွက် သည့်ဘက်မှ များလျှင်ကန့်ကွက်ခြင်းက ဆုံးဖြတ်ချက်အဖြေဖြစ်သည့် ဒီမိုကရေစီအုပ်ချုပ်ရေး ကျင့်စဉ်တခုဖြစ်သည်။

နအဖ က ပြဋ္ဌာန်းလိုက်သော ၁/၂၀၀၈ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေသည် ၁၉၇၃ ခုနှစ် ဦးနေဝင်း၏ ဆိုရှယ်လစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရန် ပြဋ္ဌာန်းသည့် ဆန္ဒခံ ယူပွဲဥပဒေနှင့် အတူတူပင်ဖြစ်သည်။ ၎င်းဥပဒေနှစ်ခုစလုံးကို ဖွဲ့စည်းပုံမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေဟု ကင်ပွန်းတပ်ထားသည်။ ဥပဒေ စာသားများလည်း အား လုံးနီးပါး အတူတူပင်ဖြစ်သည်။ ဤဥပဒေနှစ်ခု၏ အမည်ကို သေချာစဉ်းစားကြည့်ကြပါစို့။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို အတည်ပြုရေး အတွက်မဟုတ်ပါ။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူလူထုက ထောက်ခံသော အရေအတွက်နှင့် ကန့်ကွက်သော အရေအတွက်ရလာဒ်ကို သိရှိရန်ဖြစ်သည်။ အကယ်၍ ထောက်ခံသော အရေအတွက်က ကန့်ကွက်သော အရေအတွက်ထက် များပါက ၎င်းဖွဲ့စည်း ပုံကို အတည်ပြုနိုင်မည်ဖြစ်ပြီး ကန့်ကွက်သော အရေအတွက်က ထောက်ခံသော အရေအ တွက်ထက်များပါက ၎င်းဖွဲ့စည်းပုံမူကြမ်းကို အတည်ပြုနိုင်မည်မဟုတ်ပေ။ ၂၀၀၇ ခုနှစ် ထိုင်း နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအပေါ် လူထုဆန္ဒခံယူပွဲကျင်းပသည့် ဥပဒေကို "ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲ အစီစဉ်တကျ ကျင်းပနိုင်ရေး အက်ဥပဒေ" ဟုခေါ်ထားသည်ကို တွေ့ရသည်။ ဖွဲ့စည်းပုံကို အတည်ပြုရေးဆိုသည့် စာသားမပါရှိပါ။ သို့ဖြစ်၍ ဆန္ဒခံယူပွဲသည် အတည်ပြုရန် သက်သက်သာ ကျင်းပခြင်းမဟုတ်ဆိုသည်မှာ ထင်ရှားသည်။ ၁၉၇၃ ခုနှစ် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေနှင့် ၂၀၀၈ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေနှစ်ခုတွင် အဓိပ္ပါယ်ဖွင့်ဆို ချက်နှင့် စပ်လျဉ်းပြီး "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဆိုသည်မှာ ပြည်ထောင်စု ဆိုရှယ်လစ်သမတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဆိုလိုသည်" ဟုဆိုထားသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကြည့် လျှင်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည် ပြုနိုင်ရေးအတွက်သာ ရည်ရွယ်ထားသည့် သဘောဆောင်နေသည်။ လူထု၏ ဆန္ဒအမှန်ကို

ဖော်ထုတ်ရန်မှာ အဓိကမကျသလို သဘောသက်ရောက်စေသည်။ ထို့ကြောင့် ထို "အတည်ပြုနိုင်ရေး" ဆိုသည့် စာသားသည် သေချာ ဂဃနဏ မသိသော ပြည်သူများအပေါ် စာသားအားဖြင့် အမြတ်ထုတ်သွားနိုင်သည်။ ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေတွင်မူ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတခုလုံးကို အတည်ပြုရန် သို့မဟုတ် ကန့်ကွက်ရန် ကျင်းပသော ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲကို ဆိုလိုသည်" ဟုရေးထားသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် သာမန်လူတယောက်အတွက် ဖွဲ့စည်းပုံအခြေခံမူကြမ်းကို လက်ခံနိုင်သည် သို့မဟုတ် ကန့်ကွက်နိုင်သည် ဆိုသည်ကို အလွယ်တကူနားလည်သဘောပေါက်နိုင်သည်။

လွတ်လပ်၍ မျှတသော လူထုဆန္ဒခံယူပွဲဖြစ်ဖို့အတွက် ဆန္ဒခံယူပွဲမကျင်းပမီ ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံသည့်ဘက်မှ စည်းရုံးဟောပြောနိုင်သလို ကန့်ကွက်သည့်ဘက်မှလည်း လွတ်လပ်စွာ စည်းရုံးဟောပြောနိုင်ခွင့်ရှိရမည်။ ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံဖွဲ့စည်းပုံမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲမကျင်းပမီ ဖွဲ့စည်းပုံမူကြမ်းနှင့်ပတ်သက်ပြီး လွတ်လပ်စွာ စည်းရုံးဟောပြောနိုင်ခွင့်ပေးထားသည်ကိုတွေ့ရသည်။ ဆန္ဒခံယူပွဲကျင်းပမည့်ရက်၏ ရှေ့ရက်နေ့ညအထိ ဗန်ကောက်မြို့တော်ရှိ ကွင်းပြင်ကျယ်ကြီးတွင် ဖွဲ့စည်းပုံမူကြမ်းအား ကန့်ကွက်ရန်စည်းရုံး ဟောပြောခဲ့ကြသည်ကို တွေ့ရသည်။ ယခု နအဖ ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအပေါ် ဆန္ဒခံယူပွဲအတွက်မူ ထိုကဲ့သို့ ဖွဲ့စည်းပုံမူကြမ်းကို ကန့်ကွက်ရန် စည်းရုံးဟောပြောနိုင်ခွင့်ကို ၁/၂၀၀၈ "ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ" က တင်းကျပ်စွာ တားမြစ်ထားသည်ကို တွေ့ရသည်။ ၎င်းဥပဒေ၏ အခန်း (၁၀) ပုဒ်မ (၂၄) (ဇ)တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်ပြားစေရန် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံပရဝဏ်အတွင်း၌ဖြစ်စေ၊ အများပြည်သူတို့နှင့် သက်ဆိုင်သောနေရာ၌ဖြစ်စေ၊ ပုဂ္ဂလိကဆိုင်ရာ နေရာ၌ဖြစ်စေ ဟောပြောခြင်း၊ စာရွက်စာတမ်းများ ကမ်းလှမ်းခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်းကို တနည်းနည်းဖြင့် နှောင့်ယှက်ခြင်း ပြုလုပ်လျှင် ပြစ်မှုမြောက်သည်။ ထိုသူကို ပုဒ်မ (၂၅) တွင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟုပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ကန့်ကွက်သည့်ဘက်မှ စည်းရုံးဟောပြောခြင်းပြုလျှင် အထက်ပါပုဒ်မအရ အရေးယူခံရမည်မှာ ကေန်မလွဲဖြစ်သည်။ မျှတသော ဆန္ဒခံယူပွဲ တကယ်ဖြစ်စေချင်လျှင် ကန့်ကွက်သည်ဖြစ်စေ၊ ထောက်ခံသည်ဖြစ်စေ လွတ်လပ်စွာ စည်းရုံးဟောပြောနိုင်ခွင့်ရှိရမည်။ နအဖ ကမူ လာမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံမူကြမ်းအား ထောက်ခံကြရန် စည်းရုံးရေးခရီးစဉ်များဆင်း၍ ဟောပြောစည်းရုံးနေသည်ကို တွေ့ရသည်။ သို့သော် ယခုထိတော့ ကန့်ကွက်သည့်ဘက်မှ စည်းရုံးဟောပြောလှုပ်ရှားခြင်း အလျဉ်းမရှိသေးသည်ကိုတွေ့ရသည်။ မည်သူမှလည်း ထိုသို့ ဆန့်ကျင်သည့် လှုပ်ရှားမှုမျိုးကို ပြုလုပ်ရဲမည်မဟုတ်ပါ။ တကယ်တမ်းတော့ ဆန္ဒခံယူပွဲပျက်ပြားအောင် ပြုလုပ်ခြင်း၊ မဲရုံသို့မသွားရန်၊ မဲမပေးပဲနေရန်စည်းရုံးခြင်း၊ ဆန္ဒခံယူပွဲကို သပိတ်မှောက်ရန် စည်းရုံးဟောပြောခြင်း ပြုလုပ်မှသာလျှင် အထက်ပါပုဒ်မ (၂၄) အရ အကျုံးဝင်ပြီး ပုဒ်မ (၂၅) ဖြင့် အရေးယူလို့ရသည်။ ထိုသို့မဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် ပြည်သူလူထုကို အကျိုးပြုမည့် ဖွဲ့စည်းပုံမဟုတ်၍ ဆန္ဒခံယူပွဲသွားပြီး ကန့်ကွက်မဲပေး

ကြရန် စည်းရုံးဟောပြောခြင်းသည် ဆန္ဒခံယူပွဲကို ပျက်ပြားစေရန် နှောင့်ယှက်ခြင်း မဟုတ်၍ အထက်ပါပုဒ်မ(၂၄)နှင့် အကျုံးမဝင်ပါ။ ထို့ကြောင့် ပုဒ်မ(၂၅)ဖြင့်လည်းအရေးယူလို့မရပါ။ မည်သို့ပင်ဖြစ်စေကာမူ ဥပဒေကို မိမိအကျိုးအတွက် လက်တလုံးခြား အသုံးပြုတတ်သော အသုံးပြုလေ့ပြုထလည်းရှိသော စစ်အစိုးရက ထိုကဲ့သို့ ၎င်းတို့နှင့် ဆန့်ကျင်ဘက်အမြင်ရှိသူများ သို့မဟုတ် သဘောထားကွဲလွဲသူများကို ရာဇဝတ်ပြုလုပ်ကာ မငြိငြိအောင် တရားစွဲမည်သာဖြစ်သည်။ အကယ်၍ ပုဒ်မ (၂၄)ဖြင့် မငြိစွန်းခဲ့သည့်တိုင်အောင် ၅/၉၆ အမျိုးသားညီလာခံများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေဖြင့် အရေးယူမည်သာဖြစ်သည်။

ထို့အပြင် နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ အခန်း (၈) ပုဒ်မ (၂၂) ပုဒ်မခွဲ (က) အပိုဒ် (၁) တွင် ၁၀ ဦးထက် မနည်းသော ဆန္ဒမဲပေးခွင့်ရှိသူများ၏ ရှေ့မှောက်တွင် မဲများကို ရေတွက်ရမည်ဟုပြောထားသည်။ ၎င်း ၁၀ ဦး ထက်မနည်းသော မဲဆန္ဒရှင်များကို မည်သို့ရွေးချယ်မည်ကိုမူ အသေးစိတ် ဖော်ပြထားခြင်းမရှိပေ။ မိမိအလိုအလျောက် လုပ်အားပေးမည့် မဲဆန္ဒရှင်များကို ရွေးချယ်မည်လော သို့မဟုတ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်မှ ၎င်းတို့စိတ်ကြိုက်သူကို ရွေးချယ်မည်လော မရှင်းလင်းပါ။ အထက်ပါ ပြဋ္ဌာန်းချက်အရ ထိုမဲဆန္ဒရှင် ၁၀ ဦးသည် နအဖ ဘက်တော်သားများဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှလည်း ဖြစ်နိုင်သည်။ သို့လျှင်မူ မဲရေတွက်ရာ၌ ဘယ်မှာ မျှတမှုရှိနိုင်တော့မည်နည်းဆိုသည့်အချက်က စဉ်းစားစရာဖြစ်လာသည်။ ထို့ကြောင့် ဤဥပဒေတွင် လွတ်လပ်၍မျှတသော ဆန္ဒခံယူပွဲဖြစ်ရန် အာမခံပေးထားသော ပြဋ္ဌာန်းချက်မျိုးမပါရှိပါ။

နောက် အခန်း (၉) ပုဒ်မ ၂၃ တွင် ကော်မရှင်က ဆန္ဒမဲရလာဒ်ကို ရာခိုင်နှုန်းဖြင့် ကြေညာရမည်ဟုပြောထားသည်။ ဆန္ဒမဲများကို ကိန်းဂဏန်းများဖြင့် ဖော်ပြရန်မူ ပြောမထားပေ။ ရိုးသားပွင့်လင်းမှုရှိသော လူ့အဖွဲ့အစည်းတိုင်းတွင် မဲရလာဒ်များကို ရာခိုင်နှုန်းဖြင့်သာမက ကိန်းဂဏန်းများဖြင့်လည်း ပြည်သူလူထုကို အစီရင်ခံလေ့ရှိကြသည်။ ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲ ကျင်းပရာတွင်လည်း ခရိုင်အသီးသီးမှ ဆန္ဒမဲရလာဒ်များကို ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲ အရေအတွက်ကို ကိန်းဂဏန်းများဖြင့် ဖော်ပြပေးသည်။ မူရင်းကိန်းဂဏန်းများကို မဖော်ပြပဲ ရာခိုင်နှုန်းဖြင့်သာ ဖော်ပြလျှင် ထိုဖော်ပြချက်ကို မည်ကဲ့သို့ ယုံကြည်စိတ်ချနိုင်မည်နည်း။ ထို့အပြင် နအဖ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေတွင် တိုင်းပြည်တွင်းရှိ မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်စုစုပေါင်း၏ ဘယ်လောက်ရာခိုင်နှုန်း မဲပေးမှသာ ဆန္ဒခံယူပွဲ အထမြောက်သည် ဆိုသည့်အချက်ကို ဖော်ပြထားခြင်းမရှိပါ။ ထိုသို့ ဖော်ပြထားခြင်းမရှိသောကြောင့် မဲဆန္ဒရှင်စုစုပေါင်း၏ လေးပုံတစ်ပုံသာ ဆန္ဒမဲပေးလျှင်လည်း ဆန္ဒခံယူပွဲ အထမြောက်မည့် သဘောရှိသည်။ ယေဘုယျအားဖြင့် နိုင်ငံတိုင်းတွင် နိုင်ငံရေးအရ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်သည့် လူထုဆန္ဒခံယူပွဲတွင် တိုင်းပြည်ရှိ မဲဆန္ဒရှင်စုစုပေါင်း ထက်ဝက်ကျော် ငါးဆယ်ရာခိုင်နှုန်းကျော် ဆန္ဒမဲပေးမှသာ ဆန္ဒခံယူပွဲ အထမြောက်သည်။ ၂၀၀၇ ခုနှစ်ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒခံယူပွဲကျင်းပရာတွင်လည်း ထိုင်းနိုင်ငံတွင် မဲဆန္ဒရှင်စုစုပေါင်း ၄၅ သန်းရှိသည့်အနက်

၂၆ သန်းက ဆန္ဒမဲပေးကြသည်။ ၎င်းအရေအတွက်က မဲဆန္ဒရှင်စုစုပေါင်း၏ ထက်ဝက်ကျော် ၅၀% ကျော်သည်။ ထို့ကြောင့် ဆန္ဒခံယူပွဲမတိုင်ခင် မဲဆန္ဒရှင် စုစုပေါင်းအရေအတွက်ကို ထုတ်ပြန်ကြေညာပြီး ဆန္ဒခံယူပွဲအပြီးတွင် မဲဆန္ဒရှင်စုစုပေါင်း မည်မျှရှိ၍ မည်မျှက ဆန္ဒမဲပေးသည်ကို ထုန်ပြန်ကြေညာရမည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဖွဲ့စည်းခြင်းတွင်လည်း လွတ်လပ်မှုနှင့် သမာသမတ်ကျမှု မရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုဥပဒေ၏ အခန်း (၃) ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဖွဲ့စည်းခြင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ သည် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်တရပ်ကို သင့်လျော်သော နိုင်ငံသားများပါဝင်စေလျက် လိုအပ်သောအရေအတွက်ဖြင့် ဖွဲ့စည်းရမည်ဟု ပြောထားသည်။ ပြဿနာမှာ သင့်လျော်သော နိုင်ငံသားများဆိုသည့် စကားလုံးဝေါဟာရဖြစ်သည်။ လွတ်လပ်၍ မျှတသော ဆန္ဒခံယူပွဲ အမှန်တကယ်ဖြစ်စေချင်လျှင် ဆန္ဒခံယူပွဲ ကော်မရှင်ဖွဲ့စည်းရာတွင်လည်း လွတ်လပ်မှုရှိရမည်။ လူပုဂ္ဂိုလ်တစု သို့မဟုတ် အာဏာပိုင်တစုတို့က ထိုကော်မရှင်ပေါ်တွင် တစုံတရာ မလျော်ကန် မသင့်မြတ်သော ဩဇာအာဏာ သက်ရောက်ခြင်းမရှိစေရပါ။ ဤဥပဒေပါ သင့်လျော်သော နိုင်ငံသားများဆိုသည့် စာသားအရဆိုလျှင် လက်ရှိအုပ်ချုပ်နေသည့် နအဖ စစ်အစိုးရက ၎င်းတို့ကြိုက်သည့် ၎င်းတို့ကိုကြဇာခံမည့် နိုင်ငံသားများဖြင့် ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းနိုင်သည်။ ကော်မရှင်အဖွဲ့ဝင်ဖြစ်ရန် မည်သို့သောပုဂ္ဂိုလ်ဖြစ်ရမည်၊ မည်သည့်အရည်ချင်းများရှိရမည် စသည်ဖြင့် လွတ်လပ်သော ကော်မရှင်တရပ်ဖြစ်စေရန် အာမခံပေးထားသည့် အချက်များ တလုံးတပါဒမျှမပါရှိပါ။ မလွတ်လပ်သော ကော်မရှင်က ဦးဆောင်ကျင်းပသည့် ဆန္ဒခံယူပွဲသည် အဘယ်မှာ လွတ်လပ်သောဆန္ဒခံယူပွဲဖြစ်နေနိုင်ဦးမည်နည်း။ ထို့အပြင် နအဖ၏ အဆင့် ၇ ဆင့်ပါ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လမ်းပြမြေပုံတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုချက်မရရှိခဲ့ပါမူ မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို ဖော်ပြမထားပေ။ ဤအချက်ကိုထောက်ရှုခြင်းအားဖြင့် နအဖ က ၎င်းတို့စိတ်ကြိုက် ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းက ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲတွင် အတည်ပြုချက်ကို ရစေရမည်ဟု အပိုင်တွက်ထားကြောင်း ထင်ရှားသည်။ ထို့ကြောင့် နအဖ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်း အပေါ် လူထုဆန္ဒခံယူပွဲ ဥပဒေမဟုတ်ဘဲ ဥပဒေခေါင်းစဉ်အရ ၎င်းတို့၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်းအား အတည်ပြုရေး ဥပဒေသာဖြစ်သည်ကို တွေ့ရပါသည်။ နအဖ က ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ၎င်းတို့ ကိုယ်တိုင် ရေးဆွဲပြီး အတုအယောင် အမျိုးသားညီလာခံ ခေါ်ယူကျင်းပကာ ညီလာခံကိုယ်စားလှယ်များအား တဖက်သတ် အတည်ပြုထောက်ခံစေခဲ့သည်။ ယခုလည်း ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲ ခေါ်ယူ ကျင်းပ၍ လူထုအား ၎င်းတို့ကိုယ်တိုင် စိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တဖက်သတ် အတည်ပြု ထောက်ခံခိုင်းအုံးမည်သာဖြစ်သည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O. Box 144 Mae Sod Post Office Tak Province 63110 Thailand Tel. : (66) (055) 542910 Fax : (66) (055) 533766 Email : blcms@cscoms.com
Website : www.blc-burma.org

# မေလရွေးကောက်ပွဲတွင် ဖွဲ့စည်းပုံအခြေခံမူကြမ်းကို ပြည်သူများအနေဖြင့်ထောက်ခံမလား၊ မထောက်ခံဘူးလား ဆိုသည့်အချက်အပေါ် ဆက်သွယ်မေးမြန်းချက်

[ ဗွီအိုအေ ၂၃၊ ၀၂၊ ၂၀၀၈ ]

**ဦးကျော်အောင်လွင်**

ကြိုတင်ကြေညာထားတဲ့အတိုင်းဘဲ ယခုလာမယ့် မေလထဲမှာဘဲ မြန်မာပြည်သူတွေဆီက သဘောဆန္ဒတွေသိရအောင်လို့ မြန်မာအစိုးရက စီစဉ်ပေးထားပါတယ်။ ကိုယ့်တိုင်းပြည် အနာဂတ်ကို ဘယ်လိုဖြစ်စေချင်ကြသလဲ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူကြမ်းကတော့ ရေးဆွဲလို့ပြီးသွားပါပြီတဲ့၊ အဲ့ဒီမူကြမ်းကို ကြိုက်/မကြိုက်၊ ထောက်ခံမလား/မထောက်ခံဘူးလား၊ ဆန္ဒတွေကို မြန်မာပြည်သူများ ပေးကြရတော့မှာပါခင်ဗျ။ အဲဒီအတွက် ဘယ်လိုသဘောထားကြသလဲ၊ မြန်မာပြည်သူတွေ အဆင်သင့်ဖြစ်ကြပြီးလား၊ ဒီမိုကရေစီဆောင်ရွက်နေကြသူများကလည်း ဘယ်လိုသဘောထားကြသလဲ၊ မြန်မာအစိုးရကတော့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ကိုချီတက်သွားနေပါပြီ၊ ပြည်သူတွေလိုချင်နေတဲ့၊ ကမ္ဘာက မြင်ချင်နေတဲ့ ဒီမိုကရေစီ မြန်မာပြည်မှာ မကြာခင်တွေ့ရတော့မလားဆိုတာ ကျွန်တော်တို့ ပြောကြဆိုကြရပါခင်ဗျား၊ ဒီအစဉ်အဆက် ခက်ထန်ကြမ်းတမ်းခဲ့တဲ့ မြန်မာနိုင်ငံအရေး ရှေ့လျှောက် ချောမွေ့လာတော့မှာလားဆိုတာ မေးစရာတွေဖြစ်နေပါပြီ၊ ယခုအပတ်မှာ အထူးဖိတ်ခေါ်ထားသူတွေကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အန်အယ်လ်ဒီပါတီက ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်း၊ ဦးဉာဏ်ဝင်း ကတော့ ရှေ့နေတစ်ဦးဖြစ်ပါတယ်။ နောက်တစ်ဦးကတော့ ထိုင်းနိုင်ငံအခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီ ဘီအလ်စီက ဥက္ကဌ ဦးသိန်းဦး တို့ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာလည်း နိုင်ငံတကာက မေးကြမြန်းကြမဲ့သူတွေ တော်တော်များပါတယ်ခင်ဗျ၊ အရေးကြီးတာက ကျွန်တော်တို့ နာရီဝက်ပဲအချိန်ရလို့ လိုတိုရှင်းစနစ်နဲ့ဘဲ မေးကြဖြေကြဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား၊ ကျွန်တော်တို့စကြရအောင်ပါ၊ ယခု ဆရာဦးဉာဏ်ဝင်းရော၊ ဦးသိန်းဦး ရောက်ရှိနေပြီဆိုတော့ ယခုမေးကြမယ့်သူတွေထဲမှာ ထိုင်းနိုင်ငံက ဦးလှမောင် ရှိပါသလားခင်ဗျား၊ ဦးလှမောင် ပထမဆုံးမေးပါခင်ဗျား၊

**ဦးလှမောင်**

၉၀ ရွေးကောက်ပွဲနဲ့ ၁/၉၀ ကို အမျိုးသားဒီမိုကရေစီ အန်အယ်လ်ဒီအနေနဲ့ ယုတ္တိမရှိဘူး၊ မကျော်လွန်ဘူးဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ မကြာမီရက်ပိုင်းအတွင်းမှာလည်း

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆုံးဖြတ်ချက်ခိုင်မာတဲ့ သတင်းစကားကြားရတာလည်း ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ ကျွန်တော်တို့ ၉၀ ရွေးကောက်ပွဲမှာ ဆန္ဒမဲမပေးလိုက်ရတဲ့ နိုင်ငံရေးအကျဉ်းသမားတွေဟာ (၂၅၊ ၀၉၊ ၁၉၉၀) မှာကျွန်တော်တို့ ထောင်ထဲမှာဘဲ ဆန္ဒပြကြပါတယ်။ ကျွန်တော်တို့ အဲ့ဒီလိုဘဲ အခုမဲပေးခွင့်မရတဲ့ ထောင်ထဲမှာရှိတဲ့ နိုင်ငံရေးအကျဉ်းသမားတွေရယ်၊ သံဃာတော်တွေရယ်၊ နောက်ပြီး အရဲရင့်ဆုံး (၁၈) နှစ်အောက် ကျောင်းသားလူငယ်တွေဟာ ဘာလုပ်သင့်သလဲ၊ သူတို့နဲ့ တသားတည်းဖြစ်တဲ့ အရှုးတွေလိုပဲ ရှုးချင်ရောင်ဆောင်နေရမှာလားဆိုတာကို ကျွန်တော်သိချင်လို့ပါ။

**ဦးကျော်အောင်လွင်**

ဦးလှမောင် မေးခွန်း သိပ်မရှင်းဘူးခင်ဗျ၊ ဘာကိုပြောချင်တာပါလဲ။

**ဦးလှမောင်**

ကျွန်တော်ပြောချင်တာက မဲပေးခွင့်မရတဲ့လူတွေ၊ သံဃာတွေရယ်၊ ထောင်ကျအကျဉ်းသားတွေရယ်၊ နောက် (၁၈) နှစ်အောက် ရဲရင့်တဲ့ ကျောင်းသားတွေဟာ ဘာလုပ်သင့်ပါသလဲ၊ အရှုးတွေလိုဘဲ ရှုးချင်ယောင်ဆောင်နေရမှာလား၊ အဲ့ဒါသိချင်လို့ပါ။

**ဦးကျော်အောင်လွင်**

ဟုတ်ကဲ့၊ ဦးလှမောင် ဘယ်သူ့ကိုမေးချင်တာလဲခင်ဗျ။

**ဦးလှမောင်**

ဘယ်သူဘဲဖြစ်ဖြစ်ပေါ့ခင်ဗျ၊ ဦးဉာဏ်ဝင်းဆိုတော့ ပြည်တွင်းထဲမှာရှိနေတော့ ပိုကောင်းပါတယ်၊ ဆရာ ဦးဉာဏ်ဝင်း ဖြေပေးပါခင်ဗျ။

**ဦးဉာဏ်ဝင်း**

ကျွန်တော်တို့ မဲ့ပေးခွင့်မရှိတာကို ဦးလှမောင် ပြောသွားတဲ့ထဲမှာ ထောင်ထဲရောက်နေတာရယ်၊ သံဃာရယ်၊ အဲ့ဒီလို ကျွန်တော်တို့ကြားလိုက်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ်၊ ရွေးကောက်ပွဲလုပ်တယ်။ ၁၉၅၀၊ ၁၉၆၀ တွေမှာ ရွေးကောက်ပွဲတွေ တောက်လျှောက်လုပ်လာတယ်။ နောက်တစ်ခါ စစ်အုပ်ချုပ်ရေး ရွေးကောက်ပွဲတွေလုပ်တယ်။ ၉၀ ရွေးကောက်ပွဲတယ်။ ရွေးကောက်ပွဲ လုပ်တိုင်းလုပ်တိုင်းမှာ ဆန္ဒမဲပေးပိုင်ခွင့်မရှိတဲ့ စာရင်းထဲမှာ အကျဉ်းကျခံရတဲ့ လူတွေက မဲဆန္ဒပေးခွင့်မရှိဘူး၊ ရဟန်းသံဃာတွေ၊ သာသနာဘောင်ဝင်သွားတဲ့ ပုဂ္ဂိုလ်တွေက မဲပေးခွင့်မရှိဘူး၊ ဒါ ဥပဒေပါ၊ ကျွန်တော်တို့ သာမန်အားဖြင့် ရိုးရိုးချုပ်ထားတာ အပြစ်ကျတာမဟုတ်ရင် မဲပေးခွင့်ရှိပါတယ်။ ဒါက ဥပဒေအရ မဲပေးခွင့်ရှိပါတယ်လို့ ကျွန်တော်တို့ ဖြေကြားလိုပါတယ်။

**ဦးကျော်အောင်လွင်**

နောက်တစ်ဦးကလည်း ထိုင်းနိုင်ငံက နန်းမူအေးဖြစ်ပါတယ်ခင်ဗျ၊ နန်းမူအေး မေးပါခင်ဗျ။

**နန်းမိုးအေး**

ဟုတ်ကဲ့ရှင့် ကျွန်မတို့ပြည်သူတွေဟာ စစ်အစိုးရကို ကြောက်နေကြရတာပေါ့။ အထူးသဖြင့် နယ်စပ်ဒေသတွေမှာ စစ်အာဏာရှင်စနစ်နဲ့ အုပ်ချုပ်တဲ့ မငြိမ်းချမ်းတဲ့ တိုင်းရင်းသားနယ်မြေဒေသတွေမှာ ပိုဆိုးပါတယ်။ အာဏာပိုင်အဖွဲ့အစည်းများကလည်း ဖိအားပေးပြီး ပြည်သူတွေများကို ဆန္ဒခံယူပွဲလုပ်ခိုင်းမှာဘဲ၊ မှန်တယ်၊ မှားတယ်၊ တရားတယ်၊ မတရားဘူးဆိုတာ ဘာမှမသိရဘဲ သူတို့ခိုင်းတဲ့အတိုင်း လုပ်ကြရမှာဘဲပေါ့။ အဲ့ဒါဆိုလို့ရှိရင် စစ်အစိုးရပြောနေတဲ့၊ စည်းကမ်းရှိတဲ့ ဒီမိုကရေစီနည်းအတိုင်းသွားတယ်လို့ ယူဆနိုင်ပါ့မလား၊ နောက်တစ်ခုက ပြည်သူ့ကိုယ်စားလှယ်များမပါဘဲ စစ်အစိုးရရေးဆွဲခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကျွန်မတို့ပြည်သူတွေရဲ့ ရရှိပိုင်ခွင့်တွေ၊ လုပ်ဆောင်ပိုင်ခွင့်တွေကို တကယ်ဘဲ ဥပဒေဘောင်အတွင်းက တရားနည်းလမ်းကျကျ ရင်ဆိုင်နိုင်ခွင့်ရရှိနိုင်မလား၊ အခြေခံဥပဒေမှာပါတဲ့ အချက်အလက်တွေဟာ ပြည်သူတွေကို တကယ်ဘဲ အကာအကွယ်ပေးနိုင်မလား၊ ပြည့်စုံရဲ့လားလိုအပ်ချက်တွေကဘာလဲဆိုတာ သေချာမသိဘဲနဲ့ အဆင်သင့်မရှိဘဲ စစ်အစိုးရသဘောအတိုင်း လွတ်လပ်မှုမရှိဘဲနဲ့ ရွေးချယ်မယ်ဆိုရင် ကောင်းကျိုးတွေက ဘယ်လိုဖြစ်လာနိုင်ပြီးတော့ ဆိုးကျိုးတွေကလည်း ဘယ်အတိုင်းအတာအထိ ပြည်သူတွေခံစားလာရမလဲဆိုတာ ကျွန်မတို့ မေးချင်ပါတယ်။

**ဦးကျော်အောင်လွင်**

မေးခွန်းက တော်တော်ရှည်ပါတယ်။ များလည်းများပါတယ်။ အရေးလည်းကြီးတယ်ဆိုတော့ ဒီမေးခွန်းကို ဦးသိန်းဦး အရင်ဖြေပေးပါလားခင်ဗျား။

**ဦးသိန်းဦး**

ပထမဆုံးအချက်ကတော့ သူတို့လုပ်နေတဲ့ ဆန္ဒခံယူပွဲမှာ ပထမဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူထုတွေက သဘောမတူတဲ့ မူတွေပါနေတယ်။ ဥပမာဆိုလို့ရှိရင် ရွေးကောက်ပွဲမဝင်ဘဲနဲ့ စစ်တပ်က လေးပုံတစ်ပုံနေရာဝင်ယူမဲ့ ကိစ္စတွေဟာ ဒီမိုကရက်တစ် principles လို့ခေါ်တဲ့ ဒီမိုကရေစီမူသဘောအရနဲ့လည်းဘဲ လုံးဝမကိုက်ညီဘူး၊ ဆန့်ကျင်တယ်။ အဲဒီပြင်အခုလည်းဘဲ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်သူလူထုတွေသိအောင် ချပြပြီး ဆွေးနွေးပြီးတော့ ပြည်သူလူထုတွေဆီက အကြံဉာဏ်ကို ရယူရမဲ့အစား ပြည်သူလူထုကို ဘာမှမချပြဘဲ သူတို့ဆွဲလိုက်တယ်၊ ဆွဲပြီးတော့ ဒီနှစ်လအတောအတွင်းမှာဘဲ သေသေချာချာရှင်းမပြဘဲ ဆန္ဒခံယူပွဲလုပ်မယ်ဆိုတော့ ဒီမိုကရေစီကျင့်စဉ်နဲ့လည်း မကိုက်ညီဘူး၊ ဒါကြောင့် သူတို့လုပ်ဆောင်နေတဲ့ လုပ်ဆောင်ချက်တွေဟာ ဒီမိုကရေစီမူသဘောတွေနဲ့လည်း မကိုက်ညီဘူး၊ ဒီမိုကရေစီကျင့်စဉ်တွေနဲ့လည်း မကိုက်ညီတဲ့အတွက်ကြောင့် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဆိုတာနဲ့ အံဝင်ဂွင်ကျ ဘယ်တော့မှဖြစ်မှာမဟုတ်ဘူး၊ ဒါတွေဟာ ပြဿနာတွေဘဲဖြစ်လိမ့်မယ်။ ဒီမိုကရေစီမကျတဲ့ လုပ်ဆောင်ချက်တွေ၊ ဒီမိုကရေစီမရှိတဲ့ဟာတွေဘဲ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဒီမိုကရေစီမြေခံရေခံကနေ လုပ်တာမဟုတ်တဲ့အတွက်ကြောင့် ဘယ်လိုမှ ဒီမိုကရေစီကျတဲ့ ဒီမိုကရေစီနည်းကျကျနဲ့ ဆောင်ရွက်နိုင်တဲ့ကိစ္စတွေ ရှိလာမှာမဟုတ်ဘူးလို့ ကျွန်တော်တို့ပြောချင်ပါတယ်။

**ဦးကျော်အောင်လွင်**

ဆရာဦးဉာဏ်ဝင်း အနေနဲ့ကရော ခုနကမေးခွန်းအရ လွတ်လပ်တဲ့ ဆန္ဒခံယူပွဲ၊ လွတ်လပ်တဲ့ရွေးကောက်ပွဲတွေ ဖြစ်လာနိုင်ပါ့မလားခင်ဗျ၊ ဘယ်လိုထင်ပါသလဲ။

**ဦးဉာဏ်ဝင်း**

ဆန္ဒခံယူပွဲ၊ ရွေးကောက်ပွဲတွေ လွတ်လပ်မလား၊ မလွတ်လပ်ဘူးလားဆိုတာ ခုချိန်မှာ ကျွန်တော်တို့ ဘာမှမပြောနိုင်ဘူးခင်ဗျ၊ ဘာကြောင့်လဲဆိုရင် ဆန္ဒခံယူပွဲအတွက်ရော၊ လွှတ်တော်ရွေးကောက်ပွဲအတွက်ရော၊ ဥပဒေလည်းမရှိသေးဘူး၊ အဲ့ဒီတော့ ဘယ်စနစ်ကိုကျင့်သုံးပြီးတော့ ဘယ်လိုမဲပေးတဲ့စနစ်ကို ကျင့်သုံးမလဲဆိုတာ ကျွန်တော်တို့ မသိသေးဘူး၊ ဒါတစ်ချက်ပေ့ါ၊ ဒုတိယတစ်ချက်ကတော့ ခုနက ကျွန်တော်တို့ပြောသွားတဲ့ထဲမှာ အဖိနှိပ်ခံရလို့ အမှား၊ အမှန် မခွဲခြားနိုင်တဲ့သဘောကိုပြောတာ၊ ဒီနေရာမှာတော့ ကျွန်တော်တို့ တခု ဒေါ်အောင်ဆန်းစုကြည် စကားလေး ၂၀၀၃ ခုနှစ် တောက်လျှောက် ဒေါ်အောင်ဆန်းစုကြည် ပြည်သူတွေကို မှာကြားတဲ့ဟာလေးကို ကျွန်တော်လက်ဆင့်ကမ်းချင်တယ်။ အဲ့ဒါဟာ ဘာလဲဆိုတော့ မှားတာဟာ မှားတယ်၊ မှားတာကို မှန်သယောင်မလုပ်ဘို့ မှန်တာကို မှားသယောင်မလုပ်ဖို့၊ မှန်တယ်၊ မှားတယ် ဒါဘဲ။ ဒီဟာကို ဘယ်လောက်ဘဲကြောက်နေနေ ကျွန်တော်တို့ ကြောက်ကြောက်နဲ့ဘဲ အမှားအမှန်ကို ခွဲခွဲခြားခြား ဆောင်ရွက်ဖို့တော့ ပြည်သူအားလုံး လိုအပ်မယ်လို့ ကျွန်တော်ထပ်ပြောချင်ပါတယ်။

**ဦးကျော်အောင်လွင်**

ဟုတ်ကဲ့ခင်ဗျ၊ နောက်တစ်ဦးကတော့ မလေးရှားနိုင်ငံကပါခင်ဗျာ၊ ဦးဝင်းမင်းသန်း မေးစရာရှိတာမေးပါခင်ဗျ။

**ဦးဝင်းမင်းသန်း**

အခုမေလမှာပြုလုပ်မယ့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ လူထုဆန္ဒခံယူပွဲမှာ အခု ပြည်သူလူထုအနေနဲ့ လက်ခံတယ်။ လက်မခံဘူးဆိုတဲ့ ပြည်သူလူထုရဲ့ ဆန္ဒမှန်ကို ဖော်ထုတ်ခွင့် အမှန်တကယ် ရနိုင်ပါမလားခင်ဗျ။ ဒါက နံပါတ်တစ် အချက်ပေ့ါ၊ နံပါတ်နှစ် အချက်ကတော့ ဒီဆန္ဒခံယူပွဲမှာ ကျွန်တော်တို့၏ ဆန္ဒမှန်ကို ထုတ်ဖော်ခွင့်ရနိုင်ဖို့အတွက် ကုလသမဂ္ဂတို့၊ အာဆီယံတို့လို နိုင်ငံတကာအဖွဲ့အစည်းများက ကျွန်တော်တို့ပြည်သူများကို ဘာတွေလုပ်ပေးနိုင်ပါသလဲခင်ဗျာ။ ကျွန်တော်တို့ အန်အယ်လ်ဒီအနေနဲ့ရော ဘာတွေလုပ်ပေးနိုင်ပါမလဲခင်ဗျ။ ဒါကို ကျွန်တော်သိချင်ပါတယ်။ ဆရာဦးဉာဏ်ဝင်း ဖြေပေးပါလားခင်ဗျ။

**ဦးဉာဏ်ဝင်း**

ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ဆန္ဒ အမှန်ထုတ်ဖော်ဖို့ဆိုတာဟာ တိုင်းပြည်အတွက်ရော၊ နိုင်ငံအတွက်ရော၊ ပြည်သူလူထုအတွက်ရော၊ အားလုံးအတွက် လိုအပ်တဲ့အချက်ပါ၊ ကျွန်တော်တို့ကလည်း ဒါကိုဘဲစိုးရိမ်တယ်။ အဲ့ဒီတော့ အဲ့ဒီလို ဆန္ဒအမှန်ကို ထုတ်ဖော်နိုင်မလားလို့ မေးခွန်းကို ဖြေရလို့ရှိရင် ဒါဟာ လက်ရှိအာဏာရယူထားတဲ့ အစိုးရအဖွဲ့အနေနှင့် ဆောင်ရွက်ရမဲ့ကိစ္စ၊ အဲ့ဒီတော့ ကျန်တဲ့ကျွန်တော်တို့ အန်အယ်လ်ဒီကရော ဘာလုပ်ပေးနိုင်သလဲဆို

တာ၊ အန်အယ်လ်ဒီအနေနဲ့ကတော့ ဆန္ဒအမှန်ရဖို့ကိစ္စမှာ ဘယ်လိုဟာမျိုးဟာ ဆန္ဒအမှန် ထုတ်ဖော်နိုင်သလဲဆိုတာ ကျွန်တော်တို့ပြည်သူတွေကို အသိပေးသွားဖို့ပဲ ဖြစ်ပါတယ်။ ဆန္ဒ အမှန်ကိုလည်း ပြည်သူများဘက်ကလည်း အမှန်ထုတ်ဖော်ပြသဖို့ လိုပါတယ်လို့ အဲ့သည်လိုပဲ ကျွန်တော်ဖြေကြားလိုပါတယ်။

**ဦးကျော်အောင်လွင်**

ဦးသိန်းဦးအနေနဲ့ကလည်း ခုနမေးခွန်းထဲမှာပါသလို အခုလူတွေ မှန်မှန်ကန်ကန် လွတ် လွတ်လပ်လပ် ဆန္ဒအမှန်ထုတ်ဖော်ရေးမှာ ကုလသမဂ္ဂတို့၊ နိုင်ငံတကာအဖွဲ့အစည်းတွေက စောင့်ကြည့်ကူညီနိုင်တာမျိုးတွေ လုပ်တာမျိုးတွေ၊ ဖြစ်လာနိုင်ပါ့မလားခင်ဗျ။

**ဦးသိန်းဦး**

ကျွန်တော်ကတော့ အဲ့ဒါမျိုးတွေလုပ်လိမ့်မယ်လို့ မထင်ပါဘူးခင်ဗျ၊ ဆန္ဒမှန်ထုတ်ဖော် နိုင်ဖို့အခြေအနေဟာ အင်မတန်မှနည်းပါးတယ်လို့ ကျွန်တော်အနေနဲ့မြင်ပါတယ်။ ဘာဖြစ် လို့လဲဆိုရင် အခုထက်ထိ ဒီဆန္ဒခံယူပွဲက သိပ်ကပ်နေပေမယ့်လို့လည်း အခုထိသူတို့ဟာ ဘယ်လိုပုံစံမျိုးနဲ့ လုပ်မယ်ဆိုတာကို မကြေညာတာကိုကဘဲ လူထုကိုပွင့် ပွင့်လင်းလင်းနဲ့ မြင်သာတဲ့အချက်တွေမပြောဘူး၊ အဲ့ဒီအပြင် လွတ်လပ်တဲ့ အသင်းအဖွဲ့များနှင့်လည်း လေ့ လာနိုင်ပါတယ်လို့လည်းမပြောဘူး၊ မီဒီယာကိုလည်း ဖိတ်ခေါ်ထားတာမရှိဘူး၊ ဒီအခြေအနေ ကို အားလုံးသုံးသပ်ကြည့်မယ်ဆိုရင် သူတို့ဟာ မြန်မာနိုင်ငံအတွင်းမှာ ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ဖြတ်ပြီး သူတို့လိုချင်တဲ့ပုံစံမျိုး လုပ်နိုင်ဖို့အတွက်ကို ကြိုးစားနေတယ်ဆိုတာ ကို အင်မတန်မှ ထင်ရှားပေါ်လွင်နေပါတယ်။ အဲ့ဒါကြောင့်မို့ သူတို့ဟာ ဘယ်လိုပုံစံမျိုးနှင့် လုပ်မယ်ဆိုတာကို မပြောသေးသည့်တိုင်အောင် လွတ်လပ်သည့် တရားမျှတသော ဆန္ဒခံ ယူပွဲဖြစ်နိုင်လောက်သည့် ပတ်ဝန်းကျင်အနေအထားတွေ၊ ဒီမိုကရေစီဝန်းကျင်တွေ မရှိဘူးဆို တာ ပေါ်လွင်နေပါတယ်။ ဒါကြောင့်မို့ ဆန္ဒမှန်ဖော်ပြနိုင်ဖို့အတွက် အင်မတန်မှ အခြေအနေ နည်းပါးတဲ့ အနေအထားဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**ဦးကျော်အောင်လွင်**

နယ်သာလန်နိုင်ငံမှ ကိုမြတ်သီဟ မေးခွန်းမေးလို့ရပါပြီခင်ဗျ။

**ကိုမြတ်သီဟ**

ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်မေးချင်တဲ့အကြောင်းအရာကတော့ ပြည်တွင်းထဲမှာ နအဖ က ဖိနှိပ်ပြီးတော့ မတရားရေးဆွဲထားတဲ့ အခြေခံဥပဒေကြီးကို ပြည်သူတွေက ရင်ထဲမှာ မချိဘဲနဲ့ မဲပေးရမည့်ကိစ္စကြီး ဖြစ်ပေါ်နေတဲ့အနေအထားပေါ်မှာ ပြည်တွင်းထဲမှာရှိနေတဲ့ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရထားတဲ့ အန်အယ်လဒီပါတီအနေနဲ့ မူဝါဒတွေကိုတော့ ပြတ်ပြတ် သားသား ပွင့်ပွင့်လင်းလင်း ချပြထားတာရှိတယ်။ လုပ်ငန်းစဉ်အနေအထားနဲ့ ပြည်သူတွေ က တကယ်လို့ မဲမပေးချင်ဘဲနဲ့လည်း ပေးရသည်ရှိသော် အန်အယ်လ်ဒီအနေနှင့် လုပ်ငန်းစဉ် တွေအနေနဲ့ ဘာတွေချမှတ်ထားသလဲဆိုတာ သိချင်ပါတယ်။ နံပါတ်တစ်အချက်၊ နံပါတ်နှစ် အချက်ကဘာလဲဆိုတော့ ဦးသိန်းဦး ကို မေးချင်ပါတယ်။ ဦးသိန်းဦး တို့အနေနဲ့ ပြင်ပမှာနေပြီး

တော့ ပြည်တွင်းထဲက ပြည်သူတွေကို တကယ်ဆန္ဒမရှိဘဲနဲ့ တကယ်မတရားတဲ့ ဒီဆန္ဒခံယူပွဲကြီးကို ပြည်သူဘက်ကနေပြီး ဦးသိန်းဦး တို့အနေနဲ့ ဘာတွေပြင်ဆင်မှု၊ ဘာတွေလုပ်ဆောင်မှုတွေ ပြင်ဆင်ထားသလဲဆိုတာ ကျွန်တော်သိချင်ပါတယ်ခင်ဗျ။

**ဦးကျော်အောင်လွင်**

ပထမမေးခွန်းက ဆရာဦးဉာဏ်ဝင်းကို မေးတာပါခင်ဗျ၊ အန်အယ်လ်ဒီ၏ လုပ်ငန်းစဉ်အခုကိစ္စမှာ ဘယ်လိုချမှတ်ထားပါသလဲခင်ဗျာ။

**ဦးဉာဏ်ဝင်း**

ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော် ပထမဆုံး ပြောချင်တာက ကျွန်တော်တို့မြန်မာနိုင်ငံတွင်းမှာ လက်ရှိအခြေအနေအရ ကျွန်တော်တို့က ဘာလုပ်မလဲဆိုတာကို ကြိုပြောဖို့ကတော့ အခက်အခဲအများကြီးရှိပါတယ်။ ကြိုပြောခဲ့ရင် အဲ့ဒီဟာက လုပ်ငန်းကိုကြိုတင် ဖျက်ဆီးပြစ်ခံရမှာပဲ၊ သို့သော်လည်းပဲ ကျွန်တော်ပြောချင်တာက အန်အယ်လ်ဒီ ပါတီကသော်လည်းကောင်း၊ အရွေးချယ်ခံရသော ပုဂ္ဂိုလ်များကသော်လည်းကောင်း၊ သိပ်မကြာတဲ့အချိန်အတွင်းမှာ လုပ်ငန်းတွေကို ဆက်လုပ်သွားမယ်၊ အဲ့ဒါတွေကိုစောင့်ကြည့်ပါ၊ ဘာလဲဆိုတာကိုတော့ ကျွန်တော်တို့ ကြိုတင်ပြောဆိုလို့ မဖြစ်လို့ပါလို့ အဲ့ဒါကို ကျွန်တော်ကြိုတင်ပြောဆိုလိုပါတယ်။

**ဦးကျော်အောင်လွင်**

ဟုတ်ကဲ့ခင်ဗျ၊ ဦးသိန်းဦးကို သူမေးထားတဲ့ မေးခွန်းက ပြည်ပကအဖွဲ့အစည်းတွေက ပြည်တွင်းကို အခုကိစ္စ ဘယ်လိုစီစဉ်ထားပါသလဲတဲ့၊ ဦးသိန်းဦး ဖြေပေးပါခင်ဗျ။

**ဦးသိန်းဦး**

ဒီအတွက်တော့ ပြည်ပမှာရောက်နေတဲ့ ပုဂ္ဂိုလ်တွေက ပြည်တွင်းမှာရှိနေတဲ့ ပုဂ္ဂိုလ်များကို အားပေးဖို့လိုပါတယ်။ ကျွန်တော်တို့အနေနဲ့ Signature Campaigns တွေပေ့ါ၊ လက်မှတ်တွေထိုးပြီးတော့ ကျွန်တော်တို့ကစပြီး ဒီလိုလုပ်နေတဲ့ လုပ်ဆောင်ချက်တွေ ဒီမိုကရေစီနည်းမကျဘူး၊ ဒီမိုကရေစီကျင့်စဉ် ကျင့်ဝတ်တွေနဲ့လည်း မကိုက်ညီဘူး၊ ဒီမိုကရေစီစံချိန်စံညွှန်းတွေနဲ့လည်း ဘောင်မဝင်ဘူး၊ အဲ့ဒါကြောင့် ဒီလိုကိစ္စမျိုးမှာဆိုရင် ကုလသမဂ္ဂကနေပြီး စောင့်ကြည့်လေ့လာရေးအဖွဲ့တွေ စေလွှတ်သင့်တယ်။ ပြီးလျှင် Asian Governments တွေကနေပြီးတော့ ဒီကိစ္စတွေမှာ လွတ်လွတ်လပ်လပ်နှင့် တရားမျှတတဲ့ ဆန္ဒခံယူပွဲဖြစ်ဖို့ လုပ်သင့်တယ်ဆိုပြီး ကျွန်တော်တို့ နအဖအစိုးရကို အပြင်ကနေ ဖိအားပေးနိုင်ဖို့အတွက် ဒီ Signature Campaigns တွေ၊ UN Loby တွေ၊ ပြီးတော့ နိုင်ငံခြားအစိုးရတွေကို တိုက်တွန်းပေးဖို့ နအဖ စစ်အစိုးရအပေါ်မှာ ဒီလိုဖိအားပေးမှုတွေလုပ်ဖို့ ဒီဘက်မှာရှိပါတယ်။

**ဦးကျော်အောင်လွင်**

ဟုတ်ကဲ့ခင်ဗျ၊ ခုနက မလေးရှားက ဦးဝင်းမင်းသန်း ခင်ဗျ၊ မေးစရာလေးတစ်ခုကျန်နေလို့တဲ့ခင်ဗျ၊ ဦးဝင်းမင်းသန်း မေးပါခင်ဗျ။

**ဦးဝင်းမင်းသန်း**

ဟုတ်ကဲ့ခင်ဗျ အခုမေလမှာပြုလုပ်မယ့် ဆန္ဒခံယူပွဲကိုလည်း သူတို့က ပြည်သူတွေရဲ့ ဆန္ဒအမှန်ကို မပါရှိဘဲနဲ့လည်း အောင်မြင်အောင်လုပ်မယ်၊ ပြီးတော့လည်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကိုလည်း ပြည်သူတွေရဲ့ဆန္ဒမှန်မပါဘဲ ရွေးကောက်ပွဲလုပ်ပြီးမှ သူတို့ရဲ့ ကြိုးဆွဲအစိုးရ၊ ကြိုးကိုင်တဲ့အစိုးရကို တင်မြှောက်မယ်ဆိုရင် ကျွန်တော်တို့ ၁၉၉၀ ရွေးကောက်ပွဲက ရွေးကောက်ပွဲရဲ့ရလာဒ်က ပျက်ပြယ်သွားမှာလား၊ ဒါမှမဟုတ် အဲ့ဒီလိုပျက်ပြယ်သွားတဲ့ ထုံးစံကောရှိသလားဆိုတာကို ကျွန်တော်တို့ သိချင်ပါတယ်ခင်ဗျာ။

**ဦးကျော်အောင်လွင်**

ဒီမေးခွန်းကို ဆရာဦးဥာဏ်ဝင်းဖြေမလားခင်ဗျ။

**ဦးဥာဏ်ဝင်း**

ဟုတ်ကဲ့ပါ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကို ဘယ်နည်းနဲ့မှ ပျက်ပြယ်အောင်လုပ်လို့ မရဘူး၊ ဒီလိုရွေးကောက်ပွဲ တခုလုပ်တယ်၊ ရွေးကောက်ပွဲရဲ့ ကျွန်တော်တို့ လက္ခဏာတွေနဲ့လည်း တရားမျှတတယ်၊ လွတ်လပ်တယ်၊ ဒီလိုအခြေအနေရှိခဲ့တဲ့ ရွေးကောက်ပွဲတခုကို ကျွန်တော်တို့ ဘယ်ဥပဒေနဲ့မှ ဖျက်ခဲ့လို့မရပါဘူး၊ အကယ်၍ ဖျက်ခဲ့လိုရှိရင်လည်း ဒါဟာ ဥပဒေကို ကျူးလွန်ပြီး ဖျက်တာဘဲဖြစ်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်၊

**ဦးကျော်အောင်လွင်**

ဆရာဦးသိန်းဦး ဒီကိစ္စကို ထပ်ဖြေချင်ပါသေးလားခင်ဗျ၊ ဖြည့်စွက်ပြီးတော့ ဖြေပေးပါခင်ဗျ၊

**ဦးသိန်းဦး**

အဓိက တရားဥပဒေပိုင်းအရ ဒါဟာ တရားဝင်လုပ်ထားတဲ့ ကိစ္စဖြစ်ပါတယ်။ အာလုံးပြည်တွင်းကလည်းလက်ခံတယ်။ နိုင်ငံတကာကလည်း လက်ခံတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ရွေးကောက်ပွဲရလာဒ်ကို တစ်စုံတရာ အသိအမှတ်မပြုထားဘူး၊ အကောင်အထည်ဖော်မထားသေးဘဲနဲ့ ရွေးကောက်ပွဲရလာဒ်က ပျက်စရာအကြောင်းမရှိပါဘူး၊ နောက်တခုက ဒီရွေးကောက်ပွဲကို မဲပေးထားတဲ့ ပြည်သူလူထုဟာ အင်မတန်မှ အားကြီးပါတယ်။ လူထုကိုယ်တိုင်က သူတို့ရဲ့ဆန္ဒပေါ်မှာ သူတို့ဆန္ဒပြုထားတဲ့ဟာကို တစုံတခုမှ အကောင်အထည်မပေါ်ဘဲနဲ့ သူတို့ရဲ့ဆန္ဒကို မျက်ကွယ်ပြုမယ်ဆိုရင် လူထုကိုစော်ကားတာဖြစ်ပါတယ်။ တမင်တကာတကယ့်ကို စောကားတာဖြစ်ပါတယ်။ ဒါ လူထုအများစုကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလုပ်ခြင်းအားဖြင့်ဆိုရင် စစ်အစိုးရက သူတို့အာဏာသုံးပြီး လုပ်ကောင်းလုပ်နိုင်ပါတယ်။ ဒါပေမယ့် လူထုကတော့ အခဲလုံးဝကြေမှာမဟုတ်ပါဘူး။ လူထုက ဒီရွေးကောက်ပွဲကို မဖြစ် ဖြစ်တဲ့နည်းနဲ့ ဝိုင်းဝန်းပြီးတော့ အကောင်အထည်ဖော်မယ်ဆိုတာကို ကျွန်တော်ယုံကြည်ပါတယ်။

**ဦးကျော်အောင်လွင်**

မနန်းမိုးအေး (ထိုင်း) က မေးစရာရှိပါသေးလားခင်ဗျ။

**မနန်းမိုးအေး**

ခုနက ဆရာဦးဉာဏ်ဝင်းပြောသလိုပေါ့ အမှန်ကိုမှန်တဲ့အတိုင်း ပြည်သူလူထုက ဆန္ဒအမှန်ကို ရွေးချယ်ခဲ့လို့ စစ်အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်ရလို့ရှိရင် ပြည်သူတွေဘက်က အနန်အယ်လ်ဒီအနေနှင့်ရော နိုင်ငံတကာဘက်ကရော ကာကွယ်မှုတွေပေးနိုင်မလားဆိုတာ သိချင်ပါတယ်ရှင့်။

**ဦးကျော်အောင်လွင်**

ဟုတ်ကဲ့ခင်ဗျ။ ဒီမေးခွန်းကို ဦးသိန်းဦး ဖြေပေးပါလားခင်ဗျ။

**ဦးသိန်းဦး**

ကျွန်တော်မြင်တာကတော့ အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ လုပ်မယ်ဆိုရင် နိုင်ငံတကာက အရင်တုန်းကနဲ့စာရင် အင်မတန်မှ နီးနီးကပ်ကပ်နဲ့ စောင့်ကြည့်နေတဲ့ အနေအထားမှာဖြစ်ပါတယ်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာကစောင့်ကြည့်နေတဲ့ကာလအတောအတွင်း အရင်းတုန်းကလိုတော့ သူတို့လုပ်ချင်တိုင်း လုပ်လို့တော့မရတော့ပါဘူး။ ကျွန်တော်တို့က ညီညီညွတ်ညွတ်နဲ့ ဒါတွေကို လူထုဆန္ဒအစစ်အမှန်တွေကို တနည်းအားဖြင့်ပြောရမယ်ဆိုရင် သူတို့လုပ်တဲ့ လုပ်ရပ်တွေဟာ ဒီမိုကရေစီနည်းမကျတဲ့အတွက် လူထုအားလုံးက ဆန္ဒပြမယ်၊ သူတို့ရဲ့လုပ်ရပ်တွေကို ဆန့်ကျင်မယ်ဆိုရင်တော့ နိုင်ငံတကာကနေပိုပြီးတော့ စာနာပြီး ကျွန်တော်တို့ကို ဝင်ကူဖို့ရှိပါတယ်။ ကျွန်တော်တို့က ငြိမ်နေမယ်ဆိုရင်တော့ နိုင်ငံတကာက လက်ခံတယ်လို့ ထင်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့လည်း လူထုပေါ်မှာလည်း အများကြီးမူတည်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်ခင်ဗျ။

**ဦးကျော်အောင်လွင်**

အိန္ဒိယနိုင်ငံမှာရောက်နေတဲ့ ဦးခိုင်အောင်ကျော် မေးပါခင်ဗျ။

**ဦးခိုင်အောင်ကျော်**

ဟုတ်ကဲ့ ဒီနေ့ပြောနေကြထဲမှာ အဲ့ဒီလူထုဆန္ဒခံယူပွဲဆိုတဲ့နေရာမှာ ပြည်သူလူထုဘက်ကနေ အဆင်သင့် ဖြစ်ပြီလားဆိုတာ နိုင်ငံရေးစကားအရပြောရမယ်ဆိုရင် ပြည်သူလူထုနှစ်မျိုးနှစ်စားရှိတယ်ခင်ဗျ၊ နှစ်မျိုးနှစ်စားထဲက တစ်မျိုးက နအဖစစ်အစိုးရရဲ့ ဒီလူထုဆန္ဒခံယူပွဲကို လိုလားတဲ့ပြည်သူတွေ၊ နောက်တစ်မျိုးက ဒီမိုကရေစီကိုလိုလားတဲ့ ဒေါ်အောင်ဆန်းစုကြည် ကို မြတ်နိုးတဲ့ပြည်သူတွေ၊ အဲ့ဒီနှစ်ပိုင်းမှာ တဖက်မှာ နအဖ စစ်အစိုးရကို လိုလားတဲ့ ပုဂ္ဂိုလ်တွေ၊ ပြည်သူတွေက ၁၉၉၀ ခုနှစ်ကလို သူတို့မဲက တစည ကိုတည်ပေးကြလိမ့်မယ်၊ အဲ့ဒီကာလတုန်းကလည်း အန်အယ်လ်ဒီနှင့် တစည သိပ်မယှဉ်သာဘူး၊ အဲ့ဒီတုန်းကခေတ်၊

အခုအချိန်မှာဆိုရင် ပိုပြီးတော့ ဆိုးဝါးနိုင်ပါတယ်။ ရန်သူကိုတင်ပေးလို့မရဘူး။ ကောင်းပြီ အဲ့ဒီလိုဆိုရင် ကျွန်တော်တို့ နအဖ ကနေပြီးတော့ သူတို့က ချပြထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရှိတယ်ဆိုရင် ဒီမိုကရေစီလိုလားတဲ့ ပြည်သူတွေဘက်မှာ ဘာရှိသလဲ၊ အခုလိုပေးရမယ်ဆိုရင် ကျွန်တော်တို့ပြည်သူတွေက ဘာကိုပေးရမှာလဲ၊ ပေးရမယ်ဆိုတဲ့နေရာမှာ ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာရှိတယ်။ အဲ့ဒါကိုလည်း ကောင်စီကလည်း ဖျက်သိမ်းလိုက်တဲ့အတွက်ကြောင့် အဲ့ဒါ အတည်မပြုနိုင်ဘူး။ အဲ့ဒါကိုရှိတယ်။ အဲ့ဒါကိုရှိတဲ့ဟာကို ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို ဒါကို အတည်ပြုပြီး သုံးမယ်ဆိုရင် ရွေးကောက်ပွဲအနိုင်ရပါတီတွေဖြစ်တဲ့ အန်အယ်လ်ဒီပါတီနှင့် အခြားသော နိုင်ငံရေးပါတီတွေက ထုတ်ပြန်ကြေညာရင် ဒါမှမဟုတ်ရင် ကိုယ့်ပြည်တွင်းမှာရှိတဲ့ ပြည်သူတွေကို အားလုံး အသိပေးထားရင် ဒါမှမဟုတ် ပြည်ပက ပုဂ္ဂိုလ်တွေကလည်း အဲ့ဒီဟာကြီးကို စာအုပ်ထုတ်ပြီး ဖြန့်ချိထားလို့ရှိရင် ပြည်သူထုထုအနေနဲ့ကလည်း ဟိုဟာကြီးကို ကန့်ကွက်ကြတယ်။ ဒီဟာကြီးကိုထောက်ခံကြတယ်၊ ကျွန်တော်တို့ဘက်က နံပါတ်တစ်အချက်လိုတယ်၊ အဲ့ဒါနံပါတ်တစ်မေးခွန်းပါ၊ အဲ့ဒါကိုသိချင်တယ်။

**ဦးကျော်အောင်လွင်**

မေးခွန်းတောင်အတော်ရှည်နေပါပြီးခင်ဗျ၊ ဦးဉာဏ်ဝင်းနားလည်ရဲ့လားခင်ဗျ၊ မေးခွန်းဖြေပေးပါခင်ဗျား။

**ဦးဉာဏ်ဝင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိုပြောတာကို ကျွန်တော်နားလည်သဘောပေါက်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၉၀ ရွေးကောက်ပွဲပြီးတဲ့အချိန်မှာ ကျွန်တော်တို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ခုရေးပြီးသားရှိတယ်။ တစ်ခါ ၉ဒ ခုနှစ်ကျတော့ ကျွန်တော်တို့အမျိုးသားညီလာခံကို ကာကွယ်တဲ့ဥပဒေ ထွက်လာတဲ့အခါကျတော့ အဲ့ဒီမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆွဲခွင့်မရှိတော့ဘူး၊ အမျိုးသားညီလာခံရဲ့လုပ်ငန်းများကို ယှဉ်ပြိုင်လုပ်လို့မရဘူး၊ လုပ်လို့ရှိရင် အပြစ်ဒဏ်ဘယ်လိုရှိတယ်၊ ဘာညာဒီလိုထွက်လာတယ်။ သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုအတွက် လိုအပ်တာတွေကို ရေးဆွဲနိုင်ဖို့ အဆင်သင့်ရှိတယ်လို့အဖွဲ့ချုပ်က ကြေညာခဲ့ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မိတ်ဆွေကြီးမေးသလို ကျွန်တော်တို့ လက်ရှိအစိုးရက ရေးဆွဲတာတင်မဟုတ်ဘူး၊ ကျွန်တော်တို့ဘက်မှာလည်း လိုအပ်ရင်အဆင်သင့်ရှိပါတယ်လို့ ကျွန်တော်တို့ဖြေကြားချင်ပါတယ်။

**ဦးကျော်အောင်လွင်**

နောက်တဦးကတော့မလေးရှားနိုင်ငံက ဦးခင်မောင်မြင့်ပါခင်ဗျာ၊ ဦးခင်မောင်မြင့် မေးနိုင်ပါပြီခင်ဗျ၊

**ဦးခင်မောင်မြင့်**

ဟုတ်ကဲ့ခင်ဗျာ အခုလာမဲ့ မေလရွေးကောက်ပွဲမှာ ကျွန်တော်တို့ကနေပြီး နအဖကို မကြိုက်လို့ ကန့်ကွက်မဲပေးလိုက်ပြီးဗျား၊ နအဖ ကနေပြီး နောင်တစ်ချိန်မှာ ကျွန်တော်တို့ နေရပ်လိပ်စာ၊ နံမည်လိုက်ကောက်ပြီးတော့ လူကိုလာဖမ်းရင် တကယ်လို့များ အဖမ်းခံရရင် ဘယ်အဖွဲ့အစည်းမျိုးက ကာကွယ်ဖြေရှင်းပေးနိုင်မလဲလို့ ကျွန်တော်တို့ သိချင်ပါတယ်ခင်ဗျာ၊ ဒီမေးခွန်းကို ဆရာဦးသိန်းဦး ဖြေပေးပါခင်ဗျာ။

**ဦးသိန်းဦး**

ကျွန်တော်တို့ခန့်မှန်းတာကတော့ ဆန္ဒခံယူပွဲမှာ ကန့်ကွက်မဲပေးတာနဲ့ ပတ်သက်လို့ နံပါတ်တစ်အနေနဲ့ အနေအထားကတော့ ကန့်ကွက်မဲပေးတာကို သိစရာမလိုပါဘူး။ မည်သူမဆို လျှို့ဝှက်ပြီးပေးရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုရင် မိမိရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို လွတ်လွတ်လပ်လပ် ကျင့်သုံးပိုင်ခွင့်ရှိရမှာဖြစ်ပါတယ်။ အဲ့ဒီလိုမဟုတ်ဘူးဆိုရင် ဒါဟာ အစကတည်းက တကယ်ဥပဒေနှင့်မညီဘဲနဲ့ တကယ်ကိုပစ်စလက်ခတ် လုပ်ထားတဲ့ ဆန္ဒခံယူပွဲပဲဖြစ်ပါတယ်။ တကယ်ပဲ လူထုရဲ့ဆန္ဒအမှန်ကို လိုချင်လို့ရှိရင် ဘယ်သူကထောက်ခံတယ်။ ဘယ်သူက ကန့်ကွက်တယ်ဆိုတာကို ကျွန်တော်တို့သိစရာမလိုပါဘူး။ ဒုတိယအချက်က တကယ်လို့ သိသည့်တိုင်အောင် လူထုရဲ့ လွတ်လတ်တဲ့ ဆန္ဒခံယူပွဲဆိုတာ ဆန္ဒကိုပေးရတာ ကိုယ်က လွတ်လွတ်လပ်လပ်ပေးရတာကြောင့်မို့ ရဲရဲဝံ့ဝံ့နဲ့ ကိုယ်ရဲ့ဆန္ဒအမှန်ကို ပြောဖို့လိုပါတယ်။ ခုနလည်းဘဲ ဆရာဦးဉာဏ်ဝင်းပြောတာကို ကြားလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် မှာတဲ့စကားရှိပါတယ်။ မှားတာကို မှားတယ်လို့ ပြောရဲနိုင်တဲ့သတ္တိရှိဖို့ မွေးရမှာဖြစ်ပါတယ်။ ပြည်တွင်းထဲက ပြည်သူလူထုကို ကျွန်တော်အများကြီး ကိုယ်ချင်းစာပါတယ်။ ကျွန်တော်တို့ ပြည်ပမှာရှိနေတဲ့ လူတွေနဲ့စာရင် အများကြီးဒုက္ခရောက်နိုင်ပါတယ်။ ဒါပေမယ့်လို့လည်း ဒီလိုမှ ဒီအချိန်မှာ ရဲရဲဝံ့ဝံ့မလုပ်ဘူးဆိုရင် ကျွန်တော်တို့ပြည်သူလူထုဟာ အမြဲတမ်း စစ်အာဏာရှင်ရဲ့လက်အောက်ကို ရောက်သွားမှာဖြစ်ပါတယ်။ ဦးကျိုးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဆန္ဒခံယူပွဲဟာ အမှားနဲ့အမှန်ကို တိတိကျကျပြောရမယ့် ကိစ္စဖြစ်တာမို့ လူထုအားလုံးကနေ တိတိကျကျ ရဲရဲဝံ့ဝံ့ ပြောဖို့လိုတယ်လို့ ကျွန်တော်အနေနဲ့ တင်ပြလိုပါတယ်။

**ဦးကျော်အောင်လွင်**

ဟုတ်ကဲ့ခင်ဗျ။ ဆရာဦးဉာဏ်ဝင်း အနေနဲ့ ဒီကိစ္စကိုပြောပေးပါလားခင်ဗျား။

**ဦးဉာဏ်ဝင်း**

ဟုတ်ကဲ့ပါ။ မေးတဲ့မေးခွန်းရှင်က တကယ်လို့ အမှန်အတိုင်းဆောင်ရွက်ခဲ့လို့ အရေးယူခံရလျှင် ဘယ်သူကာကွယ်ပေးမလဲ၊ ယခု ကျွန်တော်တို့ လက်ရှိကျင့်သုံးနေတာကို ပြောရရင် စက်တင်ဘာအရေးအခင်းမှာ ဖမ်းဆီးခံရတဲ့လူတွေ၊ ဒီနေ့အထိ အများကြီးပဲ၊ အဲ့ဒီအများကြီးထဲမှာ အန်အယ်လ်ဒီအချို့ပါသလို၊ အန်အယ်လ်ဒီမဟုတ်တဲ့ ပုဂ္ဂိုလ်များလည်းပါတယ်။ သို့သော် ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ကတော့ အန်အယ်လ်ဒီဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကျွန်တော်တို့လိုအပ်တဲ့အကူအညီပေးတယ်။ တပိုင်းကတော့ လူမှုအထောက်

အကူကနေ သင့်တော်တဲ့ ထောက်ပံ့ကြေးပေးတယ်။ နောက်တပိုင်းကတော့ တရားရုံးတွေမှာ ခုခံဖို့ကျွန်တော်တို့လုပ်ပေးတယ်။ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်တာကတော့ ဥပဒေနှင့် အညီ ရသင့်တဲ့ခုခံကာကွယ်မှုကို ဥပဒေနှင့်အညီ ကာကွယ်ပေးပါ့မယ်။

**ဦးကျော်အောင်လွင်**

နောက်တစ်ယောက်ကတော့ ဒိန်းမတ်နိုင်ငံက ကိုအောင်စိုးမေးခွန်းမေးလို့ရပါပြီး။

**ကိုအောင်စိုး**

တိုက်ရိုက်လေလှိုင်းကတဆင့် ကျွန်တော်မေးခွန်းနှစ်ခုမေးချင်ပါတယ်။ မေလမှာပြုလုပ်မဲ့ လူထုဆန္ဒခံယူပွဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တွေ့ဆုံဆွေးနွေးပွဲကို ပြောင်ပြင်းဆန်ပြီး စစ်တပ်မှ အာဏာအခွန့်ရှည်ရေးကို ဦးစားပေးလုပ်ဆောင်နေတယ်လို့ ကျွန်တော်မြင်ပါတယ်။ မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို လူထုဆန္ဒခံယူမယ်ဆိုရင် လူထုကြိုက်မှာမဟုတ်ဘူးဆိုတာ ကျိန်းသေပါတယ်။ လက်ခံမှာလည်းမဟုတ်ပါဘူး၊ ဒါကို နအဖစစ်ခေါင်းဆောင်များလည်းသိပါတယ်။ နအဖစစ်ခေါင်းဆောင်တွေဟာ မေလမှာ လူထု ဆန္ဒခံယူပွဲ ပြုလုပ်မယ်ဆိုရင် ဆန္ဒခံယူပွဲရဲ့နောက်ကွယ်မှာ နအဖမှာ အကြံအစည်တခု ရှိလိမ့် မယ်လို့ထင်ပါတယ်။ အဲ့ဒီအကြံအစည်ကို ခန့်မှန်းသိနိုင်ရင် တင်ပြပေးစေလိုပါတယ်။ နောက် တခုက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူကထောက်ခံရင် ပြည်သူတွေအနေနဲ့ လက်ရှိအုပ်ချုပ်မှုနဲ့စာရင် ပိုပြီးသက်သာလာနိုင်မလားဆိုတာ ကျွန်တော်မေးချင်ပါတယ်။ ဘာကြောင့် ဒီလိုမေးရသလဲဆိုရင် လက်ရှိအုပ်ချုပ်မှုစနစ်အောက်မှာ ပြည်သူရဲ့ဘဝဟာ ရစရာမရှိအောင် အရမ်းကို စုတ်ပြတ်သတ်နေလို့ပါဘဲ။

**ဦးကျော်အောင်လွင်**

ဦးသိန်းဦး ပထမ မေးခွန်းကို ဖြေပေးပါခင်ဗျာ။ မြန်မာစစ်အစိုးရမှာ ဒီလိုလုပ်ပေးရတဲ့ ဆန္ဒခံယူပွဲရဲ့ နောက်ကွယ်မှာ ဘာအကြံအစည်များရှိပါသလဲတဲ့၊

**ဦးသိန်းဦး**

ပထမဆုံးကတော့ ဒီစစ်အစိုးရဟာ အာဏာသိမ်းထားတဲ့ စစ်အစိုးရဖြစ်တယ်။ တရား ဝင် အစိုးရမဟုတ်ပါဘူး တဖက်ကလည်းပဲ ၉၀ ခုနှစ်ရွေးကောက်ပွဲဟာ တရားဝင်လုပ်ထားတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ ၉၀ ခုနှစ်ရွေးကောက်ပွဲအရဆိုလျှင် ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို အာဏာလွှဲပြောင်းပေးရမှာဖြစ်တယ်။ သူတို့က နောက်ကွယ်မှာရော ရှေ့တွင်မှာပါရှင်းပါတယ်။ ပြည်သူလူထုကို အာဏာမပေးချင်ဘဲနဲ့ သူတို့ ရဲ့ အာဏာသက်ဆိုးရှည်ဖို့အတွက် လုပ်တဲ့ကိစ္စဖြစ်ပါတယ်။ တနည်းအားဖြင့်ပြောရရင် ဒီဖွဲ့ စည်းပုံကို အတည်ပြုနိုင်တယ်။ အဲ့ဒီအတိုင်းရွေးကောက်ပွဲပြုလုပ်မယ်ဆိုရင် သူတို့ဟာ လေးပုံ တပုံ လွှတ်တော်ထဲမှာရောက်မယ်။ သူတို့ စစ်တပ်ရဲ့ အာဏာရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားတဲ့ပွဲဖြစ်ပါတယ်။ ဒါနောက်ကွယ်ရော မြင်သာထင်သာတဲ့ အချက်ရောပဲဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်**

ဒုတိယမေးခွန်းကို ဆရာဦးဉာဏ်ဝင်းဖြေပေးပါခင်ဗျာ။ အခုလိုမျိုးမြန်မာအစိုးရက လုပ်တဲ့ကိစ္စတွေ အဆင်ပြေသွားလို့ရှိရင် လက်ရှိအခြေအနေထက် ပိုကောင်းတဲ့စနစ်တခု မြန်မာပြည်မှာ ပေါ်လာမယ်လို့ထင်ပါသလားတဲ့၊

**ဦးဉာဏ်ဝင်း**

ဟုတ်ကဲ့ ကျွန်တော်တို့ အဲ့ဒီလိုမျှော်လင့်လို့မရပါဘူး။ ဘာဖြစ်လို့လည်းဆိုရင် လက်ရှိ အာဏာသိမ်းစစ်အစိုးရရဲ့ အဲ့ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို လုပ်မယ့်တပိုင်းကို လုပ်ပြီးတဲ့အခါ ကျရင်တော့ တရားဥပဒေအရ စစ်အစိုးရဒီလိုဖြစ်လာတယ်၊ အဲ့ဒီတော့ စစ်အစိုးရချည်းပဲ ဖြစ်နေသည့်အတွက် ထူးခြားတဲ့ တိုးတက်မှုကတော့ ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။

**ဦးကျော်အောင်လွင်**

ထိုင်းနိုင်ငံမှ နန်းမိုးအေး မေးခွန်းမေးပါခင်ဗျ။

**နန်းမိုးအေး**

မွန်ပြည်သစ်ပါတီနှင့် ကေအိုင်အို အဖွဲ့နှစ်ဖွဲ့တို့၏ ရပ်တည်ချက်၊ ကွာခြားချက်ဟာ ဆိုရင် ပြည်သူတွေရဲ့ ရွေးချယ်မှုနဲ့ ဒီမိုကရေစီသွားနေတဲ့ လမ်းကြောင်းကို အခက်အခဲဖြစ်စေမ လားဆိုတာကို မေးချင်တာပါရှင်။ ဒီမေးခွန်းကို ဆရာဦးဉာဏ်ဝင်း သဘောပေါက်မယ်ထင် ပါတယ်။

**ဦးဉာဏ်ဝင်း**

မွန်ပြည်သစ်ပါတီနဲ့ ကေအိုင်အိုတို့၏ ဒီကိစ္စတွေမှာ ထုတ်ပြန်ချက်တွေဟာ နည်းနည်း တော့ မတူဘူးပေ့ါလေ၊ ဒီပေါ်မှာ စိုးရိမ်ပြီးတော့မေးနေတာပါ။ ကျွန်တော်တို့အမြင်ကတော့ ဒါဟာ သဘောတူညီခွင့်မရှိတဲ့ ဒီမိုကရေစီသဘောတရားပဲလေ၊ ဒီဟာကြောင့်လို့တော့ ကျွန်တော်တို့လမ်းကြောင်းမပျက်ဘူး၊ ကျွန်တော်တို့တိုင်းပြည်ကို အာဏာရယူလိုတဲ့ စေတ နာသည်သာ၊ စေတနာက ဘာလုပ်မလဲဆိုတဲ့ပေါ်မှာသာ ပိုမိုအရေးကြီးတယ်လို့ ကျွန်တော် ထင်ပါတယ်။

**ဦးအောင်ကျော်လွင်**

ထိုင်းနိုင်ငံက ကိုလင်း မေးချင်တဲ့မေးခွန်း မေးလို့ရပါပြီခင်ဗျာ။

**ကိုလင်း**

နံပါတတ် (၁) က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ၏ ကောင်းကျိုးဆိုးကျိုးများကို ပြည်သူတွေ အလွယ်တကူနားလည်သဘောပေါက်နိုင်တဲ့ ပညာပေးနည်းစနစ်များရှိလျင် ကျွန်တော်သိချင် ပါတယ်။ နံပါတ် (၂) က အကယ်၍ တရားမျှတခြင်းကင်းသည့် လွတ်လပ်မှုမရှိသော ဆန္ဒခံယူပွဲ ကြီးဖြစ်လျှင် ပြည်သူတွေက ဆန္ဒမဲပေးသင့် မပေးသင့်နှင့် နောက်ဆက်တွဲ ဖြစ်ပေါ် နိုင်မည့် အကျိုးအဆက်များကို သိပါရစေ။

**ဦးဉာဏ်ဝင်း**

ကျွန်တော်တို့ပြည်သူတွေ နားလည်သဘောပေါက်အောင် ရေဒီယို၊ သတင်းစာတွေမှာ ပါရမယ်။ ရှင်းလင်းပွဲတွေလုပ်ရမယ်။ ရှင်းလင်းပွဲများမှတဆင့် ရှင်းလင်းပွဲတွေ ကျေးရွာထိလုပ်နိုင်အောင် ဒါမျိုးတွေလုပ်ရင် အချိန်လည်းလုံလောက်ရမယ်။ လုပ်ပိုင်ခွင့်လည်းရှိရမယ်။ ဒီတော့မှ ပြည်သူလူထုတွေက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အနှစ်သာရ၊ အကျိုးကျေးဇူးကို နားလည်မှာပါ။ ဒီလိုဆောင်ရွက်ပိုင်ခွင့်ကိုလည်း ရှိဖို့လိုပါတယ်။

**ဦးအောင်ကျော်လွင်**

နောက်ဆုံးတစ်ယောက် မလေးရှားနိုင်ငံက ကိုတင်မိုး မေးပါခင်ဗျ၊ အချိန်ပို တစ်မိနစ်ကျော်ကျော် နှစ်မိနစ်လောက်သာ ကျန်ပါတော့တယ်။

**ကိုတင်မိုး**

ရွေးကောက်ပွဲမလုပ်ခင် ရွေးကောက်ပွဲမှာ တရားမျှတခြင်း ရှိ၊ မရှိနှင့် မရှိခဲ့လျင် ပြောသွားတာတဲ့အစီအစဉ်အတိုင်းပေ့ါလေ မရှိဘူးဆိုရင် ကျွန်တော်တို့ပြည်သူတွေအနေနဲ့ အင်မတန်မွန်မြတ်တဲ့ ရိုးရာသကြိန်ပွဲမှာ မတ်လမတိုင်ခင်မှာ ကျွန်တော်တို့အားလုံးက စားပွဲဝိုင်းမှာ တွေ့ဆုံဆွေးနွေးတဲ့ ဆွေးနွေးမှုဟာ မြန်မာနိုင်ငံ အနှစ်သာရပေ့ါနော် မြန်မာနိုင်ငံရှိ ပြည်သူတွေအားလုံးဟာ ဘယ်သူတွေမှ ရေမပက်ဘဲ ဆန္ဒပြမယ်၊ အိမ်တွင်းထဲကနေ အိမ်ပြင်မထွက်ဘဲဆန္ဒပြမယ်၊ ဒီဆန္ဒပြမှုဟာ ဖြစ်ပေါ်နိုင်မလား၊ မဖြစ်ပေါ် နိုင်ဘူးလားဆိုတာ ကျွန်တော်သိချင်လို့ပါ။

**ဦးအောင်ကျော်လွင်**

ဒါကတော့ ပြည်သူတွေကို မေးရမယ့်ကိစ္စပါခင်ဗျာ။ နောက်ဆုံးအနေနဲ့ တစ်မိနစ်ကျော်ကျန်ပါသေးတယ်။ ဆရာဦးဉာဏ်ဝင်းအနေနဲ့ လက်ရှိမြန်မာစစ်အစိုးရ၏ ပြင်ဆင်နေတဲ့ အနေအထား၊ မြန်မာပြည်သူတွေအနေနဲ့ ဒီအပေါ်မှာထားတဲ့သဘောထားတွေကို ဘယ်လို နောက်ဆုံး တွေ့သိထားပါသလဲ၊ အန်အယ်လ်ဒီအနေနဲ့ကရော ဒီကိစ္စပေါ်မှာ ဘယ်လောက်ထိ ပြင်ဆင်မှုတွေရှိနှင့်နေပြီးလဲ၊ ဘယ်လိုသဘောထားတွေရှိတယ်ဆိုတာ ကျွန်တော်ကို နိဂုံးချုပ်ပေးပါခင်ဗျာ။

**ဦးဉာဏ်ဝင်း**

ကျွန်တော်တို့ အခုချိန်မှာ အရေးတကြီးပြောဆိုဆွေးနွေးကြရနဲ့ တယောက်ကို တယောက် မေးမြန်းနေကြတာတွေကတော့ ၁/၂၀၀၈၊ ၂/၂၀၀၈ ပါဘဲ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနဲ့ ရွေးကောက်ပွဲ၊ အဲ့ဒီတော့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဘယ်ပုံစံနဲ့လုပ်မယ်၊ ဘယ်လိုစနစ်နဲ့လုပ်မယ်၊ ဘယ်လောက်ထိ ပြည်သူဆန္ဒကို တကယ်အစစ်အမှန် ဖော်ဆောင်နိုင်သလားဆိုတာ ကျွန်တော်တို့ အခုထိ ပြည်သူတွေလည်း မသိသေးဘူး၊ ကြေညာထားတာလည်းမရှိသေးဘူး၊ ဒါကတစ်အချက်၊ နံပါတ်နှစ်အချက်အနေနှင့် ကျွန်တော်တို့ ၂၀၁၀ မှာလုပ်မယ်ဆိုတဲ့ ပြည်လုံးကျွတ်ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အဲ့ဒီပါတီစုံဒီမိုကရေစီ ရွေးကောက်

ပွဲဟာ မေလမှာလုပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ဖြစ်မှ လုပ်ရမယ့်ဟာ၊ အဲ့ဒီတော့ မေလဆန္ဒပေးပွဲက ကန့်ကွက်လား၊ ထောက်ခံမလားဆိုတာ အဖြေမသိဘဲနဲ့ အခုလို ရွေးကောက်ပွဲအတွက် ကြေညာတာဟာ ကျွန်တော်တို့ မေလဆန္ဒခံယူပွဲ အမှန်အကန်ဖြစ်ပါမလားဆိုတဲ့ စိုးရိမ်စိတ်က ကျွန်တော်တို့ အများကြီးပိုပါတယ်။ အခိပ္ပါယ်ကလည်း ကျွန်တော်တို့အနေနဲ့ ထောက်ခံတယ်လို့အဖြေကို တခါတည်းထုတ်သလို ဖြစ်နေပါတယ်လို့ အဲ့ဒါပဲ တင်ပြချင်ပါတယ်။

**ဦးအောင်ကျော်လွင်**

ဦးသိန်းဦး အနေနဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး အကျဉ်းချုပ် နိဂုံးချုပ်ပေးပါအုန်းခင်ဗျာ။

**ဦးသိန်းဦး**

မေလပြည်သူ့ဆန္ဒခံယူပွဲဟာ အခုနက ဆရာဦးဉာဏ်ဝင်းပြောသလို ကြိုပြီး ရွေးကောက်ပွဲကြေညာထားတာမို့ လာမည့်ဆန္ဒခံယူပွဲဟာ သူတို့အတွက်က ရုပ်ပြသဘောလောက်သာဖြစ်တယ်၊ ဘာမှ အနှစ်သာရမရှိဘူးဆိုတာ အင်မတန်မှ ပေါ်လွင်နေပါတယ်။ ဒီဆန္ဒခံယူပွဲဟာ ကျွန်တော်တို့က လူထုဆီက စစ်မှန်တဲ့ဆန္ဒကို ယူချင်လို့မဟုတ်ဘဲ လူထုကို ဘယ်လိုအကြမ်းဖက်နည်းနဲ့ ဘယ်လိုအကြပ်ကိုင်တဲ့နည်းနဲ့ ယူမလဲဆိုတာကို ကျွန်တော်တို့ စောင့်ကြည့်နေပါတယ်။ ဘာဖြစ်လဲဆိုရင် ဒီဆန္ဒခံယူပွဲမှာ သူတို့ဟာ အနိုင်ရတော့မှ ရွေးကောက်ပွဲကို ကြေညာရမဲ့ဥစ္စာ ရွေးကောက်ပွဲကို ကြေညာထားတဲ့အတွက် သူတို့ဟာ ဆန္ဒခံယူပွဲမှာ အလေးအနက်မထားဘူး၊ ဆန္ဒခံယူပွဲကို ဖြစ်တဲ့နည်းနဲ့ လုပ်သွားမယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြစ်တဲ့နည်းနဲ့ အတည်ပြုသွားမယ်ဆိုတာကို ပေါ်လွင်နေပါတယ်။ ဒါကြောင့်မို့ ပြည်သူလူထုတရပ်လုံးကို တင်ပြလိုတာကတော့ အသိပေးချင်တာက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြစ်တဲ့နည်းနဲ့ ပြတ်ပြတ်သားသား ဆန့်ကျင်ကြပါလို့ဘဲ ကျွန်တော်တို့ပြောချင်ပါတယ်။

**ဦးအောင်ကျော်လွင်**

ပြည်သူတွေအနေနဲ့ အဖြေသိပြီးတော့ ပြိုင်ရမယ့်သဘောပေါ့ခင်ဗျာ၊ အားလုံးကျေးဇူးတင်ပါတယ်။

# ကုလသမဂ္ဂ
# အထွေထွေညီလာခံ

၁၂ စက်တင်ဘာ ၂၀၀၇
ဘာသာပြန် – ဂါမဏိ

## ခြောက်ဆယ့်တကြိမ်မြောက်အစည်းအဝေး
## ဆွေးနွေးပွဲခေါင်းစဉ် အမှတ် [၆၈]
## လူ့အခွင့်အရေးကောင်စီအစီရင်ခံစာ

## ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေး
## ကြေညာစာတမ်း

အထွေထွေညီလာခံသည်

ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေး ကြေညာစာတမ်း စာသားကို အတည်ပြုပေးခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ ၂၀၀၆ ဇွန် (၂၉) ရက် ဆုံးဖြတ်ချက်အမှတ် (၁/၂) ပါ ထောက်ခံအကြံပြုချက်ကို *ထည့်သွင်း မှတ်သားလျက်၊*

မိမိ၏ ၂၀၀၆ ဒီဇင်ဘာ (၂၀)ရက် ဆုံးဖြတ်ချက်အမှတ် (၆၁/၁၇၈) အရ နောက်ထပ်ဆွေးနွေးတိုင်ပင်ဖို့ အချိန်ပေးနိုင်ရန် ကြေညာစာတမ်းအား စဉ်းစားဆင်ခြင်ခြင်းနှင့် ဆောင်ရွက်ခြင်းတို့ကို ရွှေ့ဆိုင်းထားပြီး ခြောက်ဆယ့်တကြိမ် မြောက်အထွေထွေညီလာခံအစည်းအဝေး မပြီးဆုံးမီ စဉ်းစားဆင်ခြင်မှုအဆုံးသတ်ရန် ဆုံးဖြတ်ခဲ့မှုအားလည်း *ပြန်လည် သတိရလျက်၊*

လက်ရှိဆုံးဖြတ်ချက်၏ နောက်ဆက်တွဲတွင် ပါရှိသည့် ကုလသမဂ္ဂ ဌာနေတိုင်းရင်းသား လူမျိုးများအခွင့်အရေး ကြေညာစာတမ်းကို အတည်ပြုမှတ်လိုက်သည်။

## နောက်ဆက်တွဲ

## ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေး
## ကြေညာစာတမ်း

***အထွေထွေညီလာခံသည်၊***

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီး၏ ရည်မှန်းချက်များနှင့် အခြေခံမူများမှလည်းကောင်း၊ ပဋိညာဉ်စာတမ်းနှင့်အညီ နိုင်ငံများထမ်းဆောင်ရသော တာဝန်ဝတ္တရားများ ပြည့်မြောက်ခြင်းအပေါ် ကောင်းစွာ ယုံကြည်မှုမှလည်းကောင်း *လမ်းညွှန်လျက်၊*

ဌာနေတိုင်းရင်းသားလူမျိုးများသည် အခြားလူမျိုးအားလုံးနှင့် တန်းတူဖြစ်သည်နှင့် တချိန်တည်းတွင် လူမျိုးအားလုံး၏ ကွဲပြားခြားနားနိုင်ခွင့်၊ မိမိတို့ကိုယ်မိမိတို့ ကွဲပြားခြားနားစွာ ခံယူစဉ်းစားနိုင်ခွင့်၊ ယင်းသို့ ကွဲပြားခြားနားစွာ ဖြင့် လေးစားအသိအမှတ်ပြုခံနိုင်ခွင့်တို့ကို *အတည်ပြုလျက်၊*

လူမျိုးအားလုံးသည် ယဉ်ကျေးမှုလူ့အဖွဲ့အစည်းကြီးများနှင့် ယဉ်ကျေးမှုဓလေ့များ၏ ထွေပြားစုံလင်မှုနှင့် ကြွယ်ဝမှုတို့ကို အကျိုးပြုပြီး လူသားမျိုးနွယ်ကြီး၏ ဘုံအမွေအနှစ်ထဲ ပါဝင်ဖွဲ့တည်နေခြင်းကို*လည်း အတည်ပြုလျက်၊*

အမျိုးသားမူလဇစ် (ဝါ) လူမျိုး ကွဲပြားမှု၊ ဘာသာရေးကွဲပြားမှု၊ တိုင်းရင်းသား လူမျိုးစု ethnic ကွဲပြားမှု သို့မဟုတ် ယဉ်ကျေးမှုကွဲပြားမှုအခြေခံပေါ်မှ လူမျိုးများ သို့မဟုတ် တဦးချင်း လူပုဂ္ဂိုလ်များ၏ ကြီးမြင့်မှုအပေါ် အခြေခံသော သို့တည်းမဟုတ် ကြီးမြင့်မှုကို လှုံ့ ဆော်အားပေးသော မူဝါဒအားလုံး၊ ပေါ်လစီအားလုံး၊ လုပ်ရပ်အားလုံးသည် လူမျိုးခွဲခြား ရေး racist ဖြစ်ကြောင်း၊ သိပ္ပံပညာအရ မှားယွင်းကြောင်း၊ တရားဥပဒေအရ တရားမဝင် ကြောင်း၊ စာရိတ္တပိုင်းအရ မလို လားအပ်ကြောင်းနှင့် လူမှုရေးအရ တရားမျှတမှုမရှိကြောင်း *ထပ်လောင်းအတည်ပြုလျက်၊*

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့အခွင့်အရေးများကို ကျင့်သုံးရာ၌ မည်သို့ သော ခွဲခြားဆက်ဆံမှုမျိုး discrimination မဆိုမှ ကင်းရှင်းစေရန် *ထပ်မံအတည်ပြုလျက်၊*

ဌာနေတိုင်းရင်းသားလူမျိုးများသည် အခြားအချက်အလက်များအပြင် မိမိတို့မြေယာ များ၊ နယ်မြေများ၊ သယံဇာတများ ကိုလိုနီကျွန်ပြုခံရမှုနှင့် လက်မဲ့ဖြစ်သွားမှုတို့၏ ရလဒ် ကြောင့် သမိုင်းနှင့်ချီ၍ မတရားမှုများ ခံစားခဲ့ရခြင်း၊ ဤသို့ဖြင့် မိမိတို့၏ ကိုယ်ပိုင်လိုအပ် ချက်များ ကိုယ်ပိုင်အကျိုးစီးပွားများနှင့်အညီ ဖွံ့ဖြိုးတိုးတက်ခွင့် ကျင့်သုံးမှုမှ ဟန့်တားခံရခြင်း ကို *စိုးရိမ်သောကဖြစ်လျက်၊*

မိမိတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအဆောက်အအုံများမှလည်းကောင်း၊ မိမိတို့ ၏ ယဉ်ကျေးမှုဓလေ့များ၊ စိတ်ပိုင်းဆိုင်ရာအစဉ်အလာများ၊ သမိုင်းနှင့် ဒဿနအတွေးအခေါ် များမှ ပေါက်ဖွားလာသော ဌာနေတိုင်းရင်းသားလူမျိုး မွေးရာပါအခွင့်အရေးများ၊ အထူးသဖြင့် မိမိတို့မြေယာ၊ နယ်မြေနှင့် သယံဇာတများဆိုင်ရာ ရပိုင်ခွင့်များကို လေးစားရန်နှင့် အားပေး မြှင့်တင်ရန် အရေးတကြီး လိုအပ်မှုကို *အသိအမှတ်ပြုလျက်၊*

နိုင်ငံအစိုးရများနှင့် စာချုပ်များ၊ သဘောတူညီချက်များနှင့် အခြား အပြုသဘော စီစဉ်မှုများ၌ အတည်ပြုထားသော ဌာနေတိုင်းရင်းသား လူမျိုးအခွင့်အရေးများကို လေးစား ရန်နှင့် အားပေးမြှင့်တင်ရန် အရေးတကြီး လိုအပ်မှုကို*လည်း အသိအမှတ်ပြုလျက်၊*

ဌာနေတိုင်းရင်းသားလူမျိုးများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်မြင့်မားရေးအတွက်လည်းကောင်း၊ မည်သည့်နေရာ၌မဆို ပေါ်ပေါက်သည့် ခွဲခြား ဆက်ဆံမှုနှင့် ဖိနှိပ်မှုသဏ္ဍာန်အားလုံးကို အဆုံးသတ်နိုင်ရန်အတွက်လည်းကောင်း မိမိတို့ ဖာသာ မိမိတို့ စည်းရုံးဖွဲ့စည်းနေကြခြင်းဟူသော အချက်ကို *ကြိုဆိုလျက်၊*

ဌာနေတိုင်းရင်းသားတို့က မိမိတို့အပေါ်နှင့် မိမိတို့မြေယာ၊ နယ်မြေနှင့် သယံဇာတများ အပေါ် ထိခိုက်မှုရှိသည့် ဖွံ့ဖြိုးဖြစ်ထွန်းမှုများကို ချုပ်ကိုင်ခြင်းက မိမိတို့ဖွဲ့စည်းပုံများ၊ ယဉ်ကျေး မှုဓလေ့များနှင့် ရိုးရာအစဉ်အလာများကို ထိန်းသိမ်း ကြံ့ခိုင်စေနိုင်ပြီး မိမိတို့ မျှော်မှန်းချက်များ လိုအပ်ချက်များနှင့်အညီ ဖွံ့ဖြိုးရေးကို မြှင့်တင်နိုင်စေမည်ဟု *အခိုင်အမာယုံကြည်လျက်၊*

ဌာနေတိုင်းရင်းသားတို့၏ အသိပညာ၊ ယဉ်ကျေးမှုဓလေ့များနှင့် ရိုးရာစဉ်လာ ကျင့်ထုံးများကို လေးစားခြင်းဖြင့် အရှည်တည်တံ့၍ တန်းတူညီမျှသည့် ဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ကို မှန်ကန်သင့်လျော်စွာစီမံခန့်ခွဲရေးတို့အတွက် အကျိုးပြုမှုကို *အသိအမှတ်ပြုလျက်၊*

ဌာနေတိုင်းရင်းသားတို့၏ မြေယာများ၊ နယ်မြေများ၌ စစ်မဲ့သွားစေခြင်းဖြင့် ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် လူမှုတိုး တက်ရေး၊ ဖွံ့ဖြိုးရေးတို့အတွက်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် ကမ္ဘာ့ပြည်သူများအကြား နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုများအတွက်လည်းကောင်း၊ အကျိုးပြုခြင်းကို *အလေးထားလျက်၊*

ဌာနေတိုင်းရင်းသားမိသားစုများနှင့် ရပ်ရွာများက မိမိတို့ကလေးသူငယ်များ ကလေးအခွင့်အရေးနှင့် ကိုက်ညီစွာ မွေးမြူစောင့်ရှောက်ရေး၊ လေ့ကျင့်ပညာသင်ကြားပေးရေး၊ ကျန်းမာပျော်ရွှင်ရေးတို့အတွက် ဘုံတာဝန်ယူမှုကို ထိန်းသိမ်းနိုင်ခွင့်အား *အထူးတလည် အသိအမှတ်ပြုလျက်၊*

နိုင်ငံအစိုးရများနှင့် ဌာနေတိုင်းရင်းသားများအကြား စာချုပ်များ၊ သဘောတူညီချက်များနှင့် အခြား အပြုသဘောစီစဉ်ဆောင်ရွက်မှုများသည်၊ အချို့သောအခြေအနေများတွင်၊ နိုင်ငံတကာမှ အာရုံစိုက်ပူပန်စရာ၊ စိတ်ဝင်စားစရာ၊ တာဝန်ယူစရာကိစ္စရပ်များဖြစ်နေမှုနှင့် နိုင်ငံတကာ လက္ခဏာဆောင်မှုကို ဆင်ခြင်စဉ်းစားလျက်၊

စာချုပ်များ၊ သဘောတူညီချက်များ၊ အခြားအပြုသဘောစီစဉ်ဆောင်ရွက်မှုများနှင့် ယင်းတို့ကကိုယ်စားပြုသော ဆက်စပ်မှုသည် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် နိုင်ငံအစိုးရများအကြား ခိုင်မာတောင့်တင်းသော ပေါင်းဖက်မှု၏ အခြေခံအုတ်မြစ်ဖြစ်မှုကို*လည်း ဆင်ခြင်စဉ်းစားလျက်၊*

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အားဖြင့် မိမိတို့၏ နိုင်ငံရေးအဆင့်အတန်းကို လွတ်လပ်စွာ သတ်မှတ်ပြဋ္ဌာန်းနိုင်ကာ မိမိတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို လွတ်လပ်စွာ လိုက်စားကြိုးဆောင်နိုင်သဖြင့်၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူချက်နှင့် အရပ်ဖက် အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူချက်၊ ထို့အပြင် ဗီယင်နာကြေညာချက်နှင့် လုပ်ငန်းအစီအစဉ်တို့က လူမျိုးအားလုံးအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ အရင်းခံကျသောအရေးပါမှုကို အခိုင်အမာအတည်ပြုထားခြင်းကို *အသိအမှတ်ပြုလျက်၊*

မည်သည့်လူမျိုးဖြစ်စေ နိုင်ငံတကာဥပဒေနှင့်အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကျင့်သုံးခြင်းအား ငြင်းပယ်ရာ၌ ဤကြေညာစာတမ်းကို အသုံးမချနိုင်စေရန် *ရည်သန်လျက်၊*

ဤကြေညာစာတမ်းပါ ဌာနေတိုင်းရင်းသားလူမျိုးအခွင့်အရေးများကို အသိအမှတ်ပြုခြင်းက နိုင်ငံအစိုးရနှင့် ဌာနေတိုင်းရင်းသားလူမျိုးတို့အကြား တရားမျှတမှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးလေးစားမှု၊ ခွဲခြားဆက်ဆံမခံရမှုနှင့် စိတ်ကောင်းစေတနာရှိမှုတို့အပေါ်အခြေခံသည့်၊ သဟဇာတကျလျက် ပူးပေါင်းဆောင်ရွက်မှုရှိသောဆက်ဆံရေးများ အားကောင်းစေမည်ကို *အခိုင်အမာယုံကြည်လျက်၊*

နိုင်ငံအစိုးရများအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အထူးသဖြင့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့်ဌာနများ အောက်၌ သက်ဆိုင်ရာလူမျိုးများနှင့် တိုင်ပင်ညှိနှိုင်းခြင်း ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဌာနေတိုင်းရင်းသားလူမျိုးတို့နှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားများကို ဖြည့်ဆည်းခြင်း၊ ထိရောက်စွာအကောင်အထည်ဖော်ခြင်းပြုလုပ်ရန် *အားပေးလျက်၊*

ဌာနေတိုင်းရင်းသားလူမျိုးအခွင့်အရေးများကို မြှင့်တင်ရာနှင့် ကာကွယ်စောင့်ရှောက်ရာ၌ ကုလသမဂ္ဂသည် အရေးပါသည့်အခန်းမှ ဆက်လက်ပါဝင်ဆောင်ရွက်ရေးကို *အလေးပေးလျက်၊*

ဤကြေညာစာတမ်းသည် ဌာနေတိုင်းရင်းသားလူမျိုးတို့၏ အခွင့်အရေးများ လွတ်လပ်ခွင့်များကို အသိအမှတ်ပြု မြှင့်တင်ကာကွယ်ရာ၌လည်းကောင်း၊ ဤနယ်ပယ်၌ သက်ဆိုင်ရာ ကုလသမဂ္ဂစနစ်၏ လုပ်ရှားမှုများ ဖွံ့ဖြိုးတိုးတက်စေရာ၌လည်းကောင်း နောက်ထပ်အရေးပါသည့် ရှေ့ခြေလှမ်းတခုဖြစ်ကြောင်း *ယုံကြည်လျက်၊*

ဌာနေတိုင်းရင်းသားတဦးချင်းသည် နိုင်ငံတကာဥပဒေမှ အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေးအားလုံးနှင့် ခွဲခြားမှုမရှိဘဲ အကြုံးဝင်ကြောင်းနှင့် ဌာနေတိုင်းရင်းသားလူမျိုးများသည် လူမျိုးများအဖြစ် မိမိတို့၏ ရပ်တည်ရေး၊ သာယာဝပြောရေးနှင့် တစုတစည်းတည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်သော စုပေါင်းအခွင့်အရေးများ ပိုင်ဆိုင်ကြောင်း *အသိအမှတ်ပြုကာ ထပ်လောင်းအတည်ပြုလျက်၊*

ဌာနေတိုင်းရင်းသားလူမျိုးတို့၏ အခြေအနေသည် ဒေသတခုနှင့်တခု တိုင်းပြည်တပြည်နှင့်တပြည် ကွဲပြားကြောင်းနှင့် အမျိုးသားရေး၊ နယ်မြေဒေသရေး ထူးခြားချက်များ၊ အမျိုးမျိုးသော သမိုင်းကြောင်းနောက်ခံနှင့် ယဉ်ကျေးမှုနောက်ခံများ၏ အရေးပါမှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း*လည်း အသိအမှတ်ပြုလျက်၊*

အောက်ဖော်ပြပါ ကုလသမဂ္ဂ ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေး ကြေညာစာတမ်းကို ပေါင်းသင်းဆက်ဆံရေးနှင့် အပြန်အလှန်လေးစားရေးစိတ်ဓာတ်ဖြင့် ကျင့်သုံးဆောင်ရွက်၍ ထမြောက်အောင်မြင်စေရမည့်စံနှုန်းအဖြစ် *လေးနက်တည်ကြည်စွာ ချမှတ်ကြေညာလိုက်သည်။*

## ပုဒ်မ (၁)

ဌာနေတိုင်းရင်းသားလူမျိုးများ Indigenous peoples သည် အစုအပေါင်းတခုအဖြစ်သော်လည်းကောင်း၊ တဦးချင်းအဖြစ်သော်လည်းကောင်း ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းနှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ တို့မှ အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်အားလုံးကို အပြည့်အဝ ခံစားခွင့်ရှိသည်။

## ပုဒ်မ (၂)

ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဌာနေတိုင်းရင်းသားတဦးချင်းတို့သည် လွတ်လပ်ပြီး အခြားလူမျိုးများ၊ အခြားလူတဦးချင်းများနှင့် တန်းတူဖြစ်သည်။ မိမိတို့၏အခွင့်အရေးများ၊ အထူးသဖြင့် ဌာနေတိုင်းရင်းဇာတိ သို့မဟုတ် ကိုယ်ပိုင်အမှတ်အသား လက္ခဏာအပေါ် အခြေခံသည့် အခွင့်အရေးများကျင့်သုံးရာတွင် မည်သည့်ခွဲခြားဆက်ဆံမှုမျိုးမဆိုမှ ကင်းလွတ်ခွင့်ရှိသည်။

## ပုဒ်မ (၃)

ဌာနေတိုင်းရင်းသားလူမျိုးများ၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည်။ ယင်းအခွင့်အရေးအရ

၎င်းတို့သည် မိမိတို့၏ နိုင်ငံ ရေးအနေအထားကို လွတ်လပ်စွာသတ်မှတ်ပြဋ္ဌာန်းခွင့်ရှိပြီး မိမိတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို လွတ်လပ်စွာ လိုက်စားကျင့်သုံးခွင့်ရှိသည်။

## ပုဒ်မ (၄)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးရာ၌ မိမိတို့၏ အတွင်းရေး၊ ဒေသန္တရရေးနှင့် ပတ်သက်သည့် အကြောင်းကိစ္စများ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့် autonomy သို့မဟုတ် ကိုယ်ပိုင်အစိုးရ ထားရှိခွင့် self-government ရှိသည့်အပြင် မိမိတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေးလုပ်ငန်းများကို ဘဏ္ဍာငွေထောက်ပံ့ရန် နည်းလမ်းများ နည်းနာများ အသုံးပြုခွင့်လည်းရှိသည်။

## ပုဒ်မ (၅)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့မှရွေးချယ်သည့်အတိုင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဘဝတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို ထိန်းသိမ်းထားလျက် မိမိတို့၏ သီးသန့် နိုင်ငံရေး၊ ဥပဒေရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအဆောက်အအုံများကို ထိန်းသိမ်း ကြံ့ခိုင်အောင် လုပ်ပိုင်ခွင့်ရှိသည်။

## ပုဒ်မ (၆)

မည်သည့်ဌာနေတိုင်းရင်းသားတဦးချင်းမဆို လူမျိုးတမျိုး nationality အဖြစ်ခံယူခွင့်ရှိသည်။

## ပုဒ်မ (၇)

၁။ ဌာနေတိုင်းရင်းသားတဦးချင်းသည် အသက်ရှင်ရပ်တည်ပိုင်ခွင့်၊ ရုပ်ပိုင်း စိတ်ပိုင်း ပြည့်စုံခိုင်မြဲပိုင်ခွင့်၊ လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်အရ လုံခြုံမှုရပိုင်ခွင့်ရှိသည်။

၂။ ဌာနေတိုင်းရင်းသားလူမျိုးများသည် သီးခြားလူမျိုးများအဖြစ် လွတ်လပ်ငြိမ်းချမ်းလုံခြုံစွာ စုပေါင်းနေထိုင်ခွင့်ရှိပြီး အုပ်စုတွင်းမှကလေးငယ်များကို အခြားအုပ်စုဆီသို့ အတင်းအကြပ်ရွှေ့ပြောင်းပစ်ခြင်းအပါအဝင် မည်သို့သော လူမျိုးတုံးသတ်ဖြတ်မှု သို့မဟုတ် မည်သို့သော အခြားအကြမ်းဖက်မှုတို့ကိုမှ မခံရစေရ။

## ပုဒ်မ (၈)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဌာနေတိုင်းရင်းသား တဦးချင်းတို့သည် မိမိတို့ယဉ်ကျေးမှုကို အတင်းအကြပ် ဝါးမျိုသိမ်းသွင်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မခံရစေရန် အခွင့်အရေးရှိသည်။

၂။ နိုင်ငံအစိုးရများသည် အောက်ပါတို့ကို ကာကွယ်ရန်နှင့် လျော်ကြေးရရှိစေရန်အတွက် ထိရောက်သော ယန္တရားများ ဆောင်ကျဉ်းပေးရမည်။

(က) သီးသန့်လူမျိုးများအဖြစ် မိမိတို့၏တည်တံ့ခိုင်မြဲမှုကိုသော်လည်းကောင်း၊ မိမိတို့၏ ယဉ်ကျေးမှုတန်ဖိုးများကိုသော်လည်းကောင်း၊ တိုင်းရင်းသားကိုယ်ပိုင်

အမှတ် လက္ခဏာများ ethnic identities ကိုသော်လည်းကောင်း ဆုံးရှုံးစေမည့် ရည်ရွယ်ချက် သို့မဟုတ် ရလဒ်ဖြစ်စေသည့် မည်သည့်လုပ်ရပ်မဆို

(ခ) မိမိတို့၏မြေယာများ သို့မဟုတ် နယ်မြေများ သို့မဟုတ် သယံဇာတများ လက်မဲ့ဖြစ်စေမည့်ရည်ရွယ်ချက် သို့မဟုတ် ရလဒ်ဖြစ်စေသည့် မည်သည့် လုပ်ရပ်မဆို

(ဂ) မိမိတို့၏ အခွင့်အရေးတခုခုကို ဖောက်ဖျက်မည့် သို့မဟုတ် ပျက်ပြားစေမည့် ရည်ရွယ်ချက် သို့မဟုတ် ရလဒ်ဖြစ်စေသည့် မည်သည့် အတင်းအကြပ် လူဦးရေ ရွှေ့ပြောင်းမှုသဏ္ဍာန်မဆို

(ဃ) မည်သည့် အတင်းအကြပ်ဝါးမျိုသိမ်းသွင်းမှု သို့မဟုတ် ပေါင်းစည်းမှုသဏ္ဍာန် မဆို

(င) မိမိတို့ကို ဆန့်ကျင်နေသည့် လူမျိုး racial ခွဲခြားရေး သို့မဟုတ် တိုင်းရင်းသား ethnic ခွဲခြားရေးကို အားပေးအားမြှောက် သို့မဟုတ် လှုံ့ဆော်နှိုးဆွသည့် မည်သည့် ဝါဒဖြန့်ချိရေးသဏ္ဍာန်မဆို

## ပုဒ်မ (၉)

ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ဌာနေတိုင်းရင်းသားတဦးချင်းတို့သည် သက်ဆိုင်ရာ လူမှုအဆောက်အအုံ community သို့မဟုတ် အမျိုးသား nation ၏ ရိုးရာအစဉ်အလာများ၊ ဓလေ့ထုံးစံများနှင့်အညီ ဌာနေတိုင်းရင်းသား လူမှုအဆောက်အအုံ သို့မဟုတ် အမျိုးသားတရပ်တွင် ပါဝင်ခွင့်ရှိသည်။ ယင်းအခွင့်အရေးကို ကျင့်သုံးရာ၌ မည်သို့သော ခွဲခြားဆက်ဆံမှုမျိုးမှ မရှိစေရ။

## ပုဒ်မ (၁၀)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့မြေယာများ သို့မဟုတ် နယ်မြေများမှ အတင်းအကြပ် ဖယ်ရှားခံရခြင်းမရှိစေရ။ သက်ဆိုင်ရာဌာနေတိုင်းရင်းသားလူမျိုးများမှ အချက်အလက်အပြည့်အစုံသိရှိပြီးနောက် လွတ်လပ်စွာ ကြိုတင်သဘောတူမှုမရှိဘဲနှင့်လည်းကောင်း၊ တရားမျှတ သင့်တော်သည့် အလျော်ပေးရေးသဘောတူညီချက် ရှိမထားဘဲနှင့်လည်းကောင်း၊ ဖြစ်နိုင်သည့်နေရာတိုင်းတွင် ပြန်လာနေထိုင်ခွင့်ပေးမထားဘဲနှင့်လည်းကောင်း နေရာရွှေ့ပြောင်းမှု မဖြစ်စေရ။

## ပုဒ်မ (၁၁)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့် ဓလေ့ထုံးစံများ ကျင့်သုံး ခွင့်၊ ပြန်လည်ရှင်သန်စေခွင့်ရှိသည်။ ဤအခွင့်အရေးထဲတွင် ရှေးဟောင်းနှင့် သမိုင်းဝင်နေရာများ၊ ပစ္စည်းများ၊ ဒီဇိုင်း လက်ရာများ၊ ပွဲလမ်းသဘင်များ၊ နည်းပညာများ၊ စက္ခုပသာဒအနုပညာများ၊ သရုပ်ဆောင်အနုပညာများနှင့် စာပေအနု ပညာစသည့် မိမိတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ယဉ်ကျေးမှုဖော်ပြချက်များကို ထိန်းသိမ်းကာကွယ် ဖွံ့ဖြိုးစေခွင့် ပါဝင်သည်။

၂။ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုဆိုင်ရာ၊ အသိပညာဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာပိုင်ဆိုင်မှုတို့ကို ၎င်းတို့မှ အချက်အလက် အပြည့်အစုံသိရှိပြီးနောက် လွတ်လပ်စွာ ကြိုတင်သဘောတူချက်မရှိဘဲသော်လည်းကောင်း၊ ၎င်းတို့၏ ဥပဒေများ၊ ရိုးရာစဉ်လာများနှင့် ဓလေ့ထုံးစံများကို ဖောက်ဖျက်၍သော်လည်းကောင်း ယူငင်သွားခဲ့မှုနှင့်ပတ်သက်ပြီး ဌာနေတိုင်းရင်းသားများနှင့် တွဲဖက်ဖော်ထုတ်ထားသည့် ပြန်လည်အပ်နှံခြင်းအပါအဝင် ထိရောက်သော ယန္တရားစနစ်များအားဖြင့် နိုင်ငံအစိုးရတို့က အလျော်ပေးရမည်။

## ပုဒ်မ (၁၂)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ နာမ်ပိုင်းနှင့် ဘာသာရေးအစဉ်အလာများ၊ ဓလေ့ထုံးတမ်းများ နှင့် ပွဲလမ်းသဘင်များ ဖော်ထုတ်ခွင့်၊ ကျင့်သုံးခွင့်၊ ဖွံ့ဖြိုးစေခွင့်နှင့် သင်ကြားပို့ချခွင့်ရှိသည်။ မိမိတို့၏ ဘာသာရေးနှင့် ယဉ်ကျေးမှုနေရာဌာနများကို ထိန်းသိမ်းခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် တသီးတသန့် လွတ်လပ်စွာသုံးစွဲခွင့်ရှိသည်။ မိမိတို့၏ လူသားရုပ်ကြွင်းများကို ဇာတိမြေပြန်ပို့ခွင့်ရှိသည်။

၂။ နိုင်ငံအစိုးရများသည် သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် တွဲဖက်ဖော်ထုတ်ထားသော မျှတပွင့်လင်းထိရောက်သည့် ယန္တရားစနစ်များအားဖြင့် နိုင်ငံအစိုးရလက်ဝယ်ရှိ ဌာနေတိုင်းရင်းသား ပွဲလမ်းသဘင်ပစ္စည်းများနှင့် လူသားရုပ်ကြွင်းများ ကိုင်တွယ်သုံးစွဲနိုင်ရေးနှင့် သို့မဟုတ် ဇာတိမြေပြန်ပို့နိုင်ရေးကို ဖြစ်မြောက်နိုင်ရန် ကြိုးပမ်းရမည်။

## ပုဒ်မ (၁၃)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏သမိုင်းများ၊ ဘာသာစကားများ၊ ပါးစပ်ရာဇဝင်ထုံးတမ်းစဉ်လာများ၊ ဒဿနများ၊ စာရေးသားမှုစနစ်များနှင့် စာပေများအား ပြန်လည်ရှင်သန်စေခွင့်၊ အသုံးပြုခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် အနာဂတ်မျိုးဆက်များသို့ဖြန့်ချီခွင့်ရှိသည်။ ရပ်ရွာများ၊ နေရာဒေသများနှင့် လူပုဂ္ဂိုလ်များအတွက် မိမိတို့၏ကိုယ်ပိုင် အမည်များကို ဖော်ထုတ်ခွင့် ထိန်းသိမ်းခွင့်ရှိသည်။

၂။ နိုင်ငံအစိုးရများသည် ဤအခွင့်အရေးအား အသေအချာ ကာကွယ်စောင့်ရှောက်ရန် ထိရောက်သည့်အစီအမံများ ဆောင်ရွက်ရမည်။ ထို့အပြင် ဌာနေတိုင်းရင်းသားတို့သည် နိုင်ငံရေး၊ ဥပဒေရေးနှင့် အုပ်ချုပ်ရေးဆောင်ရွက်မှုတို့ကို နားလည်နိုင်ရန်နှင့် နားလည်ခံနိုင်ရန်အတွက်လည်း လိုအပ်သည့်နေရာတိုင်း၌ ဘာသာပြန်မှုဆောင်ရွက်ပေးခြင်း သို့မဟုတ် အခြားသင့်တော်သည့်နည်းလမ်းများဖြင့် အာမခံရမည်။

## ပုဒ်မ (၁၄)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ သင်ကြားရေး သင်ယူရေးဆိုင်ရာ ယဉ်ကျေးမှုနည်းလမ်းများနှင့် ကိုက်ညီလျက် မိမိတို့ဘာသာစကားများဖြင့် ပညာသင်ကြားပေးနေသည့် ပညာရေးစနစ်များ အဆောက်အအုံများကို ထူထောင်ခွင့် ထိန်းချုပ်ခွင့်ရှိသည်။

၂။ ဌာနေတိုင်းရင်းသားတဦးချင်း၊ အထူးသဖြင့် ကလေးသူငယ်များသည် ခွဲခြားဆက်ဆံခံရမှုမရှိဘဲ နိုင်ငံ့ပညာရေး အဆင့်အားလုံး သဏ္ဍာန်အားလုံးကို ခံယူခွင့်ရှိသည်။

၃။ နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် တွဲဖက်၍၊ မိမိလူမှုအဆောက်အအုံပြင်ပ၌ နေထိုင်နေသူများအပါအဝင် ဌာနေတိုင်းရင်းသားတဦးချင်း၊ အထူးသဖြင့် ကလေးသူငယ်များအတွက် ဖြစ်နိုင်သည့်အချိန်တိုင်းတွင် မိမိကိုယ်ပိုင်ယဉ်ကျေးမှုအောက်မှ မိမိကိုယ်ပိုင်ဘာသာစကားဖြင့်သင်ကြားသည့် ပညာရေးကိုခံယူနိုင်ရန် ထိရောက်သည့်အစီအမံများ လုပ်ဆောင်ရမည်။

## ပုဒ်မ (၁၅)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့ ယဉ်ကျေးမှုဓလေ့များ၊ ထုံးတမ်းစဉ်လာများ၊ သမိုင်းများနှင့် မျှော်မှန်းချက်များကို ဂုဏ်သိက္ခာရှိစွာနှင့် ထွေပြားစုံလင်စွာ ခံယူခွင့်ရှိပြီး ပညာရေးနှင့် လူထုသတင်းပြန်ကြားရေးပိုင်းတွင် သင့်လျော်စွာထင်ဟပ်စေရမည်။

၂။ နိုင်ငံအစိုးရများသည် သက်ဆိုင်ရာဌာနေတိုင်းရင်းသားများနှင့် တိုင်ပင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကာ အာဃာတတရားတိုက်ဖျက်ရေး၊ ခွဲခြားဆက်ဆံမှုပပျောက်ရေး၊ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် လူ့အဖွဲ့အစည်း၏ အခြားအစိတ်အပိုင်းအားလုံးအတွင်း သည်းခံခွင့်လွှတ်မှု နားလည်မှုနှင့် ဆက်ဆံရေးကောင်းများ မြှင့်တင်ရေးအတွက် ထိရောက်သည့် အစီအမံများ လုပ်ဆောင်ရမည်။

## ပုဒ်မ (၁၆)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့ကိုယ်ပိုင်ဘာသာစကားများဖြင့် မိမိတို့ကိုယ်ပိုင်မီဒီယာ ထူထောင်ခွင့်၊ ဌာနေတိုင်းရင်းသားမဟုတ်သောမီဒီယာကို ခွဲခြားဆက်ဆံခံရမှုမရှိဘဲ အသုံးပြုခွင့်ရှိသည်။

၂။ နိုင်ငံအစိုးရပိုင်မီဒီယာများသည် ဌာနေတိုင်းရင်းသားယဉ်ကျေးမှု၏ ထွေပြားစုံလင်မှုကို ထိုက်သင့်သည့်အတိုင်း အသေအချာထင်ဟပ်စေဖို့ နိုင်ငံအစိုးရများက ထိရောက်သည့်အစီအမံများဆောင်ရွက်ရမည်။ နိုင်ငံအစိုးရများသည် လွတ်လပ်စွာဖော်ပြခွင့်ကို မထိခိုက်စေဘဲ ပုဂ္ဂလိကပိုင်မီဒီယာများအနေဖြင့် ဌာနေတိုင်းရင်းသားယဉ်ကျေးမှု၏ ထွေပြားစုံလင်မှုကို အလုံအလောက်ထင်ဟပ်စေရန် အားပေးရမည်။

## ပုဒ်မ (၁၇)

၁။ ဌာနေတိုင်းရင်းသားတဦးချင်းများနှင့် လူမျိုးများသည် အကျုံးဝင်သည့် နိုင်ငံတကာအလုပ်သမားဥပဒေနှင့် ပြည်တွင်းအလုပ်သမားဥပဒေတို့အောက်၌ သတ်မှတ်ထားသည့် အခွင့်အရေးအားလုံး အပြည့်အဝခံစားခွင့်ရှိသည်။

၂။ နိုင်ငံအစိုးရများသည် ကလေးသူငယ်များ၏ အထူးထိခိုက်လွယ်မှုနှင့် ၎င်းတို့စွမ်းအားမြှင့်နိုင်မည့် ပညာရေး၏ အရေးပါမှုတို့ကို ထည့်သွင်းစဉ်းစားကာ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် တိုင်ပင်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်၍ ဌာနေတိုင်းရင်းသားကလေးသူငယ်များ စီးပွားရေးအရ ခေါင်းပုံဖြတ်သွေးစုတ်ခံရခြင်းမှလည်းကောင်း၊ အန္တရာယ်ရှိနိုင်သည့် သို့မဟုတ် ကလေး၏ပညာရေးကို အနှောင့်အယှက်ဖြစ်နိုင်သည့် သို့မဟုတ် ကလေး၏ကျန်းမာရေး၊ ရုပ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ နာမ်ပိုင်း၊ စာရိတ္တပိုင်း၊ လူမှုရေးပိုင်း ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်သည့်

မည်သည့်အလုပ်မဆို လုပ်ကိုင်ခြင်းမှ လည်းကောင်း၊ ကာကွယ်စောင့်ရှောက်နိုင်ရန် အထူးသီးသန့်အစီအမံများ ဆောင်ရွက်ရမည်။

၃။ ဌာနေတိုင်းရင်းသားတဦးချင်းသည် အလုပ်ခွင်အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ အလုပ်အကိုင်ရရှိမှု သို့မဟုတ် လုပ်ခလစာနှင့် ပတ်သက်၍လည်းကောင်း မည်သည့်ခွဲခြားဆက်ဆံမှုကိုမှ မခံစေရပိုင်ခွင့်ရှိသည်။

## ပုဒ်မ (၁၈)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့အခွင့်အရေးများ ထိခိုက်မည့်အရေးကိစ္စများ၌ ဆုံးဖြတ်ချက်ချရာတွင် မိမိတို့ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့ကိုယ်တိုင်ရွေးချယ်ထားသည့် ကိုယ်စားလှယ်များမှတဆင့် ပါဝင်ခွင့်ရှိသည်။ ထို့မျှသာမက မိမိတို့ကိုယ်ပိုင်ဌာနေတိုင်းရင်းသား ဆုံးဖြတ်ချက်ချမှတ်အဆောက်အအုံများကို ထားရှိထိန်းသိမ်းခွင့်နှင့် ဖွံ့ဖြိုး တိုးတက်စေခွင့်လည်းရှိသည်။

## ပုဒ်မ (၁၉)

နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားလူမျိုးများကို ထိခိုက်စေနိုင်သည့် ဥပဒေပြုရေးပိုင်းအစီအမံများ သို့မဟုတ် အုပ်ချုပ်ရေးပိုင်းအစီအမံများ ချမှတ် အကောင်အထည်ဖော်ခြင်း မပြုမီ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးတို့၏ ကိုယ်ပိုင် ကိုယ်စားပြုအဆောက်အအုံများမှတဆင့် ၎င်းတို့၏ သတင်းအချက်အလက်စုံသိရှိထားပြီးနောက် လွတ်လပ်စွာကြိုတင်သဘောတူချက်ကို ရရှိနိုင်ရန် ယင်းဌာနေတိုင်းရင်းသားလူမျိုးများနှင့် တိုင်ပင်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရမည်။

## ပုဒ်မ (၂၀)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစနစ်များ သို့မဟုတ် အဆောက်အအုံများကို ထိန်းသိမ်းထားရှိခွင့်နှင့် ဖွံ့ဖြိုးတိုးတက်စေခွင့်ရှိသည်။ မိမိတို့၏ အသက်ရှင်ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိုယ်ပိုင်နည်းလမ်းများကို ခိုင်ခိုင်မာမာ ခံစားခွင့်ရှိသည်။ မိမိတို့၏ ရိုးရာစဉ်လာလုပ်ရှားမှုများ၊ အခြားစီးပွားရေးလှုပ်ရှားမှုများအားလုံးကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသည်။

၂။ မိမိတို့၏ အသက်ရှင်ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနည်းလမ်းများမှ ဖယ်ရှားခံရသော ဌာနေတိုင်းရင်းသားလူမျိုးများသည် တရားမျှတ သင့်တော်သည့် အလျော်ပေးမှုကို ရပိုင်ခွင့်ရှိသည်။

## ပုဒ်မ (၂၁)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် ပညာရေး၊ အလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် မွမ်းမံသင်တန်း၊ အိုးအိမ်၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် လူမှုလုံခြုံရေးအပါအဝင် မိမိတို့၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်မြင့်မားအောင် ခွဲခြားဆက်ဆံမှုမခံရစေဘဲ လုပ်ပိုင်ခွင့်ရှိသည်။

၂။ နိုင်ငံအစိုးရများသည် မိမိတို့၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ အသေအချာ အဆက်မပြတ် တိုးတက်မြင့်မားစေနိုင်ရန် ထိရောက်သည့်အစီအမံများနှင့် သင့်လျော်သည့်နေရာတို့တွင် အထူးအစီအမံများ ချမှတ်ရမည်။ ဌာနေ တိုင်းရင်သား သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ လူငယ်များ၊ ကလေးသူငယ်များနှင့် မစွမ်းမသန်များ၏ အခွင့်အရေးများနှင့် အထူးလိုအပ်ချက်များကို အထူးအာရုံစိုက်ရမည်။

## ပုဒ်မ (၂၂)

၁။ ဤကြေညာစာတမ်းကို အကောင်အထည်ဖော်ကျင့်သုံးရာ၌ ဌာနေတိုင်းရင်းသား သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ လူငယ်များ၊ ကလေးသူငယ်များနှင့် မစွမ်းမသန်များ၏ အခွင့်အရေးများနှင့် အထူးလိုအပ်ချက်များကို အထူးအာရုံစိုက်ရမည်။

၂။ နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားလူမျိုးများနှင့်တွဲဖက်၍ ဌာနေတိုင်းရင်းသားအမျိုးသမီးများနှင့် ကလေးသူငယ်များအနေဖြင့် အကြမ်းဖက်မှုသဏ္ဌာန်အားလုံးနှင့် ခွဲခြားဆက်ဆံမှုသဏ္ဌာန်အားလုံးမှ အပြည့်အဝကာကွယ် စောင့်ရှောက်ခံနိုင်ရေးနှင့် အာမခံရေးကို သေချာအောင် အစီအမံများချမှတ်ဆောင်ရွက်ရမည်။

## ပုဒ်မ (၂၃)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ဖွံ့ဖြိုးတိုးတက်ခွင့်အား ကျင့်သုံးရန်အတွက် ဦးစားပေးအစီအစဉ်များနှင့် မဟာဗျူဟာများ သတ်မှတ်ပြဋ္ဌာန်းခွင့်နှင့် ဖော်ထုတ်ဖွံ့ဖြိုးစေခွင့်ရှိသည်။ အထူးသဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့အပေါ် အကျိုးသက်ရောက်မှုရှိသည့် ကျန်းမာရေး၊ အိုးအိမ်နှင့် အခြားစီးပွားရေး၊ လူမှုရေးလုပ်ငန်းစဉ်များ ဖော်ထုတ်ဖွံ့ဖြိုးစေရာ၌လည်းကောင်း၊ သတ်မှတ်ပြဋ္ဌာန်းရာ၌လည်းကောင်း၊ ဖြစ်နိုင်ပါက မိမိတို့ကိုယ်ပိုင်အဆောက်အအုံ ဌာနများမှတဆင့် ယင်းလုပ်ငန်းစဉ်များကို စီမံအုပ်ချုပ်ရာ၌လည်းကောင်း အင်တိုက်အားတိုက် ပါဝင်ပတ်သက်ခွင့်ရှိသည်။

## ပုဒ်မ (၂၄)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ အသက်သွေးကြောဖြစ်သည့် ပရဆေးပင်များ၊ တိရိစ္ဆာန်များနှင့် သတ္တုများ ထိန်းသိမ်းရေးအပါအဝင် မိမိတို့၏ ရိုးရာစဉ်လာ ဆေးဝါးများသုံးစွဲခွင့်၊ မိမိတို့၏ ကျန်းမာရေးလုပ်ထုံးလုပ်နည်း ကျင့်စဉ်များကို ထိန်းသိမ်းထားခွင့်ရှိသည်။ ဌာနေတိုင်းရင်းသားတဦးချင်းအနေဖြင့်လည်း လူမှုရေးဝန်ဆောင်မှုအားလုံး ကျန်းမာရေးဝန်ဆောင်မှုအားလုံးကို ခွဲခြားဆက်ဆံခံရခြင်းမရှိဘဲ အသုံးပြုခွင့်ရှိသည်။

၂။ ဌာနေတိုင်းရင်းသားတဦးချင်းသည် ဖြစ်နိုင်သမျှအမြင့်ဆုံး ရုပ်ပိုင်း စိတ်ပိုင်းကျန်းမာရေးကို တန်းတူရည်တူ ခံစားခွင့်ရှိသည်။ ဤအခွင့်အရေးကို အပြည့်အဝ အသုံးချနိုင်ရန်အတွက် နိုင်ငံအစိုးရများသည် တဖြည်းဖြည်းတိုးတက် ဖြစ်မြောက်ရေးရည်မှန်းချက်ဖြင့် လိုအပ်သည့်ခြေလှမ်းများ လှမ်းရမည်။

## ပုဒ်မ (၂၅)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ရိုးရာစဉ်လာအရ ပိုင်ဆိုင်ထားသည့် သို့မဟုတ် တနည်းနည်းဖြင့် ရယူအသုံးပြုထားသည့် မြေယာများ၊ နယ်မြေများ၊ မြစ်ချောင်း အင်းအိုင်များ၊ ပင်လယ်ကမ်းရိုးတန်းများ၊ အခြားသယံ ဇာတများနှင့် ထူးခြားသည့် နာမ်ပိုင်း ဆက်ဆံရေးကို ထိန်းသိမ်းထားရှိခွင့်နှင့် ကြံခိုင်တောင့်တင်းစေခွင့်ရှိသည်။ ဤကိစ္စနှင့် ပတ် သက်၍ အနာဂတ်မျိုးဆက်သစ်များအတွက် မိမိတို့၏တာဝန်ရှိမှုကို ကိုင်စွဲထားခွင့်ရှိသည်။

## ပုဒ်မ (၂၆)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့မှ ရိုးရာစဉ်လာအရ ပိုင်ဆိုင်ရယူ သို့မ ဟုတ် တနည်းနည်းဖြင့် အသုံးပြုရရှိထားသည့် မြေယာများ၊ နယ်မြေများ၊ သယံဇာတများကို ပိုင်ဆိုင်သုံးစွဲခွင့်ရှိသည်။

၂။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့မှ ရိုးရာစဉ်လာပိုင်ဆိုင်မှု သို့မဟုတ် အခြားရိုးရာစဉ်လာရယူမှု အသုံးပြုမှုအားဖြင့်လည်းကောင်း၊ အခြားတနည်းနည်းနှင့် ရရှိ ထားခြင်းအားဖြင့်လည်းကောင်း ပိုင်ဆိုင်ထားသည့် မြေယာများ၊ နယ်မြေများ၊ သယံဇာတ များကို ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ဖော်ထုတ်ဖွံ့ဖြိုးခွင့်နှင့် ချုပ်ကိုင်ခွင့်ရှိသည်။

၃။ နိုင်ငံအစိုးရများသည် ဤမြေယာများ၊ နယ်မြေများ၊ သယံဇာတများကို ဥပဒေအရ အသိအမှတ်ပြု ကာကွယ်စောင့်ရှောက်ပေးရမည်။ ယင်းသို့ အသိအမှတ်ပြုရာတွင် သက်ဆိုင် ရာဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများ၊ ရိုးရာစဉ်လာများနှင့် မြေပိုင်ဆိုင်မှုစနစ် များအား ထိုက်သင့်စွာ လေးစားလျက် ဆောင်ရွက်ရမည်။

## ပုဒ်မ (၂၇)

နိုင်ငံအစိုးရများသည် သက်ဆိုင်ရာဌာနေတိုင်းရင်းသားလူမျိုးများနှင့် တွဲဖက်၍၊ ဌာနေ တိုင်းရင်းသားလူမျိုးတို့၏ ဥပဒေများ၊ ရိုးရာစဉ်လာများ၊ ဓလေ့ထုံးစံများနှင့် မြေယာပိုင်ဆိုင် မှုစနစ်များကို ထိုက်သင့်စွာ အသိအမှတ်ပြုလျက်၊ အစဉ်အလာအရ ပိုင်ဆိုင်ခဲ့သည့် သို့မဟုတ် တနည်းနည်းဖြင့် ရယူ သို့မဟုတ် အသုံးပြုထားသည့် မြေယာ၊ နယ်မြေ၊ သယံဇာတများ အပါအဝင် ၎င်းတို့၏ မြေယာများ၊ နယ်မြေများ၊ သယံဇာတများနှင့်ပတ်သက်သည့် အခွင့် အရေးများကို အသိအမှတ်ပြုနိုင်ရန်နှင့် အဆုံးအဖြတ်ပေး စီရင်ချက်ချမှတ်နိုင်ရန် တရားမျှတ လွတ်လပ်၍ ဘက်မလိုက်ဘဲ ပွင့်လင်းပြီး ထင်သာမြင်သာသည့် ဖြစ်စဉ်တရပ် ထူထောင် အကောင်အထည်ဖော်ရမည်။ ဌာနေတိုင်းရင်းသားလူမျိုးများသည် ဤဖြစ်စဉ်၌ ပါဝင်ဆောင် ရွက်ခွင့်ရှိရမည်။

## ပုဒ်မ (၂၈)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့မှ သတင်းအချက်အလက် ပြည့်ပြည့်စုံစုံ သိပြီးနောက် လွတ်လပ်သည့် ကြိုတင်သဘောတူညီချက်မရှိဘဲ သိမ်းပိုက်ယူငင် ရယူအသုံးပြု ဖျက်ဆီးခံရသည့် မိမိတို့အစဉ်အလာအရ ပိုင်ဆိုင်ခဲ့သော သို့မဟုတ် တနည်းနည်းဖြင့် ရယူ ထား သို့မဟုတ် အသုံးပြုနေသော မြေယာများ၊ နယ်မြေများ၊ သယံဇာတများအတွက်

အလျော်အစားပြန်ရခွင့်ရှိသည်။ အလျော်အစားထဲတွင် ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် ဤသို့မဖြစ်နိုင်ပါက သင့်လျော် တရားမျှတသည့် လျော်ကြေးပေးခြင်းပါဝင်သည်။

၂။ သက်ဆိုင်ရာလူမျိုးများမှ အခြားနည်းတနည်းနည်းကို လွတ်လပ်စွာ သဘောတူထားမှု မရှိပါက လျော်ကြေးပေးမှုသည် အရည်အသွေး၊ အရွယ်အစားနှင့် ဥပဒေအဆင့်အတန်းအရ တူညီသော မြေယာများ၊ နယ်မြေများ၊ သယံဇာတများ ပုံသဏ္ဍာန်ဖြင့်သော်လည်းကောင်း၊ ငွေကြေးအရ လျော်ကြေးပေးခြင်း ပုံသဏ္ဍာန်ဖြင့်သော်လည်းကောင်း၊ အခြား သင့်လျော်ရာ အလျော်အစားပုံသဏ္ဍာန်ဖြင့်သော်လည်းကောင်း ဖြစ်ရမည်။

## ပုဒ်မ (၂၉)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် သဘာဝပတ်ဝန်းကျင်နှင့် မိမိတို့၏မြေယာများ သို့မဟုတ် နယ်မြေများနှင့် သယံဇာတများ၏ ထုတ်လုပ်ရေးစွမ်းရည်ကို ထိန်းသိမ်းခွင့် ကာကွယ်စောင့်ရှောက်ခွင့်ရှိသည်။ ယင်းသို့ ထိန်းသိမ်း စောင့်ရှောက်နိုင်ရန် နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားလူမျိုးများအတွက် အထောက်အကူပေးလုပ်ငန်းစဉ်များကို ခွဲခြားဆက်ဆံမှုမရှိဘဲ ထူထောင် အကောင်အထည်ဖော်ရမည်။

၂။ ဌာနေတိုင်းရင်းသားလူမျိုးတို့မှ သတင်းအချက်အလက် ပြည့်ပြည့်စုံစုံသိပြီးနောက် လွတ်လပ်သည့် ကြိုတင်သဘောတူညီချက်မရှိဘဲ ၎င်းလူမျိုးတို့၏ မြေယာများ သို့မဟုတ် နယ်မြေများတွင် ဘေးအန္တရာယ်ရှိပစ္စည်းများ သိုလှောင်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း မပြုလုပ်ရန် နိုင်ငံအစိုးရတို့က ထိရောက်သည့် အစီအမံများ အသေအချာ ဆောင်ရွက်ရမည်။

၃။ ယင်းသို့သော ဓာတ်ပစ္စည်းများ၏ ထိခိုက်မှုခံရသည့် ဌာနေတိုင်းရင်းသား လူမျိုးတို့ ကျန်းမာရေးကို စောင့်ကြည့်စစ်ဆေးရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြန်လည်ကောင်းမွန်ရေးအတွက် ၎င်းလူမျိုးတို့ ဖော်ထုတ်ဖွံ့ဖြိုးထားကာ အကောင်အထည်ဖော်နေသည့် လုပ်ငန်းစဉ်များ ထိုက်သင့်စွာ အကောင်အထည်ဖော်မှုအား သေချာစေရန် နိုင်ငံအစိုးရတို့က ထိရောက်သည့် အစီအမံများ လိုအပ်သလိုဆောင်ရွက်ရမည်။

## ပုဒ်မ (၃၀)

၁။ သက်ဆိုင်သည့် အများပြည်သူ့အကျိုးစီးပွားအရ သင့်လျော်ကြောင်း မပြနိုင်ပါက သို့မဟုတ် သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးတို့နှင့် တနည်းနည်းဖြင့် လွတ်လပ်စွာ သဘောတူထားခြင်း သို့မဟုတ် တောင်းခံခြင်းမရှိပါက ဌာနေတိုင်းရင်းသားလူမျိုးတို့၏ မြေယာများ သို့မဟုတ် နယ်မြေများတွင် စစ်ရေးလှုပ်ရှားမှုများ မလုပ်ဆောင်ရ။

၂။ နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားတို့၏ မြေယာများ သို့မဟုတ် နယ်မြေများကို စစ်ရေးလှုပ်ရှားမှုများ အတွက် အသုံးမပြုမီ သက်ဆိုင်ရာဌာနေတိုင်းရင်းသားများနှင့် သင့်လျော်သည့် လုပ်ထုံးလုပ်နည်းများအားဖြင့်၊ အထူးသဖြင့် ၎င်းတို့၏ ကိုယ်စားပြုအဆောက်အအုံများမှတဆင့် ထိထိရောက်ရောက် တိုင်ပင်ညှိနှိုင်းခြင်း ပြုရမည်။

## ပုဒ်မ (၃၁)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာစဉ်လာအသိပညာနှင့် ရိုးရာယဉ်ကျေးမှုဖော်ပြချက်များကို ထိန်းသိမ်းခွင့်၊ ထိန်းချုပ်ခွင့်၊ ကာကွယ်

စောင့်ရှောက်ခွင့်နှင့် ဖော်ထုတ်ဖွံ့ဖြိုးခွင့်ရှိသည်။ ထို့အပြင် မိမိတို့၏ လူသားရင်းမြစ်များ၊ မျိုးရိုးဗီဇရင်းမြစ်များ၊ မျိုးစေ့များ၊ ဆေးဝါးများ၊ အပင်နှင့်တိရစ္ဆာန်တို့၏ ဂုဏ်သတ္တိများဆိုင်ရာ အသိပညာ၊ ဒီဇိုင်းလက်ရာများ၊ အားကစားနှင့် ရိုးရာကစားနည်းများ၊ စကျွပသာဒအနုပညာများနှင့် သရုပ်ဆောင်အနုပညာများ အပါအဝင် သိပ္ပံပညာ၊ နည်းပညာနှင့် ယဉ်ကျေးမှုဖော်ပြချက်များကိုလည်း ထိန်းသိမ်းချုပ်ကိုင် စောင့်ရှောက် ဖွံ့ဖြိုးခွင့်ရှိသည်။ ယင်းသို့သော ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာအသိပညာနှင့် ရိုးရာယဉ်ကျေးမှုဖော်ပြချက်များအတွက် အသိဉာဏ်ပညာပစ္စည်းပိုင်ဆိုင်မှုကို ထိန်းသိမ်း ချုပ်ကိုင် စောင့်ရှောက် ဖွံ့ဖြိုးခွင့်လည်းရှိသည်။

၂။ ဌာနေတိုင်းရင်းသားလူမျိုးများက ဤအခွင့်အရေးများကျင့်သုံးမှုကို အသိအမှတ်ပြုနိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန် နိုင်ငံအစိုးရများက ၎င်းလူမျိုးများနှင့်တွဲဖက်၍ ထိရောက်သောအစီအမံများ ဆောင်ရွက်ရမည်။

## ပုဒ်မ (၃၂)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့မြေယာများ သို့မဟုတ် နယ်မြေများနှင့် အခြားသယံဇာတများ ဖွံ့ဖြိုးစေရေး သို့မဟုတ် အသုံးချရေးအတွက် ဦးစားပေးလုပ်ငန်းများ မဟာဗျူဟာများ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်နှင့် ဖော်ထုတ်ဖွံ့ဖြိုးစေရန် အခွင့်အရေးရှိသည်။

၂။ နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားလူမျိုးတို့၏ မြေယာများ သို့မဟုတ် နယ်မြေများနှင့် အခြားသယံဇာတများအပေါ် အကျိုးသက်ရောက်မှုရှိသည့် မည်သည့် စီမံကိန်းလုပ်ငန်းမဆို၊ အထူးသဖြင့် သတ္တု၊ ရေနှင့် အခြားရင်းမြစ်များ ဖော်ထုတ်ဖွံ့ဖြိုးရေး၊ အသုံးပြုရေး၊ အသုံးချရေးနှင့် ပတ်သက်၍ အတည်မပြုမီ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးတို့က သတင်းအချက်အလက် ပြည့်ပြည့်စုံစုံသိပြီးနောက် လွတ်လပ်သည့်သဘောတူညီချက် ရယူနိုင်ရန်အတွက် ၎င်းတို့ကိုယ်ပိုင် ကိုယ်စားပြုအဆောက်အအုံများမှတဆင့် ယင်းတိုင်းရင်းသားလူမျိုးတို့နှင့် စိတ်ရင်းစေတနာဖြင့် တိုင်ပင်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရမည်။

၃။ နိုင်ငံအစိုးရများသည် ယင်းသို့သော လုပ်ဆောင်မှုများအားလုံးအတွက် တရားမျှတသည့် အလျော်ပေးမှုများလုပ်နိုင်ရန် ထိရောက်သည့် ယန္တရားစနစ်များ ထားရှိရမည်။ ဆိုးဝါးသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာရိုက်ခတ်မှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု သို့မဟုတ် နာမ်ပိုင်းဆိုင်ရာရိုက်ခတ်မှု လျော့ပါးစေရန် သင့်လျော်သည့်အစီအမံများ ဆောင်ရွက်ရမည်။

## ပုဒ်မ (၃၃)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့ဓလေ့ထုံးစံများ ရိုးရာစဉ်လာများနှင့်အညီ မိမိတို့၏ ကိုယ်ပိုင် အမှတ်အသားလက္ခဏာ identity သို့မဟုတ် လူမျိုးဖြစ်မှု membership ကို သတ်မှတ်ပြဋ္ဌာန်းခွင့်ရှိသည်။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် ဌာနေတိုင်းရင်းသားတဦးချင်းတို့ မိမိတို့နေထိုင်ရာနိုင်ငံများ၏ နိုင်ငံသား citizenship ဖြစ်ခွင့်ကို အဟန့်အတားမဖြစ်။

၂။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့အဆောက်အအုံများ၏ ဖွဲ့စည်းမှုနှင့် အဖွဲ့ဝင်ဖြစ်မှုကို မိမိတို့ ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းခွင့်ရှိသည်။

## ပုဒ်မ (၃၄)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့အဆောက်အအုံဖွဲ့စည်းပုံများ၊ မိမိတို့၏ ထူးခြားသည့် ဓလေ့ထုံးစံများ၊ နာမ်ပိုင်းယုံကြည်မှုများ၊ ရိုးရာအစဉ်အလာများ၊ လုပ်ထုံးလုပ်နည်းများ၊ ကျင့်ထုံးများကိုလည်းကောင်း၊ တရားစီရင်ရေးစနစ် သို့မဟုတ် ဓလေ့ထုံးစံများ တည်ရှိနေပါကလည်းကောင်း ယင်းတို့ကို နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် အညီ မြှင့်တင်ခွင့်၊ ဖွံ့ဖြိုးခွင့်၊ ထိန်းသိမ်းခွင့်ရှိသည်။

## ပုဒ်မ (၃၅)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့လူမှုအဆောက်အအုံအပေါ် တဦးချင်းမှ တာဝန်ရှိမှုများကို သတ်မှတ်ပြဋ္ဌာန်းခွင့်ရှိသည်။

## ပုဒ်မ (၃၆)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများ၊ အထူးသဖြင့် နိုင်ငံတကာနယ်နိမိတ်များဖြင့် ပိုင်းခြားခံထားရသည့် လူမျိုးများသည် နယ်စပ်မျဉ်းတဖက်ရှိ မိမိတို့ လူမျိုးအချင်းချင်းနှင့် လည်းကောင်း၊ အခြားလူမျိုးများနှင့်လည်းကောင်း နာမ်ပိုင်း၊ ယဉ်ကျေးမှုပိုင်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရည်ရွယ်ချက်များအတွက် လှုပ်ရှားမှုများ အပါအဝင် အဆက်အသွယ်များ၊ ဆက်စပ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ထိန်းသိမ်းထားရှိခွင့် ဖော်ထုတ်ဖွံ့ဖြိုးခွင့်ရှိသည်။

၂။ ဤအခွင့်အရေးကို အကောင်အထည်ဖော် ကျင့်သုံးခြင်းနှင့် အာမခံခြင်းကို အဆင်ပြေချောမွေ့စေရန် နိုင်ငံအစိုးရများသည် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် တိုင်ပင်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကာ ထိရောက်သည့်အစီအမံများ ဆောင်ရွက်ထားရှိရမည်။

## ပုဒ်မ (၃၇)

၁။ ဌာနေတိုင်းရင်းသားလူမျိုးများသည် နိုင်ငံအစိုးရများ၊ ဆက်ခံသူအစိုးရများနှင့် ချုပ်ဆိုထားသည့် စာချုပ်များ၊ သဘောတူညီချက်များနှင့် အခြားအပြုသဘော စီစဉ်ဆောင်ရွက်ထားချက်များကို အသိအမှတ်ပြုခွင့်၊ စောင့်ထိန်းလိုက်နာခွင့်၊ ကြပ်မတ်အကောင်အထည်ဖော်ခွင့်ရှိပြီး နိုင်ငံအစိုးရများဘက်မှလည်း ယင်းသို့သော စာချုပ်များ၊ သဘောတူညီချက်များနှင့် အခြား အပြုသဘောစီစဉ်ဆောင်ရွက်ထားချက်များကို လေးစားလိုက်နာစေခွင့်ရှိသည်။

၂။ စာချုပ်များ၊ သဘောတူညီချက်များနှင့် အခြားအပြုသဘော စီစဉ်ဆောင်ရွက်ထားချက်များတွင် ပါရှိသည့် ဌာနေတိုင်းရင်းသားလူမျိုးအခွင့်အရေးများကို ဤကြေညာစာတမ်းကြောင့် လျော့ပါး ပယ်ဖျက်ရာရောက်အောင် အဓိပ္ပာယ်မဖွင့်စေရ။

## ပုဒ်မ (၃၈)

နိုင်ငံအစိုးရများသည် ဤကြေညာစာတမ်း၏ရည်မှန်းချက်များ ထမြောက်စေနိုင်ရန် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် တိုင်ပင်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်၍ ဥပဒေပြုရေးလုပ်ငန်း အစီအမံများအပါအဝင် သင့်လျော်သည့် အစီအမံများ ဆောင်ရွက်ရမည်။

## ပုဒ်မ (၃၉)

ဌာနေတိုင်းရင်းသားလူမျိုးများသည် ဤကြေညာစာတမ်းပါအခွင့်အရေးများကို ရရှိခံစားနိုင်ရန် နိုင်ငံအစိုးရများ ထံမှလည်းကောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှတဆင့်လည်းကောင်း ဘဏ္ဍာရေးနှင့် နည်းပညာအထောက်အပံ့ ရယူအသုံးပြုခွင့်ရှိသည်။

## ပုဒ်မ (၄၀)

ဌာနေတိုင်းရင်းသားလူမျိုးများသည် နိုင်ငံအစိုးရများ သို့မဟုတ် အခြားအစုများနှင့် ပဋိပက္ခများ အငြင်းပွားမှုများ ဖြေရှင်းရန် တရားမျှတသည့်လုပ်ထုံးလုပ်နည်းများအားဖြင့် အမြန်ဆုံး အဆုံးအဖြတ်ရယူပိုင်ခွင့်နှင့် မိမိတို့၏ တဦးချင်းနှင့် စုပေါင်းအခွင့်အရေးများ ချိုးဖောက်ခံရမှုအားလုံးအတွက် ထိရောက်သည့်ဖြေရှင်းချက်များ ရယူပိုင်ခွင့်ရှိသည်။ ယင်းသို့သော ဆုံးဖြတ်ချက်တရပ်သည် သက်ဆိုင်ရာဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများ၊ ရိုးရာစဉ်လာများ၊ စည်းမျဉ်း စည်းကမ်းများနှင့် တရားစီရင်ရေးစနစ်များကိုလည်းကောင်း၊ နိုင်ငံတကာ လူ့အခွင့်အရေးများကိုလည်းကောင်း ထိုက်သင့်စွာထည့် သွင်းစဉ်းစားမှုပြုရမည်။

## ပုဒ်မ (၄၁)

ကုလသမဂ္ဂစနစ်ကြီး၏ အဖွဲ့အစည်းများနှင့် အထူးပြုအေဂျင်စီများ၊ အခြားအစိုးရစုံအဖွဲ့အစည်းများသည် ဤကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များ အပြည့်အဝ ဖြစ်မြောက်ရေးအတွက် ဘဏ္ဍာရေးနှင့် နည်းပညာ ကူညီပံ့ပိုးမှုအပါအဝင် နည်းလမ်းများဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်ရမည်။ ဌာနေတိုင်းရင်းသားလူမျိုးတို့အပေါ် သက်ရောက်မှုရှိသည့် အရေးကိစ္စများတွင် ၎င်းလူမျိုးတို့ အသေအချာ ပါဝင်ဆောင်ရွက်စေမည့် နည်းလမ်းများ နည်းနာများကို ထူထောင်ရမည်။

## ပုဒ်မ (၄၂)

ကုလသမဂ္ဂ၊ ဌာနေတိုင်းရင်းသားရေးရာ အမြဲတမ်းစုရပ် Permanent Forum on Indigenous Issues အပါအဝင် ကုလသမဂ္ဂအဖွဲ့များ၊ နိုင်ငံအဆင့်ဌာနများအပါအဝင် အထူးပြုအေဂျင်စီများနှင့် နိုင်ငံအစိုးရများသည် ဤ ကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များကို လေးစားရေးနှင့် အပြည့်အဝ ကျင့်သုံးရေးကို အားပေးမြှင့်တင်ရမည်။ ဤကြေညာစာတမ်း၏ ထိရောက်မှုအကျိုးဆက်ကို ဆက်လက်လေ့လာ ဆောင်ရွက်ရမည်။

## ပုဒ်မ (၄၃)

ဤစာတမ်းတွင် အသိအမှတ်ပြုထားသည့် အခွင့်အရေးများသည် ကမ္ဘာပေါ်မှ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ ရှင်သန်ရပ်တည်မှု၊ ဂုဏ်သိက္ခာနှင့် ဘဝသာယာရေးအတွက် အနိမ့်ဆုံးစံနှုန်းများအဖြစ် တည်ရှိသည်။

## ပုဒ်မ (၄၄)

ဤစာတမ်းတွင် အသိအမှတ်ပြုထားသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ အားလုံးကို ဌာနေတိုင်းရင်း သားတဦးချင်း အမျိုးသားနှင့်အမျိုးသမီးတို့အတွက် တန်းတူညီမျှမှုကို အာမခံသည်။

## ပုဒ်မ (၄၅)

ဤကြေညာစာတမ်းသည် ဌာနေတိုင်းရင်းသားလူမျိုးများ ယခုလက်ရှိရရှိထားသည့် အခွင့်အရေးများ သို့မဟုတ် အနာဂတ်တွင် ရရှိလာနိုင်မည့် အခွင့်အရေးများကို လျော့နည်းသွားစေခြင်း သို့မဟုတ် ဖျက်သိမ်းပစ်ခြင်းအဖြစ် အဓိပ္ပာယ် မသက်ရောက်စေရ။

## ပုဒ်မ (၄၆)

၁။ ဤကြေညာစာတမ်းသည် နိုင်ငံတခု၊ လူမျိုးတရပ်၊ အုပ်စုတစု သို့မဟုတ် ပုဂ္ဂိုလ်တယောက်က ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ဆန့်ကျင်သည့်လှုပ်ရှားမှုတခုခု သို့မဟုတ် လုပ်ရပ်တခုခု ဆောင်ရွက်ရန်သော်လည်းကောင်း၊ အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံများ၏ နယ်မြေပြည့်စုံခိုင်မြဲမှု သို့မဟုတ် နိုင်ငံရေးညီညွတ်မှုကို လုံး၀ သို့မဟုတ် တစိတ်တပိုင်း ဖြတ်တောက်စိတ်ပိုင်းစေမည့် သို့မဟုတ် ထိခိုက်စေမည့် လုပ်ရပ်တခုခုကို ခွင့်ပြုရာ သို့မဟုတ် အားပေးရာ အဖြစ်သော်လည်းကောင်း အဓိပ္ပာယ် မကောက်ယူရ။

၂။ လက်ရှိကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးများကို ကျင့်သုံးရာတွင် အားလုံး၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားရမည်။ ဤကြေညာစာတမ်းတွင် ချမှတ်ထားသည့် အခွင့်အရေးများကို ကျင့်သုံးရာတွင် ဥပဒေအရ သတ်မှတ်ပြဌာန်းထားသည့် အကန့်အသတ်များကိုသာ နိုင်ငံတကာလူ့အခွင့်အရေးတာ၀န် ၀တ္တရားများနှင့်အညီ လိုက်နာရမည်။ ယင်းအကန့်အသတ်များသည် ခွဲခြားဆက်ဆံမှုမရှိစေရဘဲ အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ထိုက်သင့်စွာအသိအမှတ်ပြုခြင်းနှင့် လေးစားခြင်း အသေအချာဖြစ်စေဖို့ ရည်ရွယ်ချက်သက်သက်အတွက်လည်းကောင်း၊ ဒီမိုကရေစီလူ့ဘောင်တရပ်၏ အရေးအကြီးဆုံး လိုအပ်ချက်များအတွက်လည်းကောင်း အကြွင်းမဲ့ လိုအပ်ချက်ဖြစ်စေရမည်။

၃။ ဤကြေညာစာတမ်းတွင် ဖော်ပြထားသော ပြဌာန်းချက်များကို တရားမျှတမှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေး လေးစားမှု၊ တန်းတူညီမျှမှု၊ ခွဲခြားဆက်ဆံမခံရမှု၊ တော်တည့်မှန်ကန်သော အစိုးရအုပ်ချုပ်မှုနှင့် စိတ်ကောင်းစေတနာရှိမှုဟူသော မူများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်။

# မတူကွဲပြားမှုကြားမှ ညီညွတ်ရေး၊ ဆန္ဒခံယူပွဲနှင့် လူထုအဓိကလူ့အဖွဲ့အစည်း

ဒေါ်မိုးမိုးအောင်
မြန်မာနိုင်ငံရှေ့နေများကောင်စီ

မြန်မာနိုင်ငံသည် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသော နိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ ခေါ်ဆိုမည်ဆိုလျှင်လည်း မှားမည်မထင်ပါ။ သို့သော်လည်း စစ်အာဏာရှင် အုပ်ချုပ်သည့် စနစ်အောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် မိမိလူမျိုး၊ မိမိဒေသ စသည်ဖြင့် တကွဲတပြား တသီးတခြားစီရှိနေကာ မိမိတို့နည်း မိမိတို့ဟန်ဖြင့် အာဏာရှင်စနစ်ကို တိုက်ထုတ် တွန်းလှန်နိုင်ဖို့ ကြိုးစားလျက်ရှိကြပေသည်။

ဤကဲ့သို့ နှစ်ပေါင်း ၄၅ နှစ်ကျော် ကာလအထိ မြန်မာနိုင်ငံသည် စစ်အာဏာရှင်စနစ်သည် မည်သည့်အကြောင်းကြောင့် တည်မြဲနေသနည်းဆိုသည့်အမေးနှင့်ပတ်သက်၍ အဖြေကိုရှာရာတွင် အဓိကအချက်အနေနှင့် မတူကွဲပြားသော လူမျိုးစုများအနေနှင့် တစ်ဦးနှင်တဦး စည်းလုံးညီညွတ်မှုအပိုင်းတွင် အားနည်းနေခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရပေသည်။

လူမျိုးစုများကွဲပြားခြင်းနှင့် အချင်းချင်း အားပြိုင်ခြင်းတို့သည် မြန်မာနိုင်ငံမျိုးကဲ့သို့သော နိုင်ငံမျိုးအတွက် အမျိုးသားညီညွတ်ရေးကို ထိခိုက်စေနိုင်သည်အထိ ဆိုးရွားသောပြဿနာများကို ဖန်တီးပေးနိုင်ပါသည်။

လူမျိုးပေါင်းစုံနေထိုင်ကြသော နိုင်ငံတခု၏ အမျိုးသားညီညွတ်မှုအတွက် အခိုင်မာဆုံးသော အခြေခံတရပ်မှာ လူမျိုးစုများအားလုံးသည် သာတူညီမျှဆက်ဆံပိုင်ခွင့်နှင့် တူညီသော လေးစားမှုကို ခံယူရရှိထိုက်သည်ဟူသောအချက်နှင့် လူမျိုးစုများအကြား ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုနှင့် အခြားသော ခြားနားချက်များသည် အကျိုးမဲ့ဖြစ်ရပ်မဟုတ်ဘဲ ကောင်းမွန်သောဖြစ်ရပ်သာဖြစ်သည် ဆိုသည့်အချက်ကို မှန်ကန်စွာ နှလုံးသွင်းတတ်ဖို့လိုပါသည်။

မတူကွဲပြားသော လူမျိုးစုများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်း၊ လူမျိုးစု အချင်းချင်းကြား ဖြစ်ပွားသော ပဋိပက္ခတို့ကို လျှော့ပါးစေခြင်း စသည့်နည်းလမ်းတို့ဖြင့် ရှိခြင်းအားဖြင့် အချို့သော လူမျိုးပေါင်းစုံ စုပေါင်းနိုင်ငံများတွင် အောင်မြင်မှုရရှိနေသည်ကိုလည်း တွေ့နိုင်ပါသည်။

လူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံတော်တခုတွင် ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို မြှင့်တင်နိုင်မည့်နည်းလမ်းများကို နားလည်သဘောပေါက်စေရန်အတွက် အမျိုးသားရေးဝါဒအကြောင်းကို ကွဲကွဲပြားပြား သိသင့်ပေသည်။

လူမျိုးစုအမျိုးသားရေးဝါဒဆိုသည်မှာ အမျိုးသားလူ့အဖွဲ့အစည်းအတွင်း နေထိုင်ကြသူတို့သည် တူညီသောဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်း၊ ကိုးကွယ်ယုံကြည်မှု စသည်တို့ကိုပိုင်ဆိုင်ကြသည်ဆိုသော အချက်အပေါ် အခြေစိုက်ထားသော ဝါဒဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် လူမျိုးရေးအရ လိုက်လျောညီထွေမှုရှိခြင်းနှင့် ကွဲပြားခြားနားမှုမရှိခြင်း အပေါ်မူတည်သည်။

**နိုင်ငံသားအမျိုးသားရေးဝါဒဆိုသည်မှာ** များပြားစုံလင်သော လူမျိုးစုတို့သည် အမျိုး သားရေး လူ့အဖွဲ့အစည်းတခုအတွင်း အတူအကွ နေထိုင်ကြပြီးလျှင် လူမျိုးစုများကြား ကွဲပြားခြားနားသော ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုနှင့် နိုင်ငံရေးယုံကြည် ချက်များ တည်ရှိနေခြင်းကို လေးစားလက်ခံသော ဝါဒ ဖြစ်သည်။ လူမျိုးရေးအရ ကွဲပြားခြား နားစေကာမူ အမျိုးသားရေးကိစ္စရပ်များတွင် ပါဝင်ပတ်သက်နေသူမှန်သမျှကို နိုင်ငံသားများ အဖြစ် သတ်မှတ်ကြသည်။ လူ့အဖွဲ့အစည်း၏ညီညွတ်မှုကို ထိန်းသိမ်းမြှင့်တင်ရာ၌ လူမျိုးရေး အရမဟုတ်ဘဲ နိုင်ငံသားလူ့အဖွဲ့အစည်းတွင်ပါဝင်သည့် နိုင်ငံသားများ၏ အကျိုးတူကိစ္စ များကို ဖော်ညွှန်းခြင်းအားဖြင့်သာ ထိန်းသိမ်းမြှင့်တင်လေ့ရှိကြသည်။

လူမျိုးစုအမျိုးသားရေးဝါဒသည် ဂျပန်နှင့်တောင်ကိုရီးယားကဲ့သို့ လူမျိုးရေးကွဲပြားမှု နည်းပါးလွန်းသည့် နိုင်ငံများအတွက် သင့်တော်ဖွယ်ရာရှိပါသည်။ ဂျပန်နိုင်ငံရှိ ကိုရီးယားလူမျိုး များကဲ့သို့ အရေအတွက် အလွန်နည်းပါးသည့် လူနည်းစု၊ လူမျိုးကွဲများအနေနှင့် အခက်အခဲ များကို ကြုံတွေ့ခံစားဖွယ်ရှိပါသည်။

ဤကဲ့သို့သော လူမျိုးစုအမျိုးသားရေးဝါဒသည် လူမျိုးပေါင်းစုံပါဝင်သည့် မြန်မာနိုင်ငံနှင့် မအပ်စပ်ပါ။

မြန်မာ့သမိုင်းတွင် ဝမ်းနည်းဖွယ်ကောင်းသော ဖြစ်ရပ်တခုမှာ ၁၉၄၈ ခုနှစ် လွတ်လပ် ရေးခေတ် နောက်ပိုင်းကာလ၊ အထူးသဖြင့် ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းပိုက်ပြီး နောက် ပိုင်းတွင် အစိုးရအဆက်ဆက်တို့က မြန်မာ့အမျိုးသားရေးဝါဒကို အဓိပ္ပါယ်ဖွင့်ဆိုကြရာ၌ လူများစုမြန်မာနိုင်ငံ၏ ဝိသေသကိုသာ အဓိကထား၍ အဓိပ္ပါယ်ဖွင့်ဆိုခဲ့ကြသဖြင့် အခြား သော လူနည်းစု လူမျိုးစုများအား နိုင်ငံရေးလူ့အဖွဲ့အစည်း၏ အစွန်းဖက်သို့ တွန်းပို့လိုက် သကဲ့သို့ ဖြစ်သွားခဲ့သည်။

သို့ပါ၍ ဒီမိုကရေစီစနစ်ကို ကျင့်သုံးမည့် အနာဂါတ်မြန်မာနိုင်ငံတွင်မူ လူမျိုးစုအားလုံး တန်းတူညီမျှ အတူတကွ ပါဝင်နိုင်ကြစေရန် နိုင်ငံသား အမျိုးသားရေးအယူအဆ ထွန်းကား လာစေရေးအတွက် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သင့်ပေသည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာ နိုင်ငံရေးအားဖြင့် အလွန့်အလွန် မတည်ငြိမ် သောအပိုင်းသို့ ရောက်ရှိလာခဲ့သကဲ့သို့ အရေးကြီးသောအခြေအနေသို့ ရောက်ရှိနေကြောင်း တဦးချင်း ပြည်သူတို့ကိုယ်တိုင် သိရှိကြရမည့်အပြင် ပြည်သူလူထုတရပ်လုံးအနေဖြင့်လည်း သိရှိသင့်ပေသည်။ တဦးချင်းအနေနှင့် မိမိကိုယ်တိုင် မိမိတိုင်းပြည်၏ အခြေအနေအမှန်ကို သိရှိထားပြီးပါကလည်း မိမိနှင့်နီးစပ်ရာ ပတ်ဝန်းကျင်မှတဆင့် အားလုံးသော ပြည်သူလူထုပါ သိစေရန် စည်းရုံးပြောကြားရမည်ဖြစ်ပေသည်။

နအဖ အစိုးရ၏ လိမ်လည်ကောက်ကျစ်သော၊ နည်းလမ်းစည်းကမ်းမကျသော၊ ဖြောင့် မတ်မှန်ကန်ခြင်းမရှိသော ပြည်သူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို အတိုက်အခံ ပါတီများ၊ တိုင်းရင်းသားလူမျိုးစုများ၏ ခေါင်းဆောင်များ ပြည်သူလူထုတရပ်လုံး၏ဆန္ဒ သဘောတူညီချက်မပါရှိပဲ တဘက်သတ် ရေးဆွဲထားပြီး ပြည်သူလူထုအား အတင်းအဓမ္မ ဆန္ဒခံယူပွဲပြုလုပ်၍ ထောက်ခံခိုင်းပြီး အတည်ပြုတော့မည်ဖြစ်ပေသည်။

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ၎င်းတို့စိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့ စည်းပုံ အခြေခံဥပဒေအား ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်၍ မေလ အတွင်း အတည်ပြုတော့မည် ဖြစ်ကြောင်းနှင့် ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲကြီး ပြုလုပ်မည်ဖြစ်ကြောင်း တရားဝင်ကြေညာ

ခဲ့ပြီးဖြစ်ပါသည်။ ဤကဲ့သို့မြန်မာနိုင်ငံ၏ အရေးကြီးအခြေအနေအချိန် အခါတွင် ရွေးကောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ပြည်သူလူထုတရပ်လုံး သိသင့်သိထိုက်သော အကြောင်းအရာများကို လူထုတရပ်လုံး သိထားစေရန်အတွက် အကြံပြုတင်ပြလိုပါသည်။

အဓိကသိသင့်သိထိုက်သောအချက်မှာ ပြည်သူလူထုတရပ်လုံးသည် နိုင်ငံသားတဦး၏ အခွင့်အရေးများကို သိသည့်လူ အလွန်မှရှားပါးလှပါသည်။ များသောအားဖြင့်အချိန်တန်၍ မဲဆန္ဒပေးလိုက်လျှင် တာဝန်ကျေပြီဟုယူဆတတ်ကြပါသည်။ အမှန်တကယ်အားဖြင့် မဲဆန္ဒပေးခြင်းသည် အရေးကြီးသည့်အလုပ်တခုဖြစ်ပါသည်။ သို့သော်လည်း မဲဆန္ဒပေးရုံသက်သက်အတွက်သာ ကိုယ့်အခွင့်အရေးကို အသုံးချတာမျိုးပဲဆိုလျှင် ငြိမ်ခံနေသောနိုင်ငံသားမျိုး ဖြစ်သွားနိုင်ပါသည်။

နိုင်ငံသားတစ်ဦး၏ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို မိမိကိုယ်တိုင် အမှန်တကယ် သိသည်ဆိုလျှင် မိမိကိုယ်တိုင်က ဦးဆောင်ပြီး၍ အပြောင်းအလဲများဖြစ်လာအောင် လုပ်နိုင်ဖို့လိုပါသည်။ တက်ကြွတဲ့နိုင်ငံသားတွေ ဖြစ်လာချင်သည်ဆိုလျှင် လွတ်လပ်စွာစုဝေးခွင့်၊ အဖွဲ့အစည်းတည်ထောင်ခွင့်တွေ ရှိရပါလိမ့်မည်။

လူ့ဘဝအစ သမိုင်းဦးဘုံမြေခေတ်ကတည်းက ရရှိပြီးဖြစ်တဲ့ မွေးရာပါ လွတ်လပ်ခွင့်များသည် ခေတ်အဆက်ဆက် ပြောင်းလဲလာသည်နှင့် ရာနှုန်းပြည့်မရခဲ့ကြသည့်အပြင် ယခုခေတ်ကာလ၌ မြန်မာနိုင်ငံ အပါအဝင် အချို့အာဏာရှင်အစိုးရ အုပ်ချုပ်သောနိုင်ငံများတွင် ပျက်သုန်းပျောက်ကွယ်လုနီးပြီဖြစ်ခဲ့ရပေသည်။ ဤကဲ့သို့သော လွတ်လပ်မှုမျိုးရရှိဖို့အတွက် လွန်ခဲ့သောနှစ် ၂၀၀ အတွင်း နိုင်ငံများစွာမှ တိုက်ပွဲဝင်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

အချို့နိုင်ငံများတွင်မှာ အာဏာရှင်အစိုးရများတက်လာပြီဆိုပါက နိုင်ငံသားများ၏ လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ စည်းရုံးခွင့်၊ လုပ်ရှားပိုင်ခွင့်များကို ပထမဦးဆုံး ဖယ်ရှားလိုက်သည်ချည်းပဲဖြစ်ပါသည်။

လူထုအဓိကလူ့အဖွဲ့အစည်း ဘာသာရပ်ကနေ ချည်းကပ်လေ့လာကြည့်မယ်ဆိုလျှင် နိုင်ငံရေးရည်ရွယ်ချက်အရလည်းကောင်း၊ စီးပွားရေးဦးတည်ချက်အရလည်းကောင်း၊ အုပ်စုများ အသင်းအဖွဲ့များ တည်ထောင်ရဖို့ကိစ္စ အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် လူတဦးတယောက်တည်း လုပ်ကိုင်လှုပ်ရှားပါက သိပ်ပြီးအရာမရောက်နိုင်ပါ။ ထို့ကြောင့် နိုင်ငံသားတဦးသည် သူ၏အယူအဆတရပ်ကို အကောင်အထည်ဖော်လိုပါက ယင်းအယူအဆကို အများလက်ခံလာအောင် စည်းရုံးရေးဆင်းရပါသည်။ သူနှင့် သဘောထားတူသူတွေကို ရှာရပါမည်။ ဤကဲ့သို့သောနည်းဖြင့် အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ပရဟိတအဖွဲ့အစည်းများ ပေါ်ပေါက်လာပြီး နိုင်ငံသားများရဲ့ လိုအင်ဆန္ဒများကို ဖော်ထုတ်နိုင်ကြပါသည်။

လွတ်လပ်စွာ စည်းရုံးလုပ်ရှားနိုင်ခွင့်ထဲတွင် လူတန်းစားအလွှာအသီးသီးများဖြစ်သော အခြေခံကျသည့် ကျောင်းသူကျောင်းသားများပါမကျန် အလုပ်သမားသမဂ္ဂ၊ တောင်သူလယ်သမားသမဂ္ဂ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံအဖွဲ့အစည်းများ၊ ရှေ့နေသမဂ္ဂ၊ ဆရာဝန်သမဂ္ဂ စသည်များ တည်ထောင်ခွင့်လည်း ပါဝင်သည်။

နိုင်ငံသားများစည်းစည်းရုံးရုံးနှင့် ၎င်းတို့ရပိုင်ခွင့်များကို တောင်းဆိုလာမည်ကို အာဏာရှင်စစ်အစိုးရများအနေဖြင့် အလွန်မှ ကြောက်လန့်စိုးရိမ်ကြရသည့်အတွက် လွတ်လပ်စွာ အဖွဲ့အစည်းများ တည်ထောင်နိုင်ခွင့်ကို ဥပဒေဖြင့် လက်တလုံးခြားလုပ်ကာ နည်းလမ်းမျိုး

စုံဖြင့် ထုတ်ပြန်၍ ပိတ်ပင်တားမြစ်တတ်ကြပါသည်။ လက်တွေ့အားဖြင့် မြန်မာနိုင်ငံတွင် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ဒီမိုကရေစီနည်းဖြင့် အနိုင်ရရှိထားသော NLD ပါတီနှင့် အခြားပါတီများအား ပိတ်ပင်ခဲ့ပြီး စစ်အစိုးရအနေဖြင့် နိုင်ငံသားများ ထောက်ခံခဲ့သော နိုင်ငံရေးပါတီများကို ဖိနှိပ်ဖြိုခွင်းမှုများ ပြုလုပ်ခဲ့သည်ကို သာဓကအရ လက်ရှိမြန်မာနိုင်ငံအခြေအနေမှာပင် တွေ့ရှိနိုင်ပါသည်။

အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများရှိ တချို့နိုင်ငံများတွင်လည်း စစ်တပ်မှ နိုင်ငံရေးတွင် မကြာခဏ ဝင်ရောက်စွက်ဖက်လွန်းလို့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးလို့မရသည့် သာဓကများ လက်တွေ့ကျကျ ရှိခဲ့သည်ကို လေ့လာနိုင်ပါသည်။

လက်ရှိ မြန်မာနိုင်ငံတွင် စစ်အစိုးရအနေနှင့် ပြည်သူလူထုထောက်ခံမှုမရဘဲ အနိုင်ရအတိုက်ခံပါတီများထံမှ လက်နက်ဖြင့် အနိုင်လုယူကာ တဘက်သတ် အာဏာကို ချုပ်ကိုင်ထားပြီး မိမိနှင့် အယူအဆချင်းမတူသော နိုင်ငံသားများကို တရားဝင်အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်မပေးသည့်အပြင် တချို့အတိုက်အခံအဖွဲ့အစည်းများကိုလည်း လူမြင်ကောင်းအောင် ဖွဲ့စည်းခွင့်ပေးသော်လည်း အတိုက်အခံအဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးအာဏာရယူမည့် အခြေအနေတွေ ပေါ်လာနိုင်သည်ဟု ယူဆလာလျှင် အတင်းအကြပ် နှိပ်ကွပ်ဖမ်းစီး အကျဉ်းထောင်ကျခြင်းများ ပြုလုပ်ခဲ့ပါသည်။

၂၀၀၈ ခုနှစ်၊ စက်တင်ဘာ အတွင်း မြန်မာနိုင်ငံ၌ လောင်စာဆီဈေးနှုန်းများတက်ခြင်း၊ လျှပ်စစ်မီးမလာ၍ ရေအခက်အခဲများကြုံရခြင်း၊ ကုန်ဈေးနှုန်းများတက်ခြင်းကြောင့် စားဝတ်နေရေး ကြပ်တည်းလာ၍ ပြည်သူလူထုမှ စစ်အစိုးရအား အထက်ဖော်ပြပါ အခက်အခဲများကို ဖြေရှင်းပေးဖို့ ထုတ်ဖော်ပြပြီး တောင်းဆိုရာမှ သီးခြားလွတ်လပ်တဲ့ အင်အားစုတခုဖြစ်သော ရဟန်းသံဃာ အဖွဲ့အစည်းများပါ ပြည်သူများဘက်မှာပါဝင်ကာ မေတ္တာပို့ ဆုတောင်းမှုများပြုလုပ်ရင်း ပါဝင်ပတ်သက်လာခဲ့ကြပါသည်။

စစ်အာဏာရှင်လူနည်းစု အုပ်စုတစုအနေနှင့် ၎င်းတို့၏ ဩဇာခံအဖွဲ့အစည်းများမှလွဲ၍ ကျန်အဖွဲ့အစည်းအားလုံးကို အန္တရာယ်ဟုပင် ယူဆကြပါသည်။ ဆရာတော်၊ သံဃာတော်များကိုလည်း မေတ္တာပို့ဆုတောင်းပေးရုံလောက်ဖြင့် စစ်အာဏာရှင်များအနေနှင့် အေးချမ်းစွာ ညှိနှိုင်းရမည့်အစား ရက်စက်စွာ နှိပ်စက်ညှင်းပမ်း သတ်ဖြတ်မှုများ၊ အကြမ်းဖက်ဖမ်းဆီးထောင်ချမှုများ ပြုလုပ်ခဲ့ပါသည်။ အကြမ်းဖက်သတ်ဖြတ်မှုများ ပြုလုပ်ရုံတွင်မက စက်တင်ဘာ အရေးတော်ပုံကြီး ဖြစ်ပြီးသည့်နောက်ပိုင်းတွင်လည်းဘဲ ဦးဆောင်သူများဟု ယူဆသည့် သံဃာတော်ရဟန်းရှင်လူများနှင့် ကျောင်းသားကျောင်းသူများကိုလည်း ဖမ်းဆီး၍ ပုဒ်မကြီးများတပ်ကာ ဥပဒေမဲ့ တရားစီရင်မှုများ ပြုလုပ်ပြီး နှစ်ရှည်ထောင်ဒဏ်များ ချမှတ်၍ ထောင်သွင်းအကျဉ်းချခဲ့ပေသည်။

အဓိကအချုပ်အားဖြင့် ရေးသားဖော်ပြလိုသည်မှာ ၂၀၀၈ ခုနှစ်၊ မေလတွင် စစ်အာဏာရှင်များအနေဖြင့် တိုင်းရင်းသားအင်အားစုများ၊ NLD အပါအဝင် ဒီမိုကရေစီအင်အားစုများ၊ ပြည်သူလူထုတရပ်လုံး၏ဆန္ဒများ မပါဝင်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်အား မကြာတော့မည့်အချိန် ၂၀၀၈ ခုနှစ်၊ မေလတွင် အတင်းအကြပ် လူထုထောက်ခံပွဲလုပ်၍ အတည်ပြု ပြဌာန်းတော့မည်ဖြစ်ပါသည်။ ဤကဲ့သို့ မိမိလည်းပင်း ကြိုးကွင်းစွပ်မည့် နအဖ စစ်အစိုးရ၏ တဖက်သတ် ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော အလုပ်သမား၊ တောင်သူလယ်သမား၊ ကျောင်းသူကျောင်းသားများနှင့် တိုင်း

ရင်းသား လူမျိုးစုများပါမကျန် အလွှာအသီးသီးမှ မြန်မာပြည်သူလူထုတရပ်လုံးက လက်ရှိ နိုင်ငံရေးအခြေအနေအရ လူမျိုးရေးဝါဒ၊ အတ္တစွဲများ၊ အာဂါတတရားများကို မထားတော့ပဲ တဦးနှင့်တဦး ခဝါချ၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့နှင့် ဆန့်ကျင်ကန့်ကွက်သင့်ကြောင်း တိုက်တွန်းသတိပေးရပေသည်။ နှစ်ပေါင်း ၄၅ နှစ်ကျော် ဒုက္ခဆင်းရဲပေါင်းစုံကို ခံစားခဲ့ရသည့်အပြင် လူတန်းစားအလွှာအသီးသီးမှ အသက်ပေါင်းများစွာ ကို စတေးခံခဲ့ရသော နအဖ စစ်အာဏာရှင် အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ရေးအတွက် ယခု ၂၀၀၈ ခုနှစ်၊ မေလတွင်ကျင်းပမည့် နအဖ စစ်ပိုလ်တစုမှ ကိုယ်တိုင် စိတ်ကြိုက်ရေးဆွဲ ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို မိမိတို့၏ဘဝ သေရေးရှင်ရေးကိစ္စအဖြစ် မိမိတို့ကိုယ် တိုင် သဘောပေါက်နားလည်ကြလျက် မိမိတို့၏ နောက်ဆုံးရရှိသည့် အခွင့်အရေးတရပ် အနေဖြင့် တန်ဖိုးရှိရှိ အသုံးချ၍ ကန့်ကွက်မဲပေးကြပါရန် ရေးသားဖော်ပြလိုက်ရပါသည်။

## စာစောင်မှာယူခြင်း

သို့

ဖြန့်ချိရေးတာဝန်ခံ

အခြေခံဥပဒေရေးရာစာစောင်

မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန်မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်

အမည် – _______________

ရက်စွဲ – _______________

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြပေးရန် ပန်ကြားအပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)

__________________________

စာစောင်မှာယူသည့်ရည်ရွယ်ချက်၊

__________________________

မှာယူလိုသည့်စာအုပ်အရေအတွက် ( _____)အုပ်။

ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက –

အမှတ်စဉ် (____ )၊ အုပ်ရေ (____ ) အုပ်။

စာအုပ်ပေးပို့ရမည့်လိပ်စာ

_________________

_________________________

ဤအမှာစာကို

Burma Lawyers' Council, P.O Box-144, Mae Sot, Tak, Thailand, 63110 သို့ပေးပို့ရန်။

ဤနေရာမှ ဖြတ်ပါ။

ဤစာရွက်ကို ဖြတ်၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ရန်။